ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်၊ သောကြာနေ့၊ (1-6-2012)(၇၃၇၈)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်

နေပြည်တော်　ဇွန်　၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

မိမိတို့၏ လူနေမှုဘဝတိုးတက်ရန် မိမိတို့ကိုယ်တိုင် ထက်ထက်သန်သန်ကြိုးပမ်းစွမ်းဆောင် အစုအဖွဲ့များဖွဲ့စည်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အားသွန်ခွန်စိုက်ဆောင်ရွက်

နေပြည်တော်　မေ　၃၁

ကျေးလက်ပြည်သူများနှင့် မြို့ပြပြည်သူများသည် မိမိတို့၏ လူနေမှုဘဝတိုးတက်ရန် မိမိတို့ကိုယ်တိုင်က ထက်ထက်သန်သန် တက်တက်ကြွကြွ ကြိုးပမ်းစွမ်းဆောင်ကြမှသာ ဆင်းရဲမှုမှလွတ်ကင်းနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဝိုင်းဝန်းအကောင်အထည်ဖော် ကူညီထောက်ပံ့နေချိန်တွင် ပြည်သူများက မိမိတို့နှင့်ပူးပေါင်းကာ အစုအဖွဲ့များဖွဲ့စည်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာအုပ်စု အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ မကျီးပင်ကျေးရွာ အုပ်စုနှင့် ဥသျှစ်ကုန်းကျေးရွာအုပ်စုတို့မှ ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊

စာမျက်နှာ ၃ ကော်လံ ၃ သို့ ☆

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ရှင်းလင်းပြောကြား

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် နေပြည်တော် တပ်ကုန်းမြို့နယ် ကျေးရွာအုပ်စုမှ ရွာသူရွာသားများအား ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာ့ရှေးဟောင်းအဆောက်အအုံများအား မွမ်းမံထိန်းသိမ်းပြီး နှစ်ရှည်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်ရန် လာရောက်ဆွေးနွေး

နေပြည်တော်　မေ　၃၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား စင်ကာပူနိုင်ငံ Pacific Prince International Pte., Ltd. မှ Managing Director, Mr. William Hl Lau နှင့် အဖွဲ့ဝင်နှစ်ဦးတို့သည် မေ ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး**(အောက်ပုံ)** မြန်မာနိုင်ငံရှိ ရှေးဟောင်းအဆောက်အအုံများအား နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ မွမ်းမံထိန်းသိမ်းပြီး နှစ်ရှည်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်ရန်၊ စင်ကာပူနိုင်ငံ၏ နည်းပညာနှင့် အတွေ့အကြုံများကို ဖလှယ်ပေးနိုင်ရန်နှင့် အင်ဂျင်နီယာများအား စွမ်းရည်မြှင့်တင်ရေးသင်တန်းများစီစဉ်ပေးရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးစိုးတင့်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။　(သတင်းစဉ်)

အင်တာနက်အာကာသသိပ္ပံသတင်း

သောကြာဂြိုဟ်၏ ဝင်ရိုးစွန်းဂြိုဟ်ပတ်လမ်းအတွင်း Venus Express အာကာသယာဉ် ပျံသန်းလျက်ရှိသည်ကို သရုပ်ဖော်ရေးဆွဲထားစဉ်။

နေနှင့် ကမ္ဘာကြားမှ သောကြာဂြိုဟ် ဖြတ်သန်းမည်

ဝါရှင်တန်　မေ　၃၁

သောကြာဂြိုဟ်သည် ဇွန် ၅ ရက်မှ ၆ ရက်အထိဖြစ်သော ကာလအတွင်း နေနှင့်ကမ္ဘာကြားမှ ဖြတ်သန်းသွားမည်ဖြစ်ကြောင်း၊ ယင်းမှာ ထူးခြားဖြစ်စဉ်တစ်ရပ်ဖြစ်ပြီး ယင်းသို့သော ဖြစ်စဉ်မျိုးကို နောက်နှစ် ၁၀၀ ကျော်ကာလအတွင်း တွေ့မြင်ခွင့်ရရှိနိုင်မည်မဟုတ်ကြောင်း ဥရောပနက္ခတ္တဗေဒပညာရှင်များက မေ ၃၀ ရက်တွင် ပြောကြားကြသည်။

ဥရောပအာကာသအေဂျင်စီ၏ Venus Express ဟု အမည်ပေးထားသော အာကာသယာဉ်သည် သောကြာဂြိုဟ်ကို လှည့်ပတ်ပျံသန်းလျက်ရှိသည်။

Venus Express အာကာသယာဉ်သည် ဥရောပအာကာသအေဂျင်စီ၏ ပထမဆုံးသော သောကြာဂြိုဟ်လေ့လာရေးအာကာသယာဉ်ဖြစ်သည်။ ၂၀၀၅ ခုနှစ် နိုဝင်ဘာလတွင် ယင်းအာကာသယာဉ်ကို လွှတ်တင်ခဲ့ပြီး ၂၀၀၆ ခုနှစ် ဧပြီလတွင် သောကြာဂြိုဟ်သို့ ယင်းအာကာသယာဉ် ရောက်ရှိခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

ကြေးမုံ စာ တည်း ရှု ထောင့်

၁-၆-၂၀၁၂[သောကြာနေ့]။

လိုအင်ဆန္ဒ အဓိက

မြန်မာနိုင်ငံတွင် ကိုယ်ပိုင်ကျောင်းဥပဒေ ပြဋ္ဌာန်းပြီးနောက် မကြာသေးမီကာလက ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်လိုသူများနှင့် ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လုပ်ကိုင်လိုသူများအား တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးများသို့ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ကြောင်း သိရှိရသည်။

ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်ခြင်းကို မြန်မာနိုင်ငံ၌လွတ်လပ်ရေးရပြီး ပထမ အနှစ် ၂၀ ကာလအတွင်းက တည်ထောင်ဖွင့်လှစ်ခဲ့ကြပြီး ဒုတိယ အနှစ် ၂၀ ကျော်ကာလတွင် လုံးဝပျောက်ကွယ်ခဲ့ရသည်။ ထိုမှ တိုးတိုးတိတ်တိတ်ကျူရှင်ဝိုင်းလေးများ၊ တရားဝင်မှတ်ပုံတင် ကျူရှင်ကျောင်းများကိုဖွင့်လှစ်တည်ထောင်ပြီး ကျောင်းသားကျောင်းသူများ မိမိပညာတိုးတက်ရေးအတွက် ငွေကုန်ကြေးကျခံကာ တက်ရောက်ခဲ့ကြသည်။

တတိယ အနှစ် ၂၀ ကျော်ကာလတွင်ကျူရှင်ကိုသာ အားကိုးခဲ့ကြသည်။ ထိုစဉ်က ကျောင်းသားကျောင်းသူများမှာ ကျောင်းချိန်ပြင်ပတွင် ကျူရှင်သို့အရောက်သွား ပညာကိုဆက်လက်ဆည်းပူးကြသည်။ ကျူရှင်ပြဆရာများမှာလည်း အသင်အပြကောင်းကြပါ၏။ ကျောင်းတွင်သင်ကြားမှု အပျင်းထူသလောက် ကျူရှင်တွင်တဝါးဝါးဖြင့် စိတ်ပါဝင်စားစွာသင်ကြ၏။ ထိရောက်မှုရှိသဖြင့် စာတော်၊ အတန်းအောင်သူများ များကြပါသည်။ ကျောင်းသင်ဆရာများလည်း ကျူရှင်ဆရာလိုဖြစ်လိုလှသည်။

တစ်ချိန်က ကျောင်းသင်ဆရာကြီး ဆရာမကြီးများနှင့်ကြုံခဲ့သည်။ ဆရာကြီး ဆရာမကြီးများ၏ မေတ္တာ စေတနာများမှာ ဆပ်လို့ပင်မကုန်၊ ယနေ့ရှိုး ဦးချကန်တော့နေကြသော အာစရိယပူဇော ဆရာကြီး ဆရာမကြီးများဖြစ်ပါသည်။ ထိုဆရာများ၏ သင်ကြားပြသမှုမှာ ကျူရှင်ကိုအားကိုးစရာမလိုလောက်အောင်ပင် အသင်အပြကောင်းကြသည်။ ထိုဆရာကြီးများလက်ထွက်များသည် ယနေ့ လူချွန်လူမွန် အရေးပါအရာရောက်သူများ ဖြစ်နေကြပါသည်။

ယနေ့ကျောင်းသင်ပညာနှင့် မပြည့်စုံသေးဟုယူဆသဖြင့် မိဘများက ကလေးငယ်များကို သူငယ်တန်းမှစ၍ အထက်တန်းအထိ ကျူရှင်ယူစေကြသည်။ ကျူရှင်ခန်းကျဉ်းကျဉ်း၊ ခုံသေးသေးလေးဝယ် ကျောင်းသားများမှာ မွန်းကျပ်ရမှန်းမသိ၊ ပညာကိုမရအရယူကြရသည်။ ယခုပညာရေးစနစ် တစ်ခေတ်ဆန်းသစ်လာပြန်၍ ကိုယ်ပိုင်ကျောင်းများ အလျှိုလျှိုပေါ်ပေါက်ကြတော့မည်။ အတွေ့အကြုံရှိသော သင်ဆရာများမှာ သင်ကြားမှုအတွက် ပြင်ဆင်နေကြသည်။ ကျောင်းအင်္ဂါရပ်နှင့်အညီ တည်ဆောက်မှုလည်းပြင်ဆင်ကြရသည်။

ထိုအခါ ငွေကြေးတတ်နိုင်သူများက ကိုယ်ပိုင်ကျောင်းကိုပင် အားကိုးမည်လား၊ ငွေကြေးမတတ်နိုင်သူများက အစိုးရကျောင်းကိုပင် အားကိုးမည်လားဟူ၍ ကျောင်းသားအတန်းအစားနှစ်ရပ် ခွဲခြားမြင်မိသည်။ အမှန်တွင် အစိုးရကျောင်းဖြစ်စေ၊ ကိုယ်ပိုင်ကျောင်းဖြစ်စေ ကျောင်းသားများသာ ပဓာနကျသည်။ ဆရာများကသာ အသင်အပြကောင်းလျှင် မည်သည့်ကျောင်းတက်တက် အတန်းအောင်မည်သာဖြစ်သည်။

အချို့အစိုးရကျောင်းများမှာ သင်ပြမှုကောင်းသည့် ဂုဏ်သတင်းမွှေးသဖြင့် ကျောင်းသားများလက်မလွှတ်နိုင်ဘဲ မရမကတက်ကြရသည်။ ယခုကဲ့သို့ ကိုယ်ပိုင်ကျောင်းစနစ်ပေါ်ထွက်လာသည်မှာ ကောင်းသောယှဉ်ပြိုင်မှုကိုဖြစ်စေမည့် စနစ်သစ်ဖြစ်လာမည်ဖြစ်သည်။ အတွေ့အကြုံအရ ဟိုကျောင်းပြောင်း၊ ဒီကျောင်းပြောင်းတော့ မဖြစ်ဖို့လိုမည်။

ဆရာသင်ပြမှုသည် ပညာတတ်မြောက်ရန်အတွက် အထောက်အကူမျှသာဖြစ်သည်။ ဆရာသည် ဘာသာရပ်၏အခြေခံအားလုံးကို စုံစေ့အောင်သင်ပြရန်အချိန်မရှိချေ။

ထူးချွန်ထက်မြက်မှုဆိုသည်မှာ မိမိလိုအင်ဆန္ဒပြင်းပြမှုကို အခြေခံသည်။ ဆရာကသင်ခန်းစာများကို ရှင်းပြပေးရုံနှင့်မပြီး။ သင်ကြားပေးမှုများကိုဖတ်ရင်းမှတ်ရင်း မကြာခဏ အသိဉာဏ်နှင့်ထိတွေ့ပေးမှသာလျှင် ကောင်းစွာတတ်ကျွမ်းနားလည်သည့် ဘာသာရပ်များကို ရရှိလာမည်ဖြစ်သည်။ ထို့ကြောင့် မည်သည့်ကျောင်းသို့တက်တက် မိမိတို့၏ပင်ကိုဗီဇနှင့်လိုချင်တပ်မက်မှုဆန္ဒများကသာ ထူးချွန်မှုကို ဆွတ်ခူးရယူနိုင်မည်ဖြစ်ပါသည်။ ။

နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနား လွိုင်ကော်မြို့၌ကျင်းပ

နေပြည်တော် မေ ၃၁

ကယားပြည်နယ် ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီခွဲတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ **(ယာပုံ)** ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက အမှာစကားပြောကြားပြီး ပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝိကောက ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ကဏ္ဍအလိုက် ပြည်နယ်အဆင့်ဌာနဆိုင်ရာများအား စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ငါးမွေးမြူသူများအတွက် ဖွဲ့နုဈေး မကြာခင်မြင့်တက်လာနိုင်ဟုဆို

ရန်ကုန် မေ ၃၁

ငါးမွေးမြူသူများအနေဖြင့် ငါးစာအတွက် အဓိကသုံးစွဲရသောဖွဲ့နုမှာ ယခုအခါဈေးနှုန်းအခြေအနေ သင့်တင့်သော်လည်း မကြာမီ မြင့်တက်ရန်အလားအလာများ ရှိနေကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ မေ ၂၉ ရက်တွင် ကျင်းပသည့် သားငါးကဏ္ဍဆိုင်ရာလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲအခမ်းအနားမှ သိရသည်။

“ဖွဲ့နုဈေးက အရမ်းမတက်ဘူး၊ အခု ငါးမွေးတဲ့သူတွေအနေနဲ့ အစာဈေးနဲ့ ဆိုရင်မရှုံးနိုင်ဘူး၊ အမြတ်လည်းအရမ်းရမှာမဟုတ်ဘူး၊ ခပ်ပါးပါးလေးပဲဖြစ်မယ်၊ အဲဒါကိုကိုက်တယ်ဆိုပြီး လူစုံတက်စုံမွေးလာကြရင် ဖွဲ့နုဈေးမြင့်လာချိန်မှာ အခက်အခဲကြုံနိုင်တယ်”ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

၂၀၁၁ ခုနှစ်တွင် မိုးစပါးရာသီ၌ တောင်သူများရှုံးကြခြင်းကြောင့် နွေစပါးစိုက်ပျိုးမှုမှာလျော့သွားပြီး ယင်းကဲ့သို့ လျော့နည်းသွားမှုက ဖွဲ့နုထွက်ရှိမှုပေါ်တွင် သက်ရောက်ကာ ဖွဲ့နုဈေးများ နောက်ပိုင်းတွင်မြင့်တက်လာနိုင်ရန် အခြေအနေရှိလာနိုင်သည်ဟု ၎င်းက သုံးသပ်သည်။

လတ်တလောတွင် ပဲဖတ်ဈေးမှာလည်း ရှိသင့်သည်ထက်မြင့်နေပြီး ပြည်တွင်းမွေးမြူရေးလုပ်ငန်းများမှ သိသာစွာဝယ်လိုအားမရှိဘဲ ထူးခြားစွာဈေးမြင့်နေကြောင်း၊ သာမန်ဈေးနှုန်းမြင့်မားတတ်သည့်ကာလလည်းမဟုတ်ဘဲ ဈေးမြင့်နေခြင်းများဖြစ်ပြီး ဆီကြိတ်သည့် လုပ်ငန်းရှင်များအနေဖြင့်လည်း ဝယ်ယူရနိုင်ခြင်းမရှိသည့် ယခုအခြေအနေတွင် မြေပဲဆန်များ နယ်စပ်ထွက်ပေါက်မှ တစ်ဆင့် အိမ်နီးချင်းနိုင်ငံသို့ တရားမဝင်သွားနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ (၆၈၀)

ယဉ်ကျေးလိမ္မာသင်တန်းအောင်ပွဲကျင်းပ

ရန်ကုန် မေ ၃၁

မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း၏ ရန်ကုန် အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် သာသနာနုဂ္ဂဟအသင်း ယဉ်ကျေးလိမ္မာ သင်တန်းအောင်ပွဲကို မေ ၂၇ ရက် နံနက် ၈ နာရီတွင် ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံနယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓ ဘာသာ သာသနာနုဂ္ဂဟ အသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။**(အောက်ဝဲပုံ)** ဆက်လက်၍ မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟ အသင်း ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ယဉ်ကျေးလိမ္မာသင်တန်းမှ ထူးချွန်စွာ အောင်မြင်ကြသူများ၊ သင်တန်းနည်းပြများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းသည် ၂၀၁၁ ခုနှစ် မေလမှ ၂၀၁၂ ခုနှစ် မေလအထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နေရာ ၁၁၅ နေရာတွင် ယဉ်ကျေးလိမ္မာ သင်တန်းများဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၃၀၀၀၀ ကျော် တက်ရောက်ခဲ့ပြီး နယ်မြို့များတွင်လည်း ယင်းသင်တန်းများစဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရန် စီစဉ်နေကြောင်း သိရသည်။ (ကြေးမုံ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

နေပြည်တော် မေ ၃၁

နေပြည်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေး စီမံချက်အရ မေ ၂၉ ရက် မွန်းတည့်၁၂ နာရီတွင် ပဲခူးတိုင်းဒေသကြီး အမှတ်(၁)တပ်မတော်ထောက်ပံ့နှင့် ပို့ဆောင်ရေးကျောင်း (တောင်ငူ) သင်တန်းကျောင်းခန်းမ၌ မော်တော်ယာဉ် အကြပ်ငယ်သင်တန်း အမှတ်စဉ်(၃၁/၂၀၁၂) တက်ရောက်နေသည့်အခြားအဆင့် စစ်သည်သင်တန်းသားများအားယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများဟောပြောပို့ချရာ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ယာဉ်မှုသေးစစ်ဌာန စုမှူး ရဲအုပ်ဝင်းမြင့်က မော်တော်ယာဉ်မောင်းနှင်သူများ လိုက်နာရန်စည်းကမ်းများ၊ ယာဉ်မတော်တဆမှုဖြစ်ပွားရခြင်း အကြောင်းရင်းများ၊ ယာဉ်တိုက်မှုဖြစ်စဉ်များ၊ ဒဏ်ရာရ/သေဆုံးမှုများ၊ ယာဉ်မတော်တဆမှု သရုပ်ပြအမှား/အမှန်များကို ရှင်းလင်းပြောကြားပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁-၆-၂၀၁၂ (သောကြာနေ့)

၇း၁၀	တရားတော်	**- ထောင်စုနှစ်သမီးပျို (အပိုင်း-၂၃)**
၈း၁၅	ဇာတ်လမ်းတို	- ယနေ့ရန်ကုန်မြင်ကွင်းစုံ
၄း၄၀	လျှပ်တစ်ပြက်	- သံစဉ်များနှင့်ကမ္ဘာ
၄း၅၅	အိုင်စီတီသုတ	- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၅း၀၅	သာယာသီကြွေး ခေတ်ဆန်းတေး	**- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
၅း၃၀	လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်	**- နေမင်းကဲ့သို့ ထွန်းလင်းသော (အပိုင်း-၄)**
၆း၃၀	“ရွှာ”ဟာသဇာတ်လမ်းတွဲ	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
၆း၄၅	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား	**“သမုဒယနှောင်ကြိုး” (အပိုင်း-၃၄)**
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**	

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃၁ - ၅ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၄၁. ၀၀၀	၀. ၀၀၁၂၀
ထိုင်း (ဘတ်)	၃၁. ၈၉၄၅	၀. ၀၃၁၃၅
တရုတ် (ယွမ်)	၆. ၃၆၈၆၀	၀. ၁၅၇၀၂
အိန္ဒိယ (ရူပီး)	၅၆. ၀၈၅၀	၀. ၀၁၇၈၃
မလေးရှား (ရင်းဂစ်)	၃. ၁၇၀၀၀	၀. ၃၁၅၄၈
စင်ကာပူ (ဒေါ်လာ)	၁. ၂၈၉၂၃	၀. ၇၇၅၆၆
ဂျပန် (ယန်း)	၇၈. ၄၇၂၇	၀. ၀၁၂၇၄
တောင်ကိုရီးယား(ဝမ်)	၁၁၈၀. ၉၁	၀. ၀၀၀၈၅
ယူရို	၀. ၈၀၇၆၄	၁. ၂၃၈၁၈
ဗြိတိသျှ (ပေါင်)	၀. ၆၄၇၅၉	၁. ၅၄၄၂၀

အင်တာနက်။

တရုတ်(တိုင်ပေ)မှ အလှူရှင်များက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေ အမေရိကန်ဒေါ်လာ ၄၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် တွဲဖက်အတွင်းရေးမှူး(၃) ဦးအေးမောင်သန်းတို့ လက်ခံကြစဉ်။ (သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

❍ နေနှင့် ကမ္ဘာမှ

Venus Express အာကာသယာဉ်သည် သောကြာဂြိုဟ်၏ဝင်ရိုးစွန်း ဂြိုဟ်ပတ်လမ်းအတွင်းရှိနေကာ သိပ္ပံသတင်းအချက်အလက်များကို ပုံမှန်ပေးပို့လျက်ရှိသည်။

သောကြာဂြိုဟ်သည် ဇွန် ၅ ရက်မှ ၆ ရက်အထိဖြစ်သော ကာလအတွင်း နေနှင့်ကမ္ဘာကြားမှ တိုက်ရိုက်ဖြတ်သန်းသည့်အခါ ယင်းဂြိုဟ်၏ နေမျက်နှာပြင်ကို ဖြတ်သန်းနေသော သေးငယ်သည့် အမည်းစက်တစ်ခုအဖြစ် တွေ့မြင်နိုင်မည် ဆို၏။

နေနှင့်ကမ္ဘာကြားမှ သောကြာဂြိုဟ် တိုက်ရိုက်ဖြတ်သန်းမှု နောက်ဆုံးဖြစ်စဉ်မှာ ၂၀၀၄ ခုနှစ် ဇွန်လက ပေါ်ပေါက်ခဲ့သည်။ ယင်းသို့သောဖြစ်စဉ်ကို ၂၁၁၇ ခုနှစ်အထိ နောက်ထပ်တွေ့မြင်နိုင်မည်မဟုတ်ကြောင်း ဥရောပအာကာသအေဂျင်စီက ပြောကြားသည်။

သောကြာဂြိုဟ် တိုက်ရိုက်ဖြတ်သန်းမှုဖြစ်စဉ်သည် နက္ခတ္တဗေဒပညာရှင်များအတွက် သမိုင်းတင်ရစ်မည့် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။ နက္ခတ္တဗေဒပညာရှင်များသည် နေစကြဝဠာ၏အရွယ်အစားအား တိုင်းတာနိုင်မည့် နည်းလမ်းတစ်ရပ်ကို ဖော်ထုတ်နိုင်ရန် လေ့လာသွားကြမည်ဖြစ်သည်။ ***အင်တာနက်။***

☆ ရှေ့ဖုံးမှ

ဒေသဖွံ့ဖြိုးတိုးတက်ရေးများဆောင်ရွက်ရာတွင် ကျေးလက်နေပြည်သူများ၏ တစ်ဦးချင်းဝင်ငွေတိုးတက် မြင့်မားစေရေးအတွက် သမဝါယမအသင်း၊ အစုအဖွဲ့များကို နိုင်ငံတစ်ဝန်း ဖွဲ့စည်းနိုင်ရေး ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးရွာများ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးရွာသူကျေးရွာသားများ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ယုံကြည်မှုရှိစွာဖြင့် စိတ်တူကိုယ်တူ လုပ်ငန်းတူများ စုစည်းကာ အလုပ်လုပ်ကိုင်လိုစိတ်၊ မိမိရပ်ရွာ အကျိုးကို သယ်ပိုးလိုစိတ်များဖြင့် ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း။

ကျေးရွာများ၌ အခြေခံစားသုံးသူ သမဝါယမအသင်းများ ပြန်လည်ရှင်သန်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန် သမဝါယမဝန်ကြီးဌာနမှ အရင်းမပျောက် မတည်ငွေများထုတ်ပေးကာ အခြေခံစားသုံးကုန်၊ လူသုံးကုန်၊ အဝတ်အထည်များ၊ အလှကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံးကိရိယာများကို ကျေးရွာအလိုက် လက်ကားဆိုင်များ သဖွယ် ဖြန့်ဖြူးရောင်းချရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျားသေအိုင်ကျေးရွာအုပ်စု၊ နောင်သခီကျေးရွာ၊ တဲမြင့်ကျေးရွာအုပ်စု၊ သရက်ပင်ကျေးရွာနှင့် ညောင်လွန့်ကျေးရွာအုပ်စုများ၌ ရွာသူရွာသားများနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် အခြေခံစားသုံးသူ သမဝါယမအသင်းများသို့ အရင်းမပျောက် မတည်ငွေ ထုတ်ပေးဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၉ အုပ်စု၊ ကျေးရွာ ၁၇၆ ရွာတို့၌ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်သကဲ့သို့ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ ကွင်းဆင်းဖွဲ့စည်းရေးအဖွဲ့များသည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွှေစည်းခုံရပ်ကွက်၊ ကံမ၊ သမန်းကုန်း၊ ထိန်ကံ၊ ဇီးဖြူကုန်း၊ အင်းတောကြီးကျေးရွာအုပ်စုများနှင့် ပျော်ဘွယ်မြို့နယ် ကျူတော၊ သပြေပင်၊ ထနောင်းပင်ဝိုင်း၊ ကျောက်တိုင်၊ ဖွဲ့သင်း၊ ထန်းတောကြီး၊ သီးကုန်းကျေးရွာအုပ်စုများတွင် ကျေးလက်သမဝါယမအသင်းများ၊ မွေးမြူရေးအစုအဖွဲ့များ ဖွဲ့စည်းနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများဖြစ်ပေါ်

နေပြည်တော် မေ ၃၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ကယားပြည်နယ်တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင်ဒေသအလိုက် မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိလျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မော်လိုက်မြို့တွင် ၄ ဒသမ ၆၄ လက်မ၊ ခန္တီးမြို့တွင် ၃ ဒသမ ၆၂ လက်မ၊ ပေါင်မြို့တွင် ၂ ဒသမ ၄၄ လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၄၁ လက်မ၊ ကလေးဝမြို့နှင့် မြောက်ဦးမြို့တို့တွင် ၂ ဒသမ ၂၅ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နေမည်။

မော်လမြိုင်ကျွန်းမြို့နယ်၌ မိုးစပါး စတင်စိုက်ပျိုး

မော်လမြိုင်ကျွန်း မေ ၃၁

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်သည် မိုးစပါးအဓိက စိုက်ပျိုးသောမြို့နယ်တစ်မြို့နယ်ဖြစ်ရာ နှစ်စဉ် မိုးစပါးကို ကဆုန်လပြည့်ကျော်တွင် စတင်ပျိုးထောင်ကြပြီး ဝါဆိုလဆန်းတွင် စတင်စိုက်ပျိုးခဲ့ကြသည်။

မိုးရွာသွန်းမှုအားနည်း

ယခုနှစ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် ပုံမှန်ရွာသွန်းနေကျ နယုန်မိုးမှာလည်း ယခု နယုန်လဆန်း ၁၁ ရက်အထိ ပုံမှန်ရွာသွန်းမှုမရှိဘဲ မိုးအားလျော့နည်းကာ မိုးသေး၊ မိုးဖွဲကလေးများသာ ရက်ခြားရွာသွန်းနေသဖြင့် မော်လမြိုင်ကျွန်းမြို့နယ်မှ ဒေသခံတောင်သူလယ်သမားများ၏ စပါးပျိုးထောင်မှုလုပ်ငန်းများ နည်းပါးလျက်ရှိသည်ကို တွေ့ရသည်။

ယခုနှစ်တွင် မော်လမြိုင်ကျွန်းမြို့နယ်၌ ပုံမှန်တက်နေကျ နယုန်အောက်ရေလည်း မတက်၊ နယုန်မိုးလည်း ဖြစ်ဖြစ်မြောက်မြောက် ပုံမှန်မရွာသွန်းသောကြောင့် မေ ၃၁ ရက် နယုန်လဆန်း ၁၁ ရက်အထိ မြို့နယ်အတွင်းရှိ အနိမ့်ကွင်းများ၌ပင် ပျိုးထောင်ရေမရ ဖြစ်နေသောကြောင့် ဒေသခံတောင်သူလယ်သမားများက မိုးပုံမှန်ရွာသွန်းရန် စောင့်မျှော်နေကြသည်။

ပျိုးထောင်ချိန်နောက်ကျ

ယခုအခါ မိုးအားလျော့နည်းပြီး မိုးပုံမှန်မရွာသွန်းသောကြောင့် စပါးပျိုးထောင်ချိန်နောက်ကျပြီး မိုးစပါးပျိုးထောင်ရမည့်ကာလကို ယခု နယုန်လပြည့်ကျော်မှပင် ပျိုးထောင်ရမည် ဖြစ်သောကြောင့် ပျိုးထောင်ချိန် နောက်ကျမည်ဟု ဒေသခံတောင်သူလယ်သမားတို့က ပြောဆိုနေကြသည်။

အချိန်မီပျိုးထောင်

ထို့ကြောင့် ပုံမှန်မိုးရွာသွန်းချိန်တွင် အချိန်မီ မိုးစပါးစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဌေးနှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းသွားရောက်ကြပြီး မိုးစပါး ပျိုးထောင်စိုက်ပျိုးရေး ပညာပေးဆွေးနွေးလျက်ရှိကြောင်း သိရှိရသည်။ (၃၆၄)

ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၁

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် မေ ၂၆ ရက် နံနက် ၈ နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၌ ကျင်းပသော ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးသို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**(အောက်ပုံ)** ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေကြည်မြို့နယ်နှင့် ကျုံပျော်မြို့နယ် ပြည်သူ့ဆေးရုံ၊ အထောင်တိုက်နယ်ဆေးရုံနှင့် သူနာပြုသင်တန်းကျောင်း ဟင်္သာတမြို့တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး သူနာပြုသင်တန်းသူအဆောင် ဆောက်လုပ်ရန် မြေနေရာကို ရွေးချယ်ပေးခဲ့သည်။

ဒုတိယဝန်ကြီးသည် မေ ၂၇ ရက်တွင် ဟင်္သာတခရိုင် ပြည်သူ့ဆေးရုံကြီး၊ ဇလွန်မြို့နယ်ပြည်သူ့ဆေးရုံ၊ ဇလွန်မြို့နယ် တိုင်းရင်းဆေးကုခန်း၊ ဒူးယားတိုက်နယ်ဆေးရုံ၊ နိဗ္ဗာန်တိုက်နယ်ဆေးရုံ၊ ရွာခဲတိုက်နယ်ဆေးရုံ နှင့် ညောင်တုန်းမြို့နယ်ပြည်သူ့ဆေးရုံများသို့ သွားရောက်စစ်ဆေးပြီး ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စေတနာထား ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးကိုသာမျှော်နေကြသည့် လယ်သမားကြီးများ မိုးရွာ၍ ဝမ်းသာနေကြ

ဖြူး မေ ၃၁

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကျေးရွာအုပ်စု ၆၁ အုပ်စုအတွင်းရှိ လယ်သမားကြီးများသည် ၂၀၁၂ ခုနှစ် မိုးစပါး စိုက်ဧက တစ်သိန်းကျော် စိုက်ပျိုးသွားကြရန် အချိန်နှင့်တစ်ပြေးညီ လယ်မြေများကို သဘာဝမြေဩဇာတိုက်ချခြင်း၊ ပျိုးထောင်ရန် လယ်မြေများအား ပြုပြင်ထွန်ယက်ခြင်းလုပ်ငန်းများကို ကြိုတင်ပြင်ဆင်လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသော်လည်း ယခုနှစ် မိုးဦးခေါင်နေသဖြင့် လယ်ယာလုပ်ငန်းများ အထူးသဖြင့် ပျိုးထောင်ရန် အခက်တွေ့နေကြစဉ် မေ ၃၀ ရက် ညနေပိုင်းမှစတင်၍ မိုးရွာသွန်းသဖြင့် ပျိုးကြဲရန် မိုးကို မျှော်လင့်စောင့်စားနေခဲ့ကြသည့် လယ်သမားကြီးများ ဝမ်းသာပျော်ရွှင်စွာ လယ်ယာလုပ်ငန်းများကို ပြန်လည်စတင်လုပ်ကိုင်နေကြသည်ကိုတွေ့ရပြီး မိုးကိုသာ မျှော်နေကြသည့် လယ်သမားကြီးများ အထူးဝမ်းသာလျက်ရှိကြောင်း သိရသည်။ (၁၄၀)

သစ်တောသစ်ပင်ဒို့ချစ်ခင် အစဉ်စိုက်ပျိုးအလှတိုး

နိုင်ငံခြားဇာတ်ကားသစ်နှစ်ကား ရုံတင် 'ငါ မင်းကို' ဇာတ်ကား ဆက်လက်ပြသ

ရုပ်ရှင်

ယခုတစ်ပတ်(သောကြာနေ့) ဇွန် ၁ ရက်တွင် မင်္ဂလာ ၂၊ ဒဂုံစင်တာ ၂ မြေနီကုန်း၌ DARK FLIGHT (3D) ဇာတ်ကားနှင့် ရွှေ့ဆောင်ရုံ၌ THE AVENGERS ဇာတ်ကားတို့ ရုံတင်လာသည်။

DARK FLIGHT (3D) ဇာတ်ကားမှာ လွန်ခဲ့သည့် ၁၀ နှစ်ကျော်က လေယာဉ်ပျက်ကျမှုတွင် အသက်မသေဘဲ ရှင်သန်လွတ်မြောက်ခဲ့သည့် လေယာဉ်မယ်လေးသည် ယခု သူမတာဝန်ထမ်းဆောင်နေရသည့် လေယာဉ်သည် ပျက်ကျခဲ့သော လေယာဉ်နှင့်တစ်ထေရာတည်း တူညီနေသောအခါ. . .

THE AVENGERS ဇာတ်ကားမှာ ဆဲ(လ်)ဗစ် တီထွင်သော "တက်ဆရက်" ကိရိယာသုံး၍ စကြဝဠာဝင်ပေါက်ပွင့်သွားရာမှ "ချီတော်ရီး" ဂြိုဟ်သားစစ်တပ် မန်ဟက်တန်မြို့နယ် အထက်ကောင်းကင်ယံသို့ ရောက်ရှိလာကြသည်။ အဗင်းဂျားအုပ်စုက နယူးယောက်ကို စုပေါင်းကာကွယ်သော်လည်း ဂြိုဟ်သားများတစ်သုတ်ပြီးတစ်သုတ်ဆင်းလာသောအခါ. . .

သမ္မတ၊ သွင်နှင့် မင်္ဂလာ ၁ သိမ်ကြီးဈေးရုံတို့တွင် အကယ်ဒမီ လူမင်း၊ အကယ်ဒမီ ပြေတီဦး ၊ ကျော်ကျော်ဗို၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်နှင့် မိုးဟေကိုတို့ ပါဝင်သရုပ်ဆောင်ထားသည့် "ငါ မင်းကို" ဇာတ်ကား ဆက်လက်ပြသလျက်ရှိသည်။ နေပြည်တော်ရုံ၌ WRATH OF THE TITANS ဇာတ်ကား ဆက်လက်ပြသလျက်ရှိကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

မင်္ဂလာ ၂၊ ဒဂုံစင်တာ ၂ မြေနီကုန်း၌ ပြသမည့် DARK FLIGHT (3D) ဇာတ်ကား။

ရှမ်းပြည်နယ် မိုးဖြဲကျေးရွာ ရေပေးဝေရေးစီမံကိန်းအတွက် ထောက်ပံ့မှုများလွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

နေပြည်တော် မေ ၃၁

ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ် မိုးဖြဲကျေးရွာ၌ ရေပေးဝေရေးစီမံကိန်းအတွက် ဂျပန်နိုင်ငံအစိုးရ၏ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ အမေရိကန်ဒေါ်လာ ၈၄၇၇၅ ဒေါ်လာ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၂၂ ရက်တွင် အဆိုပါကျေးရွာ၌ ကျင်းပရာ ရှမ်းပြည်နယ် ကယန်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးလောရင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံမှူး Mr. Hideaki MATSUO၊ ဒုတိယအတွင်းဝန် Mr. Kiyotoml TADA၊ ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

မိုးဖြဲကျေးရွာသည် ရှမ်းပြည်နယ် တောင်ဘက်အစွန်း ကယားပြည်နယ် နယ်စပ်တွင်တည်ရှိပြီး လူဦးရေ ၁၀၀၀၀ ခန့်ရှိ ကျေးရွာတစ်ရွာဖြစ်ကာ ရေတွင်းရှစ်တွင်းသာရှိပြီး သောက်သုံးရေအတွက် ဘီလူးချောင်းမှရေကို မှီခိုအသုံးပြုလျက်ရှိသည်။ ရွာသူရွာသားများသည် သောက်သုံးရေရရှိရေး ငွေကြေးများစွာ အသုံးပြုနေရပြီး အမျိုးသမီးများနှင့် ကလေးများမှာ ဘီလူးချောင်းမှ ရေသယ်ယူရာတွင် အချိန်ကုန်လူပန်းဖြစ်နေရသည်။

ဤသို့သော အခြေအနေများကြောင့် ဒေသခံပြည်သူများ ရေရရှိရေး အဆင်ပြေချောမွေ့စေရန် ဂါလန်တစ်သိန်းဆံ့ ရေလှောင်ကန်ကြီးတစ်လုံး၊ ရေကန်ငယ်လေးခု၊ ထရန်စဖော်မာ၊ ရေပန့်၊ ရေတင်စက်ထားခန်း၊ ရေပေးနိုင်ရန် ပိုက်လိုင်းဆက်သွယ်မှုများကို ကူညီထောက်ပံ့ပေးခဲ့မှုကြောင့် ရေရရှိရေး အခက်အခဲကို ဖြေရှင်းပေးနိုင်ပြီး ဒေသဖွံ့ဖြိုးရေး အထောက်အကူဖြစ်စေကာ ဂျပန်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးပိုမို တိုးတက်ခိုင်မြဲရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

ရန်ကုန် မေ ၃၁

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မေ ၂၅ ရက်က သာကေတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ Green and Clean Foundation မှ ရပ်ကွက် တစ်ရပ်ကွက်လျှင် ၄၀၀၀၀ နှုန်းဖြင့် (၁၉)ရပ်ကွက်အတွက် အလှူငွေ ၇၆၀၀၀၀ အား လှူဒါန်းခဲ့ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစန်းမင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ နယ်မြေတာဝန်ခံများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။ (ကြေးမုံ)

ဆိုမာလီအနာဂတ်အရေးဆွေးနွေးပွဲ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ကျင်းပ

အစ္စတန်ဘူလ် မေ ၃၁

ဆိုမာလီနိုင်ငံတွင် ဆယ်စုနှစ်နှင့်ချီ၍ ဖြစ်ပွားနေသည့် မင်းမဲ့စရိုက် အဆုံးသတ်နိုင်ရေးအတွက် နည်းလမ်းရှာဖွေရန် ကမ္ဘာ့ခေါင်းဆောင်များနှင့် ဆိုမာလီနိုင်ငံရေးသမားများ တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ မေ ၃၁ ရက်တွင် စတင်ကျင်းပကြောင်း ဘီဘီစီသတင်းတစ်ပုဒ်တွင် ဖော်ပြသည်။

နှစ်ရက်ကြာ ကျင်းပသည့် အဆိုပါဆွေးနွေးပွဲကို တူရကီနိုင်ငံအစိုးရက အိမ်ရှင်အဖြစ် လက်ခံဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် ယင်းဆွေးနွေးပွဲသို့ ဆိုမာလီနိုင်ငံမှ မျိုးနွယ်စုအကြီးအကဲများ၊ စီးပွားရေးခေါင်းဆောင်များနှင့် လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များလည်း တက်ရောက်ကြောင်း သတင်းတွင် ဖော်ပြသည်။

အသွင်ကူးပြောင်းကာလကို အဆုံးသတ်နိုင်မည့် ကုလသမဂ္ဂမှ ကျောထောက်နောက်ခံပြုသည့် ကြားဖြတ်အစိုးရတစ်ရပ် ဩဂုတ်လအတွင်း ထွက်ပေါ်လာမည်ဟု အဆိုပါ အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသူများက မျှော်လင့်ထားသော်လည်း လက်ရှိ ဆိုမာလီအစိုးရအနေဖြင့် မြို့တော်မိုဂါဒစ်ရှူးနှင့် အနီးရှိ မြို့တစ်မြို့ကိုသာ ထိန်းချုပ်ထားနိုင်ပြီး အယ်လ်ခိုင်ဒါအဖွဲ့နှင့် ချိတ်ဆက်လှုပ်ရှားနေမည့် လက်နက်ကိုင်စစ်သွေးကြွများမှာ ဆိုမာလီနိုင်ငံ၏နယ်မြေဒေသအများအပြားတွင် လှုပ်ရှားသွားလာနေဆဲပင်ဖြစ်သည်။

မကြာသေးမီကာလများအတွင်းက အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် အီသီယိုးပီးယားနှင့် ကင်ညာနိုင်ငံတို့မှ တပ်ဖွဲ့များနှင့် ဆိုမာလီအစိုးရကို ထောက်ခံသော လက်နက်ကိုင်အဖွဲ့များက ဆိုမာလီအစိုးရတပ်ဖွဲ့များ အယ်ရှာဘတ်သူပုန်အဖွဲ့ထိန်းချုပ်ထားသော နယ်မြေများ ပြန်လည်သိမ်းယူရေးတွင် ပူးပေါင်းကူညီခဲ့သော်လည်း ယင်းစစ်သွေးကြွများက မြို့တော်မိုဂါဒစ်ရှူးနှင့် အခြားတစ်နေရာရာသို့ အဆက်မပြတ် တိုက်ခိုက်နေဆဲပင်ဖြစ်သည်။ ***အင်တာနက်။***

ဆိုမာလီနိုင်ငံ အစိုးရတပ်ဖွဲ့ဝင်များ မိုဂါဒစ်ရှူးမြို့ ဆင်ခြေဖုံး၌ ကင်းလှည့်စဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်တွင် ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား ခုနစ်ဦးထက်မနည်းသေဆုံး၊ ၃၇ဦးဒဏ်ရာရ

ဘဂ္ဂဒက် မေ ၃၁

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် မေ ၃၁ရက် နံနက်ပိုင်းက ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားရာ လူခုနစ်ဦးထက်မနည်း သေဆုံး၍ ၃၇ ဦးဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ လာသော သတင်းများတွင် ဖော်ပြသည်။

ဘဂ္ဂဒက်မြို့ အနောက်မြောက်ပိုင်းရှိ ရှုလာခရိုင်ရှိ ရှီးယိုက်များရှိရာ စခန်းအတွင်းသို့ ထောင်ချောက်ဗုံးတပ်ဆင်ထားသော ကားတစ်စီးဝင်ရောက်လာပြီး ဖောက်ခွဲခဲ့ရာ လေးဦးထက်မနည်း သေဆုံးကာ ၁၈ ဦးဒဏ်ရာရရှိကြောင်း သတင်းတွင် ဖော်ပြသည်။

အခြားဗုံးဖောက်ခွဲတိုက်ခိုက်မှုတစ်ရပ်သည် ဘဂ္ဂဒက်မြို့ အနောက်ပိုင်းရှိ မာရီရတ်ခရိုင်တွင်ဖြစ်ပွားကြောင်း၊ နေအိမ်နှစ်လုံးအရှေ့တွင် လမ်းဘေးထောင်ဗုံးသုံးလုံး တစ်ပြိုင်တည်း ပေါက်ကွဲခြင်းဖြစ်ကြောင်း၊ လူနှစ်ဦးသေဆုံး၍ ခုနစ်ဦးဒဏ်ရာရရှိကြောင်း၊ ရှုလာခရိုင်တွင် တိုက်ခိုက်မှု၌ အရပ်သားတစ်ဦး သေဆုံးကာ ခုနစ်ဦးဒဏ်ရာရရှိကြောင်း သတင်းတွင်ဖော်ပြသည်။

အီရတ်ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီ၏ အကြံပေးဖြစ်သူ ဂျာဗယ်လ်အယ်လ်ဒီးန် မူဟာဗက်၏နေအိမ်တွင် ကားဗုံးပေါက်ကွဲရာ အရပ်သားတစ်ဦး သေဆုံး၍ လေးဦးဒဏ်ရာရရှိသည်။ ***ဆင်ဟွာ။***

မေ ၃၁ ရက်က ဘဂ္ဂဒက်မြို့တွင် ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှု မြင်ကွင်းတစ်ရပ်။ (ဓာတ်ပုံ-အင်တာနက်)

ခရီးသွားလုပ်ငန်းတိုးမြှင့်ရန် လက်ဘနွန်သမ္မတ ကူဝိတ်သို့သွားရောက်မည်

ဘေရွတ် မေ ၃၁

လက်ဘနွန်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ လည်ပတ်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရက်သတ္တပတ်ကုန်ပိုင်းတွင် ကူဝိတ်နိုင်ငံသို့ ၎င်းသွားရောက်မည်ဖြစ်ကြောင်း၊ လုံခြုံရေးအခြေအနေစိုးရိမ်ရသဖြင့် လက်ဘနွန်နိုင်ငံသို့ ခရီးသွားရောက်ခြင်းမပြုရန် ပင်လယ်ကွေ့နိုင်ငံအချို့က မကြာသေးမီက သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း လက်ဘနွန်သမ္မတမစ်ချဲလ် ဆူလေမန်၏ ပြောကြားချက်ကို အမျိုးသားသတင်းဌာနက ဖော်ပြသည်။

ပထမခြေလှမ်း

ခရီးသွားလုပ်ငန်း ပထမခြေလှမ်းအဖြစ် ဇွန် ၄ ရက်တွင် ကူဝိတ်နိုင်ငံသို့ ၎င်းသွားရောက်မည်ဖြစ်ကြောင်း ဝန်ကြီးအဖွဲ့ ပုံမှန်ဆွေးနွေးပွဲ၌ ဆူလေမန်က ပြောကြားသည်။

နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မြဲရန်နှင့် လက်ဘနွန်နိုင်ငံ၌ ခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရန် ရည်ရွယ်၍ ကူဝိတ်နိုင်ငံ သို့ သွားရောက်ခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားခဲ့သည်။

ပင်လယ်ကွေ့လေးနိုင်ငံ၌ပါသော ကူဝိတ်နိုင်ငံသည် လက်ဘနွန်နိုင်ငံ၌ လုံခြုံရေးမတည်ငြိမ်သဖြင့် ကူဝိတ်နိုင်ငံသားများ လတ်တလော အဆိုပါနိုင်ငံမှ ထွက်ခွာကြရန်နှင့် ၎င်း၏ နိုင်ငံသားများ လည်ပတ်မှုမလုပ်ကြရန် တိုက်တွန်းအကြံပြုထားခဲ့သည်။

လက်ဘနွန်နိုင်ငံမြောက်ပိုင်းထရီပိုလီမြို့နှင့် ဘေရွတ်မြို့တို့၌ ဆီးရီးယားကိုထောက်ခံသောအဖွဲ့နှင့် ဆန့်ကျင်သောအဖွဲ့တို့ အသေအကျေပဋိပက္ခဖြစ်ပြီးနောက် အာရပ်စော်ဘွားများပြည်ထောင်စု၊ ကာတာနှင့် ဘာရိန်းနိုင်ငံတို့သည်လည်း ခရီးသွားလည်ပတ်မှုသတိပေးချက်များ ထုတ်ပြန်ခဲ့သည်။ ***ဆင်ဟွာ။***

ပါလက်စတိုင်းစစ်သွေးကြွ ၉၁ ဦး၏ ရုပ်ကြွင်းများ အစ္စရေးက ပါလက်စတိုင်းသို့ လွှဲပြောင်းပေး

ဂျေရုဆလင် မေ ၃၁

အစ္စရေးနှင့် ပါလက်စတိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အသစ်တစ်ဖန် ပြန်လည်စတင်နိုင်ရေးအတွက် သမ္မတ မာမွတ် အဘတ်စ်ကို စည်းရုံးရေးကြိုးပမ်းသည့်အနေဖြင့် အနောက်ဘက်ကမ်း အစိုးရအဖွဲ့ထံသို့ ပါလက်စတိုင်း စစ်သွေးကြွ (၉၁)ဦး၏ ရုပ်ကလာပ်များအား အစ္စရေးအစိုးရက ကြာသပတေးနေ့တွင် လွှဲပြောင်းပေးအပ်ခဲ့သည်။

ယင်းတို့အနက်အသေခံဗုံးဖောက်ခွဲရေးသမားများလည်း ပါဝင်သည်။

ရုပ်ကြွင်း(၉၁)ခုသည် လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း အစ္စရေးတို့ကို ပစ်မှတ်ထား၍ တိုက်ခိုက်ခြင်း၊ အသေခံဗုံးဖောက်ခွဲခြင်းတို့ကို ကျူးလွန်ခဲ့ကြသူများဖြစ်သည်။

တိုက်ခိုက်မှုများအနက် အနည်းဆုံး တစ်ခုသည် ၁၉၇၀ ခုနှစ်များအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းရုပ်ကလာပ်များကို အစ္စရေးနိုင်ငံအတွင်း၌ မြှုပ်ထားခဲ့ရာမှ လွှဲပြောင်းပေးအပ်ရန်အတွက် ပြန်လည်တူးဖော်ခဲ့ကြခြင်းဖြစ်သည်။

ကြာသပတေးနေ့ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားတွင် ကြီးကြပ်ရသော ပါလက်စတိုင်းတာဝန်ရှိသူ ဆလင်းကိုင်လာချ်က အစ္စရေးတာဝန်ရှိသူများက ပါလက်စတိုင်းဆက်ဆံရေးအရာရှိထံ ယင်းရုပ်ကြွင်းများကို ဂျော်ဒန်တောင်ကြားတွင် လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

ရုပ်ကြွင်း ၈၀ ကို ရာမာလာသို့ သယ်ဆောင်သွားပြီး ၁၁ ခုကို ဟားမားစ်တို့အုပ်ချုပ်သော ဂါဇာကမ်းမြောင်သို့ သယ်ယူသွားခဲ့ကြသည်။

လူသားချင်းစာနာထောက်ထားမှုကိုပြသခြင်းဖြင့် နှစ်ဖက်ယုံကြည်မှု တည်ဆောက်ခြင်းကို အထောက်အကူဖြစ်မည်ဟု မျှော်လင့်ကြောင်း၊ ထို့အပြင် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိရန် အထောက်အကူဖြစ်မည်ဟု ယုံကြည်ကြောင်း အစ္စရေးအစိုးရ ပြောရေးဆိုခွင့်ရှိသူ မတ်ရီဂေ့က ပြောကြားခဲ့သည်။

မည်သည့် ခြွင်းချက်မျှမထားရှိဘဲ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ချက်ချင်းပြန်လည်စတင်ရန်အတွက် အစ္စရေးနိုင်ငံက အဆင်သင့်ရှိနေကြောင်း ရီဂေ့က ထပ်လောင်းပြောကြားခဲ့သည်။

၎င်းကို ဆွေးနွေးပွဲစကားဝိုင်းသို့ ပြန်လာစေရန် စည်းရုံးနေသော်ငြားလည်း အဘတ်စ်ဘက်မှ မည်သည့်လက္ခဏာမျှ ပြသခြင်း မရှိသေးပေ။ ***အင်တာနက်။***

လွှဲပြောင်းပေးမည့် ပါလက်စတိုင်းစစ်သွေးကြွ ရုပ်ကလာပ်များနှင့် အစ္စရေးစစ်သည်များကို တွေ့ရစဉ်။

အိန္ဒိယမြောက်ပိုင်း၌ ယာဉ်မတော်တဆဖြစ်၊ ၁၈ ဦး သေဆုံးပြီး ၂၅ ဦး ဒဏ်ရာရ

နယူးဒေလီ မေ ၃၁

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တာပရာဒေ့ရှ်ပြည်နယ်တွင်ရှိသော အဓိကလမ်းမကြီးတစ်နေရာ၌ ယာဉ်မတော်တဆမှု တစ်မှုဖြစ်ပွားရာ ၁၈ ဦးထက်မနည်းသေဆုံး၍ ၂၅ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

မေ ၃၁ ရက် နံနက်ပိုင်းက လာခါဟိုးတီဒေသ ဘူလန်ရှာဟာခရိုင်တွင် ခရီးသည်တင်ဘတ်စ်ကားတစ်စီးနှင့် အသုဘအခမ်းအနားမှ ပြန်လာသောကားတစ်စီး ခေါင်းချင်းဆိုင်တိုက်မိခြင်းဖြစ်ကြောင်း၊ သေဆုံးသူအများစုမှာ ကုန်တင်ကားငယ်ပေါ်တွင် လိုက်ပါလာသူများဖြစ်ကြောင်း အဆိုပါတာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

သေဆုံးသူ ၁၈ ဦးစလုံးမှာ နေရာတွင် ပွဲချင်းပြီးသေဆုံးကြောင်း၊ ဒဏ်ရာရရှိသွားသူများအား ဆေးရုံသို့ တင်ပို့ပေးလိုက်ကြောင်း၊ ဘတ်စ်ကားယာဉ်မောင်းမှာ အရှိန်ပြင်းစွာ မောင်းနှင်လာသဖြင့် ယင်းမတော်တဆမှု ပေါ်ပေါက်ရကြောင်း၊ အိန္ဒိယနိုင်ငံတွင် နှစ်စဉ် ယာဉ်မတော်တဆမှုကြောင့် လူပေါင်း ၁၁၀၀၀၀ ကျော် သေဆုံးရကြောင်း၊ လမ်းမတော်တဆမှုကြောင့် သေဆုံးမှု အများဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။ ***ဆင်ဟွာ။***

အသက်ကယ်ဖောင်များဖြင့်မျောပါနေသော ဆော်လ်မွန်ကျွန်းသားများကို ဩစတြေးလျကယ်တင်

ဆစ်ဒနီ မေ ၃၁

ဆော်လ်မွန်ကျွန်းစု၌ အသက်ကယ်ဖောင်များဖြင့် မျောပါနေသော လူ ၄၉ ဦးကို ဩစတြေးလျတာဝန်ရှိသူများက မေ ၂၇ ရက်တွင် ကယ်တင်ပေးခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆော်လ်မွန်ကျွန်းစုနိုင်ငံ လာတာမြို့မှ မြို့တော်ဟွန်နီယေးရားသို့ ထွက်ခွာလာသော ရေယာဉ်တစ်စင်းသည် သတ်မှတ်ချိန်အတွင်းဆိုက်ရောက်လာခြင်းမရှိသဖြင့် ပျောက်ဆုံးနေသော ရေယာဉ်ကို ဩစတြေးလျဘုရင့်လေတပ်မှ စစ်လေယာဉ်များက ဝေဟင်မှရှာဖွေပေးခဲ့သည်။ ***အင်တာနက်။***

နျူလက်နက်ပိုင်ရှင်နိုင်ငံအဖြစ် ရပ်တည်မှု မြောက်ကိုရီးယားအခြေခံဥပဒေတွင် ကြေညာ

ပြုံယမ်း မေ ၃၁

ပြန်လည်သုံးသပ်ပြင်ဆင်ထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မြောက်ကိုရီးယားနိုင်ငံသည် ၎င်းကိုယ်၎င်း နျူကလီးယားလက်နက်ပိုင်ရှင်နိုင်ငံအဖြစ် အတိအလင်းဖော်ပြထားရာ နျူလက်နက်များစွန့်လွှတ်ရေးအတွက် ယင်းနိုင်ငံအား ဖျောင်းဖျရန် နိုင်ငံတကာ၏ကြိုးပမ်းမှုများကို ရှုပ်ထွေးစေနိုင်ကြောင်း လေ့လာသူများက မေ ၃၁ ရက်တွင် ပြောကြားသည်။

ယခုနှစ် ဧပြီ ၁၃ ရက်တွင် ကျင်းပခဲ့သော မြောက်ကိုရီးယား လွှတ်တော်အစည်းအဝေးတစ်ရပ်၌ လုပ်ဆောင်ခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ကို ယင်းနိုင်ငံ၏ တရားဝင်ဝက်ဘ်ဆိုက်တစ်ခုတွင် ဖော်ပြထားသည်။

ကွယ်လွန်သူ အမျိုးသားကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ ကင်ဂျုံအီလ်သည် မြောက်ကိုရီးယားအား နိုင်ငံရေးအယူအဆအရ ခိုင်မာပြည့်ဝသော၊ နျူလက်နက်ပိုင်ဆိုင်ထားသော၊ စစ်အင်အား တောင့်တင်းသော နိုင်ငံတစ်နိုင်ငံအဖြစ် ပြောင်းလဲပေးခဲ့ကြောင်း အခြေခံဥပဒေပြင်ဆင်ချက်တွင် ဖော်ပြထားသည်။

၂၀၁၀ ခုနှစ် ဧပြီ ၉ ရက်တွင် နောက်ဆုံးသုံးသပ်ပြင်ဆင်မှု ပြုလုပ်ခဲ့သည့် ယခင်အခြေခံဥပဒေ၌ နျူကလီးယားလက်နက်ပိုင်ရှင်နိုင်ငံဟူသော ဝေါဟာရပါဝင်ခြင်းမရှိခဲ့ပေ။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအီလ် ကွယ်လွန်ခဲ့ပြီးနောက် ၎င်းလက်ထက် ရရှိခဲ့သော အောင်မြင်မှုများအား ဂုဏ်ပြုဖော်ပြရန် အခြေခံဥပဒေကို မြောက်ကိုရီးယားနိုင်ငံက သုံးသပ်ပြင်ဆင်ခဲ့ခြင်း ဖြစ်သည်။

အင်တာနက်။

အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှုပြိုလဲပျောက်ကွယ်ရခြင်း၏ အဓိကအကြောင်းရင်း ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်နိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များသုံးသပ်



ဝုဒ်ဟိုး မေ ၃၁

တောင်အာရှဒေသ၌ လွန်ခဲ့သောနှစ်ပေါင်း ၄၀၀၀ ခန့်က စည်ပင်ဖွံ့ဖြိုးခဲ့သည့် ရှေးခေတ် အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှုသည် ရာသီဥတုပြောင်းလဲမှုကြောင့် ကွယ်ပျောက်ခဲ့ရခြင်းဖြစ်နိုင်ကြောင်း အမေရိကန်သုတေသီများက မေ ၂၈ ရက်တွင် ပြောကြားခဲ့သည်။

အီဂျစ်နှင့်မက်ဆိုပိုတေးမီးယားကဲ့သို့ အခြားမြို့ပြယဉ်ကျေးမှုများနည်းတူ အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှုခေါ် ဟာရာပါ မြို့ပြယဉ်ကျေးမှုသည်လည်း မြစ်ကြောင်းများအနီး အခြေစိုက်ဖွံ့ဖြိုးခဲ့သည်။

ယင်းကဲ့သို့ မြစ်ကြောင်းများအနီး အခြေစိုက်ထားခြင်းကြောင့် ကုန်းတွင်းရေဝင်ရောက်မှု နှစ်စဉ်ဖြစ်ပေါ်ကာ ဟာရာပါမြို့ပြယဉ်ကျေးမှု၌ စိုက်ပျိုးရေးလူ့အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ခဲ့သည်။

သို့ရာတွင် ဟာရာပါယဉ်ကျေးမှုခေတ် အကြွင်းအကျန်များကို မြစ်ကြောင်းများနှင့် အလှမ်းကွာဝေးသည့် ယနေ့ခေတ် ကန္တာရဒေသများ၌သာ တူးဖော်တွေ့ရှိခဲ့ရသည်။

မြစ်ကြောင်းများ စီးဆင်းလှုပ်ရှားမှုကို အားယုတ်သွားစေသည့် မုတ်သုံမိုးရွာသွန်းမှုကျဆင်းလာခြင်းသည် ဟာရာပါမြို့ပြယဉ်ကျေးမှုပြိုလဲပျောက်ကွယ်ရခြင်း၏ အဓိက အကြောင်းရင်းဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက သုံးသပ်ခဲ့သည်။

အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှုခေတ်မြစ်ကြောင်းများနှင့် လွင်ပြင်များ၏ မူလမြေမျက်နှာသွင်ပြင်များအား ပြန်လည် တည်ဆောက်လေ့လာပြီးနောက် ယင်းယဉ်ကျေးမှုခေတ်ကြီး ပြိုလဲကွယ်ပျောက်ရခြင်းသည် ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ကြောင်း သုတေသီများက ကောက်ချက်ချခဲ့သည်။

အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှုသည် ကမ္ဘာ့အကြီးဆုံး မြို့ပြယဉ်ကျေးမှုဖြစ်ပြီး အိန္ဒုမြစ်ဝှမ်း၊ အာရေဗီးယန်းပင်လယ်နှင့် ဂင်္ဂါမြစ်ဝှမ်းထိတိုင် ဧရိယာစတုရန်းမိုင်ပေါင်း ၃၈၆၀၀၀ မျှအထိ ကျယ်ပြောခဲ့ကာ ခေတ်ကောင်းစဉ်ကာလ၌ ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်း မှီတင်းနေထိုင်ခဲ့သည်။

အင်တာနက်။

သံတမန်များအားနှင်ထုတ်သည့် အနောက်နိုင်ငံများ၏ ဆုံးဖြတ်ချက် ဆီးရီးယားသတင်းမီဒီယာများဝေဖန်

ဘေရွတ် မေ ၃၁

ဆီးရီးယားနိုင်ငံ ဟိုလာမြို့ လူသတ်ပွဲအား ကန့်ကွက်သည့်အနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့် အခြားနိုင်ငံများနည်းတူ တူရကီနှင့် ဂျပန်နိုင်ငံတို့ကလည်း ဆီးရီးယားသံတမန်များကို မေ ၃၀ ရက်တွင် နှင်ထုတ်ခဲ့ကြောင်း သိရသည်။

အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုများကြောင့် မငြိမ်မသက်ဖြစ်နေသော ဆီးရီးယားနိုင်ငံတွင် မေ ၂၆ ရက်၌ ဖြစ်ပွားခဲ့သည့် ဟိုလာမြို့ လူသတ်ပွဲကြောင့် ကလေးနှင့် အမျိုးသမီးများ အပါအဝင် လူပေါင်း ၁၀၀ ကျော် အစုလိုက် အပြုံလိုက် သေဆုံးခဲ့ရသည်။

ဟိုလာမြို့လူသတ်ပွဲနှင့်ပတ်သက်၍ အထူးအစည်းအဝေးတစ်ရပ်ကို ဇွန် ၁ ရက်တွင်ခေါ်ယူရန် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက စီစဉ်ထားသည်။

ဟိုလာမြို့လူသတ်ပွဲနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း ဆီးရီးယားအစိုးရက မေ ၃၀ ရက်တွင် ပြောကြားခဲ့သော်လည်း ထုတ်ဖော်တွေ့ရှိချက်များအား လူသိရှင်ကြား ကြေညာရန်ရှိ၊ မရှိ မသိရပေ။

ယင်းလူသတ်ပွဲကို အကြောင်းပြု၍ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ကနေဒါ၊ ဩစတြေးလျ၊ ဂျာမနီ၊ အီတလီ၊ စပိန်နှင့် ဘူလ်ဂေးရီးယားနိုင်ငံများသည် ဆီးရီးယားသံတမန်များအား မေ ၂၉ ရက်တွင် နှင်ထုတ်ခဲ့ကြသည်။

ဆီးရီးယားသံတမန်များအားနှင်ထုတ်ရန် ဆုံးဖြတ်ခဲ့သော နိုင်ငံများကို ဆီးရီးယားအစိုးရသတင်းမီဒီယာများက ဝေဖန်ခဲ့ကြပြီး ဆီးရီးယားပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ နိုင်ငံတကာ အစီအစဉ်တစ်ရပ်အား ပျက်စီးစေနိုင်သည့် ဆုံးဖြတ်ချက်များဖြစ်ကြောင်း သတိပေးခဲ့သည်။

အင်တာနက်။

ဖမ်းဆီးသုတ်သင်သင့်သည့် အကြမ်းဖက်သမားများစာရင်း သမ္မတအိုဘားမားကိုယ်တိုင် စိစစ်ဟုဆို

ဝါရှင်တန် မေ ၃၁

ရှာဖွေထောက်လှမ်း၍ သုတ်သင်သင့်သည့် အယ်လ်ခိုင်ဒါ အကြမ်းဖက်ကွန်ရက်အဖွဲ့ဝင်များအဖြစ် ယူဆရသူများစာရင်းကို အမေရိကန်သမ္မတ ဘာရက်အိုဘားမားကိုယ်တိုင် ကိုင်တွယ်စိစစ်ကြောင်း နယူးယောက်တိုင်းမ်သတင်းစာက မေ ၂၉ ရက်တွင် ဖော်ပြသည်။

အမေရိကန်သမ္မတအိမ်ဖြူတော်၌ အင်္ဂါနေ့တိုင်း ကျင်းပသော အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးတွင် သမ္မတအိုဘားမားကိုယ်တိုင် ဖမ်းဆီးသုတ်သင်ရမည့် အကြမ်းဖက်သမားများစာရင်းကို ကိုင်တွယ်ကြီးကြပ်ကြောင်း နယူးယောက်တိုင်းမ်သတင်းစာက ဖော်ပြထားသည်။

နယူးယောက်တိုင်းမ်၏ အဆိုအရ ယီမင်၊ ဆိုမာလီယာနှင့် ပါကစ္စတန်နိုင်ငံများ၌ လုပ်ဆောင်ခဲ့သော မောင်းသူမဲ့ ဒရုန်းလေယာဉ်စစ်ဆင်ရေးများကို သမ္မတအိုဘားမားက အတည်ပြုပေးခြင်းဖြစ်ကြောင်း သိရသည်။

ဒရုန်းစစ်ဆင်ရေးပြုလုပ်ရာတွင် စစ်သွေးကြွဟုတ်၊ မဟုတ် ထောက်လှမ်းရေးသတင်းများက အတည်မပြုနိုင်သော်လည်း တိုက်ခိုက်ရေးဇုန်အတွင်း တွေ့ရှိရသည့် စစ်မှုထမ်းနိုင်သော အရွယ်ရှိသူ အမျိုးသားအားလုံးကို စစ်သွေးကြွအဖြစ် သတ်မှတ်ကြောင်း နယူးယောက်တိုင်းမ်က ဖော်ပြသည်။

သို့ရာတွင် အမေရိကန်ပြည်သူများ၏ အသက်အိုးအိမ်ကို ကာကွယ်ရန်အတွက် သမ္မတ ဘာရက်အိုဘားမားသည် လိုအပ်သလို လုပ်ဆောင်လိမ့်မည်ဖြစ်ကြောင်း သမ္မတအိမ်ဖြူတော်က နယူးယောက်တိုင်းမ် သတင်းစာပါ ဖော်ပြချက်များအား တုံ့ပြန်ပြောကြားခဲ့သည်။

အင်တာနက်။

ရုရှားသုတေသနသင်္ဘော ဗော့စတော့ရေအိုင်မှ ရေနမူနာများ သယ်ယူလာ

စိန့်ပီတာစဘတ် မေ ၃၁

အန္တာတိကဒေသ ရေခဲပြင်အောက်ရှိ ဗော့စတော့ရေအိုင်ကြီးမှ ထုတ်ယူရရှိသော ရေခဲနမူနာများသယ်ယူလာသည့် အက်ကာဒီးမစ်ခ်အမည်ရှိ ရုရှားသုတေသနနှင့် စူးစမ်းရေးရေယာဉ်သည် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့သို့ မေ ၃၀ ရက်တွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ဗော့စတော့ရေအိုင်ကြီးမှ ရေခဲနမူနာများ သယ်ယူလာသည့် အက်ကာဒီးမစ်ခ် သုတေသနသင်္ဘော။

ဗော့စတော့ရေအိုင်ကြီးသည် အန္တာတိကဒေသ ရေခဲပြင်အောက် နှစ်မိုင်အနက်၌ လွန်ခဲ့သော နှစ်သန်းပေါင်းများစွာကပင် တည်ရှိခဲ့သည့် ရှေးခေတ်ရေအိုင်ကြီးတစ်ခုဖြစ်သည်။

ယင်းရေအိုင်ကြီးအား လေ့လာစူးစမ်းနိုင်ရန် ရုရှားသိပ္ပံပညာရှင်များသည် အနက် ၃၇၇၀ မီတာ (၂ ဒသမ ၃ မိုင်)ရှိ တွင်းတစ်တွင်းအား နှစ်ပေါင်း ၂၂ နှစ်ကြာမျှ အချိန်ယူတူးဖော်ကာ ရေခဲနမူနာများကို ရယူနိုင်ခဲ့သည်။

ဗော့စတော့ရေအိုင်ကြီးအား လေ့လာစူးစမ်းနိုင်မှုကို အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ် ဆင်းသက်နိုင်သည့် ဖြစ်စဉ်နှင့် နှိုင်းယှဉ်နိုင်ကြောင်း ရုရှားသိပ္ပံအကယ်ဒမီက ပြောကြားခဲ့သည်။

လူသားမျိုးနွယ်စု စတင်ဖြစ်တည်ခဲ့သည့် ကာလထက်သက်တမ်းအရ လေးဆမျှ ပိုစောသော ဗော့စတော့ရေအိုင်ကြီးတွင် သိပ္ပံပညာရှင်များမတွေ့ဖူး၊မကြုံဖူးသော သက်ရှိများ တည်ရှိနေနိုင်သည်။

အင်တာနက်။

စုန်းအဖြစ် ယိုးစွပ်သတ်ဖြတ်ခံရမှုကြောင့် တန်ဇန်းနီးယား၌ လူ ၅၀၀ မျှ နှစ်စဉ်သေဆုံးရ

ဒိုဒိုးမား မေ ၃၁

တန်ဇန်းနီးယားနိုင်ငံ၌ ၂၀၀၅ ခုနှစ်မှ ၂၀၁၁ ခုနှစ်အကြား ကာလအတွင်း သက်ကြီးရွယ်အိုအမျိုးသမီး အများအပြားပါဝင်သော စုန်းအဖြစ်ယိုးစွပ်ခံရသူ လူပေါင်း ၃၀၀၀မျှသည် ဥပဒေမဲ့ သတ်ဖြတ်စီရင်မှုခံခဲ့ရကြောင်း ဒေသတွင်းလူ့အခွင့်အရေး အုပ်စုတစ်စုက မေ ၂၉ ရက်တွင် ပြောကြားခဲ့သည်။

ဥပဒေနှင့် လူ့အခွင့်အရေးဗဟိုဌာနအမည်ရှိ အဖွဲ့အစည်းတစ်ရပ်က ထုတ်ပြန်သော အစီရင်ခံစာအရ ၂၀၀၅ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း တန်ဇန်းနီးယားနိုင်ငံသား ၃၀၀၀ ဝန်းကျင်သည် ၎င်းတို့အား စုန်းအဖြစ်ထင်မှတ်မှားကာ ကြောက်လန့်နေသည့် အိမ်နီးနားချင်းများ၏ သတ်ဖြတ်မှုခံခဲ့ရကြောင်း သိရသည်။

တန်ဇန်းနီးယားနိုင်ငံ၌ နှစ်စဉ် လူ ၅၀၀ ခန့်မှာ စုန်းပညာသည်အဖြစ် စွပ်စွဲခံရပြီး လူအုပ်ဖြင့် သတ်ဖြတ်ခံနေရကြောင်း၊ သေဆုံးသူ အများအပြားမှာ မျက်လုံးအနီရောင်သမ်းနေသည့် သက်ကြီးရွယ်အိုအမျိုးသမီးများဖြစ်ကြကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

တန်ဇန်းနီးယားနိုင်ငံရှိ ဆင်းရဲနွမ်းပါးသော ဒေသများ၌ ထမင်း၊ ဟင်းချက်ပြုတ်ရန် နွားချေးခြောက်အား လောင်စာအဖြစ် အသုံးပြုရခြင်းကြောင့် မီးခိုးရိုက်၍ မျက်လုံးနီတတ်သော်လည်း စုန်းပညာသည်ဖြစ်ကြောင်း ဖော်ပြနေသော လက္ခဏာအဖြစ် အယူအစွဲကြီးသည့် ဒေသခံများက ရှုမြင်တတ်ကြောင်း ဥပဒေနှင့် လူ့အခွင့်အရေးဆိုင်ရာဗဟိုဌာနက ပြောကြားသည်။

စုန်းအဖြစ် ယိုးစွပ်၍ သတ်ဖြတ်မှု အများဆုံးဖြစ်ပွားရာ တန်ဇန်းနီးယား မြောက်ပိုင်း အမ်ဝမ်ဇာပြည်နယ်နှင့် ရှင်ယန်ဂါ ပြည်နယ်များမှ ဒေသခံအတော်များများသည် သားမြို့ခြင်းမှသည် စီးပွားရေးပျက်စီးမှုအထိပါဝင်သော ပြဿနာများအား စုန်းများက ဖန်တီးကြောင်း ယုံကြည်ကြသည်။

အင်တာနက်။

ယဉ်ကျေးမှုပို့ကုန်ဈေးကွက်သစ်ဖော်ဆောင်နိုင်ရန် ဂျပန်မျှော်လင့်

တိုကျို မေ ၃၁

တိုကျိုမြို့တော်၏ နာမည်ကျော် ယဉ်ကျေးမှုရပ်ဝန်းများနည်းတူ ပုံစံတူရပ်ဝန်းများကို ပြည်ပမြို့ကြီးများ၌ ဖန်တီးတည်ဆောက်ကာ ယဉ်ကျေးမှုပို့ကုန်ဈေးကွက်သစ်ဖော်ဆောင်နိုင်ရန် ဂျပန်နိုင်ငံက မျှော်လင့်ထားကြောင်း မေ ၃၀ ရက် သတင်းများတွင် ဖော်ပြထားသည်။

ပုံစံတူရပ်ဝန်းများ ပြည်ပမြို့ကြီးများ၌ ဖန်တီးတည်ဆောက်ခြင်းဖြင့် အုတ်အုတ်ကျက်ကျက် သက်ဝင်လှုပ်ရှားနေသော ဈေးဆိုင်များ၊ ကဖေးဆိုင်များနှင့်စားသောက်ဆိုင်များပါဝင်သည့် တိုကျိုယဉ်ကျေးမှုရပ်ဝန်းများအတွက် ပြည်ပဈေးကွက်သစ်များ ရရှိလာနိုင်သည်။ ကမ္ဘာ့တတိယမြောက် စီးပွားရေးအင်အားအကြီးမားဆုံးနိုင်ငံအဖြစ် ရပ်တည်နိုင်ရေးအတွက် ဂျပန်နိုင်ငံ၏ အဓိက မောင်းနှင်အားမှာ ပြည်ပပို့ကုန်များဖြစ်ပြီး တိုယိုတာ၊ ဆိုနီစသော အမှတ်တံဆိပ်များသည် ကမ္ဘာသုံးကုန်ပစ္စည်းများ ဖြစ်ကြသည်။

သို့ရာတွင် လွန်ခဲ့သောနှစ်က စတင်ခဲ့သည့် ဂျပန်အစိုးရ၏ ယဉ်ကျေးမှုအခြေခံစီးပွားရေးမဟာဗျူဟာအရ တိုကျိုမြို့တော်၏ သင်္ကေတယဉ်ကျေးမှုရပ်ဝန်းများအား ပြည်ပနိုင်ငံများ၌ ပုံစံတူ ဖန်တီးကာ စားသုံးသူများကို ဆိုင်ရှိရာ ခေါ်ယူသည့် နည်းလမ်း အစား စားသုံးသူများရှိရာသို့ ဆိုင်များအား အရောက်ပို့မည့် နည်းဗျူဟာကို ဖော်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ဂျပန်အစိုးရ၏ Cool Japan ခေါ် ယဉ်ကျေးမှုအခြေခံ စီးပွားရေးမဟာဗျူဟာအရ ဟာရာဂျူကူလမ်းကဲ့သို့သော ဖက်ရှင် ယဉ်ကျေးမှုသစ်ရပ်ဝန်းများ ကမ္ဘာအနှံ့ပေါ်ပေါက်လာမည်ဖြစ်သည်။

ယင်းမဟာဗျူဟာအရ တရုတ်တန်းရပ်ကွက် (Chinatowns)များ ကမ္ဘာ့အနှံ့ရှိသကဲ့သို့ ဂျပန်တန်းရပ်ကွက် (Japantowns) များလည်း ကမ္ဘာအနှံ့ပေါ်ပေါက်လာမည်ဖြစ်ကြောင်း ဂျပန်လုပ်ငန်းရှင်များက မျှော်လင့်ထားသည်။

အင်တာနက်။

တိုကျို၏ ဖက်ရှင်ယဉ်ကျေးမှုသစ်ရပ်ဝန်း ဟာရာဂျူကူလမ်း။

မြန်မာနိုင်ငံလျှပ်စစ်စွမ်းအင် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာတစ်ရပ် ပေါ်ထွက်လာရေး

နိဒါန်း

လက်ရှိမြန်မာနိုင်ငံတွင် အရေးတကြီးဖြေရှင်းဆောင်ရွက်ရမည့်စိန်ခေါ်မှုမှာ လတ်တလော လျှပ်စစ်စွမ်းအင်ဖူလုံရေးနှင့် ရေရှည်လျှပ်စစ်စွမ်းအင်လုံခြုံရေးဟု ရှုမြင်မိသည်။ စိန်ခေါ်မှုများကို ရှုမြင်သုံးသပ်ရာတွင် ပကတိအခြေအနေမှန်များကို သုတေသနဖန်ပြားပေါ်တင်၍ ဘက်မလိုက်တမ်း သုံးသပ်လေ့လာကြည့်မှသာ အနီးစပ်ဆုံးသောအဖြေမှန်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် စတင်ဆောင်ရွက်ခဲ့သော KTA Development Plan မှ အစပြုလျက် လက်ရှိအစိုးရသစ်လက်ထက်အထိ အမျိုးမျိုးသောမဟာဗျူဟာအပြောင်းအလဲ၊ မူဝါဒအချိုးအကွေ့များ ကြုံတွေ့ခဲ့ရခြင်းသည် လက်ရှိဖြစ်ပေါ်နေသော လျှပ်စစ်စွမ်းအင် အကျပ်အတည်းသို့ ဆိုက်ရောက်စေခဲ့သည်ဟု ကောက်ချက်ချနိုင်သည်။ ဤအတွက် လက်ညှိုးထိုး အပြစ်ဖို့စရာ ရှာဖွေဖော်ထုတ်နေခြင်းသက်သက်ဖြင့် လက်ရှိကြုံတွေ့နေရသော အမျိုးသားလျှပ်စစ်စွမ်းအင် အကျပ်အတည်းကို ကျော်လွှန်နိုင်မည်မဟုတ်ပေ။ လမ်းကြောင်းမှန်ပေါ် ရောက်ရှိစေမည့် မူဝါဒသစ်ကို ရှာဖွေပြောင်းလဲရမည်ဖြစ်သည်။

အဓိက မီးမောင်းထိုးတင်ပြလိုသည့်အချက်မှာ နိုင်ငံရေး၊ စီးပွားရေး လွတ်လပ်ပွင့်လင်းလာသော လက်ရှိအခင်းအကျင်းတွင် တစ်မျိုးသားလုံးရင်ဆိုင်နေရသော လျှပ်စစ်စွမ်းအင်ဖြေရှင်းနိုင်ရေးကိုသာ မျက်မှောက်ပြုကြရန် ဖြစ်သည်။ တစ်နည်းဆိုရလျှင် အမျိုးသားစွမ်းအင်လုံခြုံရေးပြဿနာကို ယနေ့ နိုင်ငံသားတိုင်း ကြုံတွေ့ရင်ဆိုင်နေရသောကြောင့် လက်တွေ့ကျ၍ ရေရှည်တည်တံ့နိုင်သော အမျိုးသားစွမ်းအင်လုံခြုံရေးမဟာဗျူဟာကို ချမှတ်ဖော်ဆောင်နိုင်ရေး လိုအပ်လာခြင်းပင် ဖြစ်သည်။

လျှပ်စစ်စွမ်းအင်ထုတ်လုပ်ဖြန့်ဖြူးမှု လုပ်ကိုင်ခွင့်နှင့် ဥပဒေများ ပြုပြင်ပြောင်းလဲရေး

လွတ်လပ်ရေးရရှိပြီးကာလမှ ၁၉၈၄ ခုနှစ်အထိ လျှပ်စစ်ဌာနဟူ၍ လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းအဖြစ် အမှတ်(၂)စက်မှုဝန်ကြီးဌာနအောက်တွင်ရှိခဲ့ပြီး ၁၉၈၅ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ စွမ်းအင်ဝန်ကြီးဌာနအောက်တွင် ရှိခဲ့သည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ သယ်ပို့ဖြန့်ဖြူးရေးလုပ်ငန်းအားလုံးကိုလည်း ၎င်းကာလများအတွင်း လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းကသာ တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။ တပ်မတော်အစိုးရလက်ထက် ၁၉၉၇ ခုနှစ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟူ၍ သီးခြားဝန်ကြီးဌာနတစ်ခုအဖြစ် ဖွဲ့စည်းထူထောင်ကာ ၂၀၀၆ ခုနှစ်အထိ ယင်းဝန်ကြီးဌာနတစ်ခုတည်းကသာ ဓာတ်အားထုတ်လုပ်ရေး၊ ဖြန့်ဖြူးရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၂၀၀၆ ခုနှစ် မေလတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟူ၍ ဝန်ကြီးဌာန နှစ်ခုခွဲကာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးကို တာဝန်ခွဲဝေဆောင်ရွက်စေခဲ့ကြောင်း တွေ့ရှိရသည်။ ပုဂ္ဂလိကကဏ္ဍပါဝင်မှုကို လေ့လာကြည့်လျှင် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များကို တည်ဆောက်မှုနှင့် ထုတ်လုပ်မှုအပိုင်းတွင် ပြည်ပကုမ္ပဏီများနှင့်ဆက်စပ်၍ ပါဝင်နိုင်သော အခွင့်အလမ်းများ စတင်ခဲ့ပြီးဖြစ်ကြောင်း တွေ့ရှိနိုင်သည်။ သို့သော်လည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုများတွင် ဈေးကွက်စီးပွားရေး၏ ကြန်အင်လက္ခဏာများဖြစ်သော ပုဂ္ဂလိကလက်ဝယ် လွတ်လပ်စွာလုပ်ကိုင်ခွင့်၊ ဈေးကွက်နှင့် စားသုံးသူအကြား လွတ်လပ်စွာယှဉ်ပြိုင်နိုင်ခွင့်၊ ဥပဒေကြောင်းအရ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများဆိုင်ရာလုံခြုံမှုအတွက် အာမခံပေးနိုင်သော ဥပဒေ၊ နည်းဥပဒေများ တိတိကျကျပြဋ္ဌာန်းထားခြင်း စသည်တို့မရှိသေးကြောင်း တွေ့ရှိနိုင်သည်။

၁၉၈၅ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ အာရှ၊ အာဖရိကနှင့် လက်တင်အမေရိက ဒေသများရှိ ဖွံ့ဖြိုးဆဲနိုင်ငံပေါင်း ၅၁ နိုင်ငံ၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုဆိုင်ရာ သုတေသနပြုလုပ်မှုတစ်ရပ်အရ ထုတ်လုပ်ဖြန့်ဖြူးမှုများ ပြုပြင်ပြောင်းလဲရန် လိုအပ်ချက် ခုနစ်မျိုးကို အောက်ပါအတိုင်း တွေ့ရှိရသည်-

(၁) နိုင်ငံပိုင်ကော်ပိုရေးရှင်းများတွင် ကုန်ကျစရိတ်မြင့်မားခြင်း၊ ဝန်ဆောင်မှုမတိုးချဲ့နိုင်ခြင်း၊ တည်ငြိမ်စိတ်ချရခြင်းမရှိသော ဖြန့်ဖြူးမှုများစသည်တို့ကြောင့် အားနည်းနေခြင်း၊

(၂) စီးပွားရေးတိုးတက်လာသည်နှင့်အမျှ မြင့်တက်လာနေသော ဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု၊ ကြံ့ခိုင်ထိန်းသိမ်းမှု၊ အဆင့်မြှင့်တင်မှုစသည့် စရိတ်များကို နိုင်ငံပိုင်လုပ်ငန်းများအနေဖြင့် လုပ်ဆောင်နိုင်စွမ်းမရှိတော့ခြင်း၊

(၃) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုများတွင်လည်းကောင်း၊ သုံးစွဲမှုတွက်ချက်သော စက်ကိရိယာများတွင်လည်းကောင်း နည်းပညာများ လျင်မြန်စွာ တိုးတက်ပြောင်းလဲလာခြင်းကြောင့် လျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးမှုတွင် ခေတ်ဟောင်းဖွဲ့စည်းတည်ဆောက်မှုများ အလုပ်မဖြစ်တော့ခြင်း၊

(၄) ပြည်သူ့ရေးရာဝန်ဆောင်မှုများတွင် အခြားသောကဏ္ဍများ၌ တိုးမြှင့်သုံးစွဲရခြင်းကြောင့် ပြည်သူများသို့ လျှပ်စစ်ဓာတ်အား ထောက်ပံ့ဖြည့်ဆည်းပေးနေခြင်းများ ဖယ်ရှားပေးရန် အကြောင်းဖန်လာခြင်း၊

(၅) နိုင်ငံတော်ပိုင်လုပ်ငန်းများကို ပုဂ္ဂလိကများလက်ဝယ်သို့ လွှဲပြောင်းရောင်းချခြင်းဖြင့် အချိန်တိုတိုအတွင်း ငွေကြေးအလုံးအရင်းများရရှိရန် လိုအပ်လာခြင်း၊

(၆) ၁၉၈၀ ပြည့်နှစ်များတွင် ချီလီ၊ အင်္ဂလန်၊ ဝေးလ်နှင့် နော်ဝေနိုင်ငံများ၌ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲမှု အောင်မြင်စွာပြုလုပ်နိုင်ခဲ့ခြင်းကြောင့် အခြားသောဖွံ့ဖြိုးဆဲနိုင်ငံများမှ ယင်းသို့သော ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရန် လိုလားလာခြင်း၊

(၇) နိုင်ငံများ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် မဖြစ်မနေဆောင်ရွက်ကြရေးအတွက် ကမ္ဘာ့ဘဏ်နှင့် အိုင်အမ်အက်ဖ်ကဲ့သို့သော ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများမှ ဖိအားပေး တောင်းဆိုလာကြခြင်း။

အထက်ပါ အခြေအနေ ခုနစ်မျိုးမှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုနယ်ပယ်တွင် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လာကြရသော အကြောင်းရင်းများဖြစ်နေသည်။ မြန်မာနိုင်ငံ၏ လက်ရှိဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုကဏ္ဍသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရလည်းကောင်း၊ တိုးတက်ပြောင်းလဲလာသော လူနေမှုစနစ်နှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေး အနာဂတ်ခန့်မှန်းချက်များအရလည်းကောင်း ပြုပြင်ပြောင်းလဲမှုများ အရေးတကြီးဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ကြောင်း တွေ့ရှိနိုင်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ ၏ နောက်ဆက်တွဲဇယား ၁ ပါ ပြည်ထောင်စုဥပဒေပြုစာရင်းအရ ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေဖြစ်သော အနာဂတ်မျိုးဆက်သစ်များအတွက် ရေရှည်တည်တံ့စေမည့် ပြည်ထောင်စုလျှပ်စစ်

ထက်ခိုင်

ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန် လိုအပ်မည်ဖြစ်သည်။ ဤသည်ကို ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုလွှတ်တော်တို့မှ အခြေခံဥပဒေပါ အခွင့်အရေးများအတိုင်း လွတ်လပ်စွာယှဉ်ပြိုင်လုပ်ကိုင်နိုင်စေမည့် အခြေအနေကောင်းတစ်ရပ် ပေါ်ထွက်လာစေရန် ဥပဒေပြုပေးရန် တာဝန်ရှိသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ ၏ နောက်ဆက်တွဲဇယား ၂ ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းရှိ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍမှ **ပြည်ထောင်စုက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေး**အတွက် ဥပဒေများ၊ နည်းဥပဒေများ ပြဋ္ဌာန်းပေးရေးကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များက ဆောင်ရွက်ပေးရန် တာဝန်ရှိသည်။ ထိုသို့ ဥပဒေများ၊ နည်းဥပဒေများ ရှင်းလင်းခိုင်မာစွာ ပြဋ္ဌာန်းပေးခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံမှုများ လုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးသက်ရောက်မှုများလျော့နည်းရေး၊ ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းနိုင်ရေးတို့ ရရှိစေမည်ဖြစ်သည်။

အချို့က လျှပ်စစ်ဓာတ်အား မလုံလောက်မှုများနှင့်စပ်လျဉ်း၍ စနစ်ကို အပြစ်တင်ကြသည်ကို တွေ့ရှိရသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အာမခံချက်များအား ထည့်သွင်းတွက်ချက်ရန် တင်ပြလိုခြင်းဖြစ်သည်။ စနစ်သည် ပြောင်းလဲနေပြီဖြစ်သည့်အပြင် ယင်းစနစ်မှ ပေးအပ်ထားသောလုပ်ကိုင်ခွင့်များ အပြည့်အဝရရှိစေရေး ကြိုးပမ်းအားထုတ်ကြရန်လိုအပ်နေသေးသည်ကို သိမြင်နားလည်မှသာ စနစ်သစ်၏ ကောင်းကျိုးများကို အပြည့်အဝ ရရှိခံစားနိုင်မည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများ၊ လုပ်ပိုင်ခွင့်များအား အပြည့်အဝရယူအသုံးချ၍ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းတို့တွင် ပုဂ္ဂလိကကဏ္ဍပါဝင်လာစေရန် လမ်းဖွင့်ပေးနိုင်သည့် အခွင့်အလမ်းရှိစေရန်လည်း လိုအပ်မည်။ ဆိုလိုသည်မှာ လျှပ်စစ်စွမ်းအင် ထုတ်လုပ်ဖြန့်ဖြူးမှုအကျပ်အတည်းကြောင့် ဖြစ်ပေါ်လာသော စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများအား လမ်းဖွင့်ပေးခြင်းအပါအဝင် ယင်းအခွင့်အလမ်းများကို အမိအရ ဆုပ်ကိုင်နိုင်ရေးသည် နိုင်ငံတော်အစိုးရနှင့် လွှတ်တော်တို့ကသာ ခေါ်ဆောင်ပေးနိုင်မည်ဟု သုံးသပ်မိသည်။

လျှပ်စစ်စွမ်းအင်အရင်းအမြစ်များ အားကိုးအားထားပြုမှု ပြုပြင်ပြောင်းလဲရေး

ထုတ်ပြန်ထားသော သတင်းအချက်အလက်များအရ သဘာဝအရင်းအမြစ်ပေါများမှုကို အခြေခံ၍ မြန်မာနိုင်ငံမှ ရွေးချယ်ခဲ့သော လျှပ်စစ်ထုတ်လုပ်ရေးမူဝါဒသည် ရေအားလျှပ်စစ်ကို အခြေခံခဲ့ကြောင်း တွေ့ရှိရသည်။ ယခု ၂၀၁၂ ခုနှစ် ဧပြီလအထိ မြန်မာနိုင်ငံရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၉ ရုံ ၂၆၆၀ မဂ္ဂါဝပ် ၊ တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ တစ်ရုံ ၁၂၀ မဂ္ဂါဝပ် နှင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ၁၅ ရုံ ၇၁၄ မဂ္ဂါဝပ် **စုစုပေါင်း ထုတ်လုပ်မှု ၃၄၉၄ မဂ္ဂါဝပ်ရှိကြောင်း** တွေ့ရှိရသည်။ ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း တည်ဆောက်ဆဲစီမံကိန်းများမှ ပြီးစီးနိုင်သည့် စီမံကိန်းများကို လေ့လာကြည့်သောအခါ ချီဗွေငယ်စီမံကိန်း ၉၉ မဂ္ဂါဝပ်၊ ဖြူးစီမံကိန်း ၄၀ မဂ္ဂါဝပ်၊ သောက်ရေခပ်(၂) စီမံကိန်း ၁၂၀ မဂ္ဂါဝပ်၊ ဘီလူးချောင်း (၃) စီမံကိန်း ၅၂ မဂ္ဂါဝပ်၊ နန်ချိုစီမံကိန်း ၄၀ မဂ္ဂါဝပ်၊ အထက်ဘီလူးချောင်းစီမံကိန်း ၂၉ မဂ္ဂါဝပ်၊ အထက်ပေါင်းလောင်းစီမံကိန်း ၁၄၀ မဂ္ဂါဝပ်ဖြစ်၍ စုစုပေါင်း ထပ်တိုးရရှိလာနိုင်သည့် မဂ္ဂါဝပ်မှာ ၅၀၂ သာ ဖြစ်ကြောင်း တွေ့ရှိရသည်။ ဤအချက်အလက်များသည် တရားဝင်ထုတ်ပြန်ထားသော သတင်းအချက်အလက်များကိုသာအခြေခံ၍ သုံးသပ်ခြင်းဖြစ်ပါသည်။

ဓာတ်အားသုံးစွဲမှုအပိုင်းကိုလည်း လေ့လာကြည့်ရာ ရန်ကုန်တိုင်းဒေသကြီးတွင် ၆၀၀ မဂ္ဂါဝပ်ခန့်၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၂၀ မဂ္ဂါဝပ်ခန့်၊ နေပြည်တော် ၅၀ မဂ္ဂါဝပ်၊ တောင်ကြီး ၂၅ မဂ္ဂါဝပ်၊ မုံရွာ ၁၅ မဂ္ဂါဝပ် အသီးသီးသုံးစွဲနေကြသည်။ အိမ်ထောင်စုအလိုက် လျှပ်စစ်မီးရရှိမှုကိုကြည့်လျှင် ရန်ကုန်တိုင်းဒေသကြီးတွင် သုံးအိမ်လျှင် နှစ်အိမ်ထောင်နှုန်း၊ ရာခိုင်နှုန်းအားဖြင့် ၆၆ ရာခိုင်နှုန်း ရရှိကြောင်း၊ ဒုတိယအများဆုံးမှာ (ဘီလူးချောင်းရေအားလျှပ်စစ်စက်ရုံရှိပြီး လူဦးရေနည်းပါးမှုကြောင့်) ကယားပြည်နယ်ဖြစ်ပြီး ၃၅ ရာခိုင်နှုန်းခန့်ရရှိကြောင်း တွေ့ရှိရသည်။ နေပြည်တော် ၃၄ ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီး ၃၃ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ် ၃၀ ရာခိုင်နှုန်း စသည်ဖြင့်ရရှိကြောင်း တွေ့ရှိရသည်။ ဧရာဝတီတိုင်းဒေသကြီးမှာ မြစ်ချောင်းများပေါများပြီး လူဦးရေပေါများမှုကြောင့် လျှပ်စစ်မီးရရှိမှုမှာ ၁၀ ရာခိုင်နှုန်းကျော်သာရှိပြီး ချင်းပြည်နယ်မှာ ဧရာဝတီတိုင်းဒေသကြီးထက်ပင် ပိုမို၍ရရှိကြောင်း တွေ့ရှိရသည်။

အဓိကအကျပ်အတည်းသည် လျှပ်စစ်အများဆုံးသုံးစွဲသော ရန်ကုန်မြို့၏ အနီးတွင် လုံလောက်အောင် ထုတ်လုပ်ပေးနိုင်သော ဓာတ်အားပေးစက်ရုံ မရှိခြင်းပင်ဖြစ်သည်။ လျှပ်စစ်ထုတ်လုပ်သည့်စက်ရုံများနှင့် ဝေးလံသောရန်ကုန်မြို့သို့ လျှပ်စစ်ဓာတ်အားဖြည့်တင်းရန် ဓာတ်အားလိုင်း ရှည်လျားစွာဆွဲရသဖြင့် ဓာတ်အား လေလွင့်ဆုံးရှုံးမှု များနေသည်။ ဥပမာ ရန်ကုန်မြို့သို့ လျှပ်စစ်ဓာတ်အား ၁၀၀ မဂ္ဂါဝပ်ရရှိစေရန် ၁၂၅ မဂ္ဂါဝပ်ခန့် ပို့ပေးရမည့်အနေအထားဖြစ်နေသည်။ ယခုလက်ရှိ ရန်ကုန်မြို့အနီးနားရှိ သဘာဝဓာတ်ငွေ့သုံးစက်ရုံများမှ အများဆုံးမဂ္ဂါဝပ် ၃၀၀ ခန့်သာ ထုတ်လုပ်ပေးနိုင်သည့်အတွက် သုံးစွဲမှု၏ထက်ဝက်ခန့်သာရှိနေသည်။ **(ယခု နောက်ဆုံးသိရှိရသော သတင်းများအရ တောင်ကိုရီးယားနိုင်ငံမှ Busan Korea Biotechnology BKB ကုမ္ပဏီမှ ရန်ကုန်မြို့နှင့် သီလဝါစက်မှုဇုန်အတွက် ၅၀၀ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်သော သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ရန် စတင်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် G.E ကုမ္ပဏီနှင့် ပူးပေါင်း၍ အလုံနှင့် လှော်ကားရှိ ဓာတ်ငွေ့သုံး တာဘိုင်သုံးလုံးအား အချိန်တိုအတွင်း စက်များအစုံလိုက်လဲလှယ်၍ မူလသုံးစွဲသည့် သဘာဝဓာတ်ငွေ့ပမာဏကိုပင် အသုံးပြုလျက် ၇၀ MW တိုးမြှင့်ထုတ်လုပ်ရေးကိုလည်း စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အခြားအစီအစဉ်ကိုလည်း သိရှိရသလောက် အောက်တွင်ဖော်ပြထားပါသည်။)**

သို့ရာတွင် အဓိကစဉ်းစားရန်မှာ တိုးတက်လာမည့် ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများ၏ လျှပ်စစ်လိုအပ်ချက်ကို ခန့်မှန်းတွက်ချက်၍ ဖြေရှင်းနိုင်ရေး စွမ်းအင်မူဝါဒချမှတ်ရန်ဟု သုံးသပ်မိသည်။

လူဦးရေ လေးသန်းခွဲသာရှိသော စင်ကာပူ၏လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ ၁၁၀၀၀ မဂ္ဂါဝပ်ရှိနေသည့်အတွက် လူဦးရေ ခြောက်သန်းရှိသော ရန်ကုန်မြို့သည် စီးပွားရေးတိုးတက်လာပြီး စက်မှုဖွံ့ဖြိုးလာခဲ့လျှင် လက်ရှိ ၆၀၀ မဂ္ဂါဝပ်မှ နှစ်ဆခန့်မြင့်တက်လာမည်ဖြစ်သည်။ သို့ဖြစ်၍ ရန်ကုန်၏အနီးပတ်ဝန်းကျင်တွင် လျှပ်စစ်ဓာတ်အား(အနည်းဆုံး) ၁၀၀၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်သော ဓာတ်အားပေးစက်ရုံများ တည်ဆောက်ထားရှိရန် လိုအပ်မည်ဖြစ်သည်။

မန္တလေးမြို့၏အနီးနား၌ မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်နိုင်သော ရဲရွာရေအားလျှပ်စစ်စက်ရုံတည်ဆောက်ထားသဖြင့်လည်းကောင်း၊ ဆည်တော်ကြီး၊ ကင်းတား စသည့်စက်ရုံငယ်များတည်ရှိနေခြင်းကြောင့်လည်းကောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းသို့ ပို့လွှတ်ရသည့် လျှပ်စစ်ဓာတ်အားမှာ မန္တလေးကို ဖြတ်သန်းသွားရသဖြင့်လည်းကောင်း၊ နောင်တွင် တိုးမြင့်လာမည့် သုံးစွဲမှုများအရလည်းကောင်း ထိုက်သင့်သည့် ဖူလုံမှုအခြေခံများရှိနေသည်ဟု ဆိုနိုင်သည်။

လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်မည့်စီမံကိန်းလျာထားချက်များကို လေ့လာကြည့်လျှင် ၂၀၁၂ ခုနှစ်မှ ၂၀၂၀ အထိ (ဘတ်ဂျက်ပုံမှန်ရရှိလျှင်) စီမံကိန်း ၁၁ ခုပြီးစီးမည်ဖြစ်သော်လည်း စက်တပ်ဆင်အား ၁၉၂၂ မဂ္ဂါဝပ်သာ တိုးတက်ရရှိလာမည်ဖြစ်သည်။ ပြည်သူလူထုမှ လျှပ်စစ်တိုးမြှင့်သုံးစွဲလာနိုင်မည့်အခြေအနေများ၊ စီးပွားရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ တိုးတက်မြင့်မားလာမည့်အလားအလာများနှင့် နှိုင်းယှဉ်ကြည့်လျှင် **လက်ရှိမြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုစီမံကိန်းလျာထားချက်များသည် လုံလောက်မှုမရှိနိုင်ဟု သုံးသပ်မိသည်။**

ဓာတ်အားပေးစက်ရုံများမှာ တောတောင်များထဲတွင် တည်ဆောက်ထားရှိပြီး မြန်မာနိုင်ငံမြောက်ပိုင်းမှ တောင်ပိုင်းသို့ ဓာတ်အားလိုင်း သွယ်တန်းပို့လွှတ်နေရသည်။ ဓာတ်အားထုတ်လုပ်မှု၏ ၄၀ ရာခိုင်နှုန်းကို မန္တလေးတိုင်းဒေသကြီး(ရဲရွာ၊ ပေါင်းလောင်း၊ ဆည်တော်ကြီး၊ ကင်းတား)မှ ထုတ်လုပ်ပြီး ၂၀ ရာခိုင်နှုန်းကို ရှမ်းတောင်နှင့် ကယားပြည်နယ် (လောပိတ-၁၊ ၂၊ တီကျစ်၊ ကျိုင်းတောင်း၊ ဇော်ဂျီ ၁ နှင့် ၂)၊ ရန်ကုန်အနီးရှိ သဘာဝဓာတ်ငွေ့သုံးစက်ရုံများမှ ၂၀ ရာခိုင်နှုန်း(အလုံ၊ လှော်ကား၊ ရွာမ၊ သာကေတ)၊ ရှမ်းမြောက်မှ ၁၅ ရာခိုင်နှုန်း(ရွှေလီ ၁) ထုတ်လုပ်လျက်ရှိသည်ဟု သတင်းထုတ်ပြန်မှုများအရ သိရသည်။ ရန်ကုန်တွင် သုံးစွဲသည့်လျှပ်စစ်ဓာတ်အားကို ရွှေလီမှ စတင်သယ်ယူပြီး ရွှေလီ-မန်စံ-ရွှေစာရံ(မန္တလေးအနီး)မှ ဘဲလင်း-သပြေဝ(မိတ္ထီလာအနီး)အထိ၊ ၎င်းမှ သာစည်-ပျဉ်းမနား-တောင်ငူ-ကမာနတ်(ပဲခူးအနီး)၊ ၎င်းမှ ရန်ကုန်မြို့ပြင်ရှိ ဓာတ်အားခွဲရုံများသို့ ပို့ဆောင်ပေးရသည်။ ရဲရွာမှ ထုတ်လုပ်သောဓာတ်အားမှာ ဘဲလင်းနှင့် သပြေဝတွင် လာရောက်ပေါင်းဆုံပြီး ပေါင်းလောင်းမှ ဓာတ်အားမှာ ပျဉ်းမနားတွင် လာရောက်ပေါင်းဆုံသည်။ လောပိတမှ ထုတ်လုပ်သောဓာတ်အားမှာ လောပိတ-တီကျစ်-ကလော-သာစည် ဓာတ်အားလိုင်းမှတစ်ဆင့် သာစည်တွင် လာရောက်ပေါင်းဆုံပြီး လောပိတ-တောင်ငူဓာတ်အားလိုင်းမှတစ်ဆင့် တောင်ငူတွင် လာရောက်ပေါင်းဆုံသည်။**(ရွှေလီ-မန်စံ ဓာတ်အားလိုင်းမှ တာဝါတိုင်မိုင်းခွဲခံရ၍ ဓာတ်အားပို့လွှတ်မရသောကြောင့် ရန်ကုန်မြို့သို့ ဓာတ်အားမရောက်နိုင်ခြင်းဖြစ်သည်ကို သတင်းထုတ်ပြန်ထားကြောင်း ဖတ်ရှုရသည်။)**

ရှည်လျားသောဓာတ်အားလိုင်းဖြင့် ပေးပို့ရာ၌ လျှပ်စစ်ဓာတ်အားလျော့နည်းပျောက်ဆုံးမှုများဖြစ်ပေါ်ရသည်။ လက်ရှိအခြေအနေတွင် အသုံးပြုနေသည့် အမျိုးသားဓာတ်အားကွန်ရက်တွင် ရှည်လျားပြီး အဆင့်မြှင့်တင်ရန်လိုအပ်သည့် ဓာတ်အားလိုင်းမှ ဖြန့်ဖြူးရခြင်းကြောင့် ပို့လွှတ်သောဓာတ်အား၏ ၂၅ရာခိုင်နှုန်းခန့် ပျောက်ဆုံးနေသည့်ကိစ္စသည်လည်း အလေးထားကုစားရမည့်ကိစ္စဖြစ်ပေသည်။ လျှပ်စစ်ဓာတ်အားပျောက်ဆုံးရခြင်းသည် ဓာတ်အားသယ်ယူမှုနှင့် ဖြန့်ဖြူးမှုစနစ် (Transmission and Distribution System)၏ အားနည်းမှုကြောင့် ဖြစ်ပေါ်ရသည်။ ထိုကိစ္စကို နည်းပညာကျွမ်းကျင်သောလူနှင့် အဆင့်မီစက်ပစ္စည်းအသစ်များ အသုံးပြု၍ ဆောလျင်စွာပြင်ဆင်သင့်ပေသည်။ **လျော့နည်းပျောက်ဆုံးမှုနည်းနိုင်သမျှနည်းစေရန် နည်းလမ်းများရှာဖွေဆောင်ရွက်သင့်**သည်။

ရေအားလျှပ်စစ်ကိုသာ အားကိုးခြင်းမပြုဘဲ Alternative Energy Production များ ရှာဖွေရေး

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားမူဝါဒသည် **သဘာဝအရင်းအမြစ်ရေအားမှ လျှပ်စစ်ထုတ်လုပ်ရေးကိုသာ အဓိကထားဆောင်ရွက်ခဲ့ခြင်းကို ပြောင်းလဲရန် ကျွမ်းကျင်သူများဖြင့် ဖော်ထုတ်သုံးသပ်ခြင်းပြုသင့်သည်ဟု အကြံပြုလိုသည်။**

မြန်မာနိုင်ငံ၏ လက်ရှိဓာတ်အားထုတ်လုပ်မှုမှာ ကျောက်မီးသွေးမှ ၃ ဒသမ ၅ ရာခိုင်နှုန်း ၊ သဘာဝဓာတ်ငွေ့မှ ၂၀ ဒသမ ၄ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်မှ ၇၆ ဒသမ ၁ ရာခိုင်နှုန်း ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများကို လေ့လာကြည့်လျှင်-

- တရုတ်နိုင်ငံတွင် ကျောက်မီးသွေးမှ ၇၉ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ သုည ဒသမ ၉ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်မှ ၁၆ ဒသမ ၉ ရာခိုင်နှုန်း၊
- အိန္ဒိယနိုင်ငံတွင် ကျောက်မီးသွေးမှ ၆၈ ဒသမ ၆ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၉ ဒသမ ၉ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်မှ ၁၃ ဒသမ ၇ ရာခိုင်နှုန်း၊
- အမေရိကန်ပြည်ထောင်စုတွင် ကျောက်မီးသွေးမှ ၄၈ ဒသမ၈ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၂၀ ဒသမ ၈ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်မှ ၆ ဒသမ ၄ ရာခိုင်နှုန်း၊
- ဂျပန်နိုင်ငံတွင် ကျောက်မီးသွေးမှ ၂၆ ဒသမ ၆ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၂၆ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်မှ ၇ ဒသမ၆ရာခိုင်နှုန်း။

ကမ္ဘာ့နိုင်ငံအများစုအနေဖြင့် လျှပ်စစ်ဓာတ်အားကို ကျောက်မီးသွေးမှ ၄၀ ဒသမ ၈ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၂၁ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်မှ ၁၆ ဒသမ ၂ ရာခိုင်နှုန်း ထုတ်ယူသုံးစွဲကြောင်း တွေ့ရှိရသည်။ စက်မှုထွန်းကားသော ထိုနိုင်ငံကြီးများ၏ လျှပ်စစ်စွမ်းအင်မူဝါဒကို လေ့လာသင့်ပေသည်။

ရေအားလျှပ်စစ်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည် သန့်စင်သည့်စွမ်းအင် Green Energy ဟူ၍ အများစုက သတ်မှတ်ထားသော်လည်း ထုတ်လုပ်မှုပမာဏကြီးမားသည်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကြီးမားလာခြင်း၊ ဆည်တည်ဆောက်မှုဧရိယာကြီးမားသည်နှင့် ပြည်သူများ၏ လူမှုဘဝများအပေါ် သက်ရောက်မှုကြီးမားလာခြင်း၊ ဇီဝမျိုးစိတ်များနှင့် ဂေဟစနစ်ကို ထိခိုက်နိုင်မှုကြီးမားလာခြင်း စသည့်ဆိုးရွားသည့်အကျိုးဆက်များအရ ရေအားလျှပ်စစ်သည် အမှန်တကယ်သန့်စင်သော စွမ်းအင် ဟုတ်၊ မဟုတ် ငြင်းချက်ထုတ်လာသည်ကို တွေ့လာရပေသည်။

တစ်ဖန် ရင်းနှီးမြှုပ်နှံမှုကြီးမားသော်လည်း ရေရှည်ကုန်ကျစရိတ်သက်သာသည့် နျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်ရေးစီမံကိန်းများသည်လည်း ချာနိုဘိုင်းဓာတ်ပေါင်းဖို ပေါက်ကွဲမှုနောက်ပိုင်း ဝေဖန်ဆန့်ကျင်မှုများ ဖြစ်ပေါ်ခဲ့ရာမှ ဂျပန်နိုင်ငံ ဖူကူရှီးမားဓာတ်ပေါင်းဖိုပေါက်ကွဲမှု၌ ဆန့်ကျင်မှုများ ပြင်းထန်လာခဲ့ပြီး ဂျပန်နိုင်ငံပင်လျှင် နျူကလီးယားဓာတ်ပေါင်းဖိုအားလုံး ရပ်ဆိုင်းရန် ထုတ်ပြန်ကြေညာခဲ့ရသည့် အနေအထားကို တွေ့မြင်ရသည်။ ဂျာမနီနိုင်ငံတွင် ဓာတ်ပေါင်းဖိုအားလုံး ပိတ်သိမ်းရန် ကြေညာခဲ့သည်ကို သိရှိကြရပေမည်။ လက်ရှိ မြန်မာနိုင်ငံ၏နည်းပညာနှင့် ရင်းနှီးမြှုပ်နှံနိုင်မှုအနေအထားနှင့် နိုင်ငံရေးအရ သုံးသပ်သင့်သောကြောင့် နျူကလီးယားဓာတ်အားပေးစက်ရုံတည်ဆောက်ရေးကို မစဉ်းစားကြောင်းကိုလည်း သိရှိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ရေအရင်းအမြစ်အသုံးပြုခြင်းအစား သဘာဝဓာတ်ငွေ့သုံးစွဲ၍လည်းကောင်း၊ ကျောက်မီးသွေးလောင်စာသုံး သုံးစွဲ၍လည်းကောင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်နိုင်ရေးမူဝါဒသို့ ပြင်ဆင်ဆောင်ရွက်သင့်ပြီဟု အကြံပြုလိုသည်။

(ဆက်လက်ဖော်ပြပါမည်)

အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်နှင့် တိုင်းရင်းသားကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များ တွေ့ဆုံ

နေပြည်တော် မေ ၃၁

အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့ တွေ့ဆုံပွဲကို မေ ၂၇ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်နှင့် ကော်မတီဝင်များ၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးကျင်ဖေ၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ ဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်နှင့် အတွင်းရေးမှူး ဦးခက်ထိန်နန်တို့က မွန်ပြည်နယ်သို့ရောက်ရှိလာသည့် အမျိုးသားလွှတ်တော်တိုင်းရင်းသားရေးရာကော်မတီ၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များသည် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများနှင့် နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း၊ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာ၊ စစ်မှုထမ်းဟောင်း၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့စသည့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဘာသာရေးအသင်းအဖွဲ့များမှဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ မွန်ပြည်သစ်ပါတီတို့မှ တာဝန်ရှိသူများနှင့် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် လည်းကောင်း ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

အမျိုးသားလွှတ်တော်တိုင်းရင်းသားရေးရာကော်မတီ ဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်၊ အမျိုးသားလွှတ်တော်တိုင်းရင်းသားရေးရာကော်မတီနှင့် မွန်ပြည်နယ်ရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲများတွင် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့သို့ လှည့်လည်သွားရောက်ပြီးနောက် မွန်ပြည်နယ်သို့ ရောက်ရှိလာမှု၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအခြေအနေများ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ လိုအပ်ချက်များကို တွေ့ဆုံမေးမြန်းနိုင်ခဲ့မှုများ၊ မွန်ပြည်နယ်မှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများအနေဖြင့် မိမိဒေသ၏ လိုအပ်ချက်များအား ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြနိုင်မှုများ၊ ဒေသအသီးသီး၏ တင်ပြချက်များအား ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်တင်ပြနိုင်ရေးဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဝန်ကြီးများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ တက်ရောက်လာကြသူများက ဒေသအကျိုးနှင့် တိုင်းရင်းသားပြည်သူများအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဥပဒေပညာရှင်များက ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်အား ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးကျင်ဖေက တိုင်းရင်းသားမွန်လူမျိုးများအကြောင်း သမိုင်းကောက်နုတ်ချက်၊ ဆောင်းပါး၊ စာတမ်းပေါင်းချုပ်မှတ်တမ်းစာအုပ်နှင့် မွန်သမိုင်းပုံရိပ်များ စာအုပ်တို့ကို လက်ဆောင်ပေးအပ်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၁-၆-၂၀၁၂ (သောကြာနေ့)

၅း၄၀	နိဗ္ဗာန်၏သဘောသတ္တိ တရားတော်
၈း၅၅	ကမ္ဘာ့အစာအိမ်၊အူလမ်းကြောင်းနှင့်အသည်းကျန်းမာရေးနေ့ အထိမ်းအမှတ် ကျန်းမာရေးဆွေးနွေးပွဲ
၁၀း၀၀	ခေတ်သစ်ပျိုမေ
၁၂း၃၀	မြန်အောင်မြို့ (၂၁)ကြိမ်မြောက် ပရဟိတစုပေါင်းရှင်ပြုအလှူတော်ပွဲ
၂း၅၅	ရန်ကုန်မြင်ကွင်းကျယ် (ချစ်စရာကလေးငယ်များ ဓာတ်ပုံပြိုင်ပွဲ)
၅း၀၅	ကင်ဆာဝေဒနာရှင်များအတွက် Parkway Cancer Centre
၇း၁၅	Style ရှိမှ Star ဖြစ်မယ်
၈း၃၀	Myanmar Cooking Master (တတိယအဆင့်) (ပွဲစဉ်-၂)
၁၂း၀၅	သူတို့ပြောတဲ့သူတို့အကြောင်း (ဦးနန်းဝင်း) (အပိုင်း-၂)
၂း၂၀	သတင်းပေးလို့ဖော် တောင်ငူပဲကြော်၊ ပဲလှော်
၄း၅၀	အံ့ဖွယ်ထူးခြား ကလောမဟာမုနိ ဆုတောင်းပြည့်နှီးဘုရား

ဈေးကြီးများနှင့်မီးဘေး

အိဖြွေစင်ဝင်း

မီးလောင်ဆုံးရှုံးမှုများကြောင့် မီးဘေးအန္တရာယ် သတိပြုစရာဖြစ်လာ

မြန်မာနိုင်ငံတွင် ဆုံးရှုံးမှု ကြီးမားသောဈေးကြီးများ၏ မီးလောင်ဆုံးရှုံးမှုဖြစ်စဉ်များကြောင့် မီးဘေးအန္တရာယ်သတိပြုစရာများ ဖြစ်လာသည်။ အထူးသဖြင့် ဈေးကြီးများ၏ မီးလောင်မှုဖြစ်စဉ်များသည် ဈေးပိတ်ထားသော ညအချိန်များနှင့် နံနက်အစောပိုင်းအချိန်များတွင် အများဆုံးဖြစ်ပေါ်ခဲ့သောကြောင့် ပိုမိုသတိပြုစရာဖြစ်နေပြီး ဈေးများ၏ မီးဘေးကာကွယ်ရေးစနစ်များပြည့်စုံကောင်းမွန်ရန် လိုအပ်နေခြင်းအပြင် ဈေးများ၏ လုံခြုံရေးပိုင်းတွင်လည်း လိုအပ်ချက်များရှိလာသည်ကို လေ့လာတွေ့ရှိရသည်။

ဆုံးရှုံးမှုကြီးမားခဲ့သော ဈေးကြီးများ၏ မီးလောင်မှုဖြစ်စဉ်များတွင်လည်း အဆိုပါဈေးကြီးများ၏ ကာကွယ်မှုစနစ်အားနည်းခြင်း၊ မီးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းနှင့် ပတ်သက်၍ ပညာပေးသင်တန်းများ အားနည်းခြင်း၊ မီးသတ်ပစ္စည်းကိရိယာများ မလုံလောက်ခြင်းနှင့် ဈေးအနီးပတ်ဝန်းကျင်တွင် မီးငြိမ်းသတ်နိုင်သည့် ရေလုံလောက်စွာမရရှိခြင်းတို့ကြောင့်လည်း ဆုံးရှုံးမှုများ ပိုမိုကြီးမားခဲ့ခြင်းအပြင် ဈေးလုံခြုံရေးပိုင်းတွင် စောင့်ကြပ်ကြည့်ရှုမှုအပိုင်းသည်လည်း အားနည်းချက်များ ရှိနေခဲ့သည်။ မီးဘေးကာကွယ်ရေး အားနည်းချက်များရှိသော ဈေးကြီးများ၏ မီးလောင်မှုမှတစ်ဆင့် လူနေရပ်ကွက်များအတွင်းသို့ လျင်မြန်စွာ ကူးစက်ပျံ့နှံ့မှု မရှိစေရန် ကြိုတင်ကာကွယ်ရေးအပိုင်းမှာ အထူးအရေးကြီးလာသည်။

ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းတွင် ဖြစ်ပေါ်ခဲ့သော ဈေးကြီးများ၏ မီးလောင်မှုများကို လေ့လာကြည့်ပါက မီးဘေးကာကွယ်ရေးစနစ်အားနည်းချက်များကိုတွေ့ရှိရပြီး အထူးသဖြင့် ဈေးကြီးများအတွင်း ဈေးတည်ဆောက်ထားရှိမှုနှင့် ကုန်ပစ္စည်းသိုလှောင်ထားရှိမှု စနစ်မကျခြင်း၊ ဈေးအတွင်း လောင်စာပစ္စည်းများထားရှိခြင်းကြောင့် လျင်မြန်စွာ မီးကူးစက်ခြင်း၊ မီးငြိမ်းသတ်မည့် မီးသတ်ပစ္စည်းကိရိယာများ ဈေးများတွင် ပြည့်စုံလုံလောက်မှုမရှိခြင်း၊ မီးလောင်မှုဖြစ်ပါက ဈေးများအတွင်းသို့ မီးသတ်ကားများဝင်ရောက်ရန် ခက်ခဲခြင်းနှင့် အလွယ်တကူမီးငြိမ်းသတ်၍ မရခြင်း၊ ဈေးအတွင်းနှင့် ဈေးအနီးတစ်ဝိုက်တွင် မီးငြိမ်းသတ်နိုင်သည့် မီးသတ်ရေကန်များ မရှိခြင်း၊ မီးလောင်သည့်အချိန် အများစုမှာ ညဥ့်နက်ပိုင်းနှင့် အရုဏ်ဦးမတိုင်မီအချိန်တို့တွင် ဖြစ်ပွားမှုများရှိနေခြင်း၊ ဈေးသူဈေးသားများနှင့် အနီးပတ်ဝန်းကျင်တွင် နေထိုင်ကြသူများ၏ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းနှင့် ပတ်သက်၍ ပညာပေးသင်တန်းများ၊ ကြိုတင်လေ့ကျင့်မှုများ မရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း မီးသတ်ဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ သိရှိရသည်။

မန္တလေး ရတနာပုံဈေး၊ မော်လမြိုင်ဈေး၊ သဃ်န်းကျွန်းဈေး၊ အဆင့်မြင့်မင်္ဂလာဈေးစသည့် ဈေးကြီးများ၏ မီးလောင်မှုဖြစ်စဉ်များသည် ဆုံးရှုံးမှုများကြီးမားခဲ့သလို အထင်ကရဖြစ်စဉ်ကြီးများဖြစ်ခြင်းကြောင့် သတိပြုစရာဖြစ်ခဲ့ပြီး အခြားသောဈေးကြီးများအတွက်လည်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ထားရန် တပ်လှန့်လိုက်သကဲ့သို့ ဖြစ်ခဲ့ရသည်။ ထိုဈေးကြီးများကို ပြန်လည်ပြုပြင်ခဲ့ပြီး အများစုမှာ ယခင်မူလဈေးများကဲ့သို့ မဟုတ်တော့ဘဲ အဆင့်မြင့်ဈေးများအဖြစ် အသစ်ပြန်လည်တည်ဆောက်ခဲ့ကြသည်။ အချို့မှာ လူနေအိမ်ခန်းများ၊ အဆောက်အအုံများပါဝင်သော အဆင့်မြင့်ဈေးကြီးများအဖြစ် ကုမ္ပဏီများနှင့် ပူးပေါင်းကာ ပြန်လည်ဖန်တီးခဲ့ကြသည်။ ထို့ကြောင့် မီးလောင်လွယ်သော သစ်သား ဈေးကြီးများ၊ အိုဟောင်းနေသော ဈေးကြီးများနှင့် သွားလာမှုအချက်အချာကျသောနေရာများရှိ ဈေးကြီးများအား အသစ်ပြန်လည်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ပြုပြင်ခြင်းများ ဆောင်ရွက်သွားမည်ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ထိုစဉ်က သတင်းထုတ်ပြန်ခဲ့သည်။ ထို့အတူ သက်တမ်းကြာမြင့်နေသော ဈေးများနှင့် အချက်အချာကျသောနေရာများရှိ ဈေးများ၏ ပြောင်းရွှေ့ဆောက်လုပ်မည့် ကောလာဟလသတင်းများလည်း ထွက်ပေါ်ခဲ့သည်။ ထို့နောက်ပိုင်းတွင် ဈေးများ၏ မီးလောင်မှုဖြစ်စဉ်များ လျော့နည်းခဲ့သော်လည်း ယခုနှစ်အတွင်းတွင် ဈေးမီးလောင်မှုဖြစ်စဉ်များကို ပြန်လည်ကြုံတွေ့လာကြရသည်။ ပြီးခဲ့သည့် ဧပြီလ ၁၀ ရက်က တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက်ရှိ ဟေမဝန်ဈေး မီးလောင်မှုဖြစ်ပေါ်ခဲ့ပြီး ဆိုင်ခန်းပေါင်း ၈၉၃ ခန်း မီးလောင်ဆုံးရှုံးခဲ့ရသည်။ဆုံးရှုံးမှုများရှိခဲ့ပြီး ဆိုင်ခန်း ကိုးခန်းသာ မီးအာမခံလျော်ကြေး ပြန်လည်ရရှိခဲ့သည်။ မီးလောင်မှုဖြစ်ပေါ်သည့်အချိန်မှာလည်း နံနက် ၁ နာရီဝန်းကျင်အချိန် ဖြစ်နေခြင်းက သတိပြုစရာပင်ဖြစ်သည်။ ထို့အတူ အသစ်ပြန်လည်တည်ဆောက်ရန် သတင်းများထွက်ပေါ်နေသည့် နှစ်ပေါင်း ၅၀ ကျော် သက်တမ်းရှိ ရှမ်းလမ်းဈေး(ဂွဈေး)၏ မီးလောင်မှုဖြစ်စဉ်သည်လည်း မေလ ၁၈ ရက် နံနက် ၂ နာရီဝန်းကျင်ခန့်က ဖြစ်ပေါ်ခဲ့သည်။ ဈေးကြီးများ၏ မီးလောင်မှုဖြစ်စဉ်များက ဆုံးရှုံးမှုများကြီးမားပြီး ဈေးသူ ဈေးသားများ၊ ဈေးကို မှီခိုနေကြသူများ ဒုက္ခရောက်ကြရသည်။ ထို့ကြောင့် ဈေးများ၏ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုအစီအစဉ်များ အရေးပါလာခဲ့ပြီး လုံခြုံရေးအပိုင်း မြှင့်တင်ရန်လည်း လိုအပ်သည်ဟု ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

၂၄-၅-၂၀၁၀ ရက်နေ့က မင်္ဂလာဈေးကြီး မီးလောင်ကျွမ်းခဲ့စဉ်။

မီးလောင်မှုများ ဖြစ်ပေါ်သည့်အခါ မီးငြိမ်းသတ်သည့် မီးသတ်ယာဉ်တစ်စီးသည် ပျမ်းမျှအားဖြင့် ရေဂါလန် ၇၀၀ မှ ၁၀၀၀ ခန့်အထိ ဝင်ဆံ့သဖြင့် အဆိုပါရေပမာဏကို မီးငြိမ်းသတ်ရာတွင် သုံးမိနစ်မှ ငါးမိနစ်ခန့်အထိသာ ငြိမ်းသတ်နိုင်သည်။ ထို့အတွက် မီးသတ်ယာဉ်များ အချိန်မီရေဖြည့်ရန်လိုအပ်ပြီး ရေဂါလန် ၅၀၀၀ မှ ၁၀၀၀၀ ဆံ့ ရေလှောင်ကန်များ၊ သဘာဝရေကန်များ၊ မီးသတ်ရေစင်များ၊ မီးသတ်ဆေးဘူးများကို ဈေးများ၊ စက်ရုံများနှင့် လူနေရပ်ကွက်များ၊ အထပ်မြင့် အဆောက်အအုံများတွင် မရှိမဖြစ်ထားရှိထားရန် လိုအပ်မည်။

အထပ်မြင့် အဆောက်အအုံများ၊ အဆင့်မြင့် ဈေးကြီးများတည်ဆောက်ရာတွင်လည်း မီးသတ်ရေငုတ်များ၊ မီးသတ်ပိုက်များ၊ အရေးပေါ်ထွက်ပေါက်နှင့်ထွက်ပေါက်သင်္ကေတများ၊ အလိုအလျောက် မီးသတ်ရေဖျန်းသည့်စနစ်များ၊ မီးသတ်ရေတိုင်ကီများ၊ မီးသတ်သမားသုံးဓာတ်လှေကားများလည်း ပြည့်စုံရန် အရေးကြီးသည်ဟု မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတို့က ဆိုသည်။ ထို့ကြောင့် အသစ်ပြန်လည်တည်ဆောက်သော ဈေးကြီးများ၊ အဆောက်အအုံများတွင် အင်္ဂါရပ်များနှင့်အညီ ပြည့်စုံညီညွတ်နေရန် လိုအပ်မည်ဖြစ်သည်။

ရှိရင်းစွဲ ဈေးကြီးများတွင်လည်း မီးသတ်လုံခြုံမှုစနစ် ပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်ထားရန်နှင့် မီးဘေးသတိကြိုတင်ကာကွယ်မှုများ၊ အာမခံစနစ်များ ဆောင်ရွက်ထားရန် လိုအပ်သည်။

လူမရှိသည့် ဈေးပိတ်ချိန်များတွင် ဖြစ်ပေါ်နေသော မီးလောင်မှုများတွင် လျှပ်စစ်မီးအသုံးပြုမှုသည်လည်း သတိပြုဆင်ခြင်စရာပင် ဖြစ်သည်။ လျှပ်စစ်ဝါယာရှော့ကြောင့် အများဆုံးဖြစ်ပေါ်နေကြောင်း သက်ဆိုင်ရာ၏ သတင်းထုတ်ပြန်ချက်များအရ လျှပ်စစ်ကြိုးသွယ်တန်းမှု၊ လျှပ်ကာပစ္စည်းများ အသုံးပြုမှုများတွင် စနစ်ကျမှန်ကန်မှုရှိရန် လိုအပ်သည်။ မီးဘေးကာကွယ်ရေးစနစ် အားနည်းမှုများရှိခဲ့သည့်အပြင် လုံခြုံရေးအားနည်းချက်များကြောင့် ဆုံးရှုံးမှုကြီးမားသော မီးလောင်မှုဖြစ်စဉ်များကို ကြုံတွေ့ခဲ့ကြရရာ ဈေးကြီးများ၏ မီးဘေးအန္တရာယ်သည် ပိုမိုသတိပြုဆင်ခြင်စရာပင်ဖြစ်သည်။ အမြဲသတိဖြင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားရန်သာ ရှိတော့သည်။

၁၂-၂-၂၀၁၀ ရက်နေ့က သဃ်န်းကျွန်းဈေး မီးလောင်ကျွမ်းခဲ့စဉ်။

ဆုံးရှုံးမှုကြီးမားခဲ့သော မီးလောင်မှုဖြစ်စဉ်အချို့

အချိန်ကာလ	မီးလောင်မှုဖြစ်ပွားခဲ့သည့်နေရာ
၂၉ - ၁ - ၂၀၀၁	အုတ်ဖိုမြို့ စည်ပင်ဈေး
၂၅ - ၁၂ - ၂၀၀၁	လားရှိုးမြို့ စည်ပင်ဈေး
၂၉ - ၃ - ၂၀၀၂	နေပြည်တော် တပ်ကုန်းစည်ပင်ဈေး
၂၇ - ၁ - ၂၀၀၄	ကျိုက်ထီးရိုးဘုရားရင်ပြင်ဈေး
၃၀ - ၁၁ - ၂၀၀၅	လှိုင်သာယာ ချားမင်းစက်ရုံ
၂၄ - ၁၀ - ၂၀၀၆	သဃ်န်းကျွန်း လင်းထက်အထည်ချုပ်စက်ရုံ
၁၉ - ၂ - ၂၀၀၇	ပခုက္ကူမြို့မဈေး
၁၅ - ၈ - ၂၀၀၇	လှိုင်သာယာ Friendship အထည်ချုပ်စက်ရုံ
၁၄ - ၁၀ - ၂၀၀၇	ရွှေပြည်သာ အစာစပ်စက်ရုံ
၂၂ - ၁၀ - ၂၀၀၇	လှိုင်သာယာ ခြူးအင်တာနေရှယ်နယ်ဖိနပ်စက်ရုံ
၂၅ - ၂ - ၂၀၀၈	မန္တလေး ရတနာပုံဈေး
၉ - ၉ - ၂၀၀၈	တွံတေးမြို့မဈေး
၁ - ၁၂ - ၂၀၀၈	မော်လမြိုင်ဈေး
၂၂ - ၈ - ၂၀၀၉	MWDC အရက်ချက်စက်ရုံ
၁၂ - ၂ - ၂၀၁၀	သဃ်န်းကျွန်းဈေး
၂၄ - ၅ - ၂၀၁၀	အဆင့်မြင့်မင်္ဂလာဈေး
၁၀ - ၄ - ၂၀၁၂	တောင်ဥက္ကလာ ဟေမဝန်ဈေး
၁၈ - ၅ - ၂၀၁၂	ရှမ်းလမ်း(ဂွ)ဈေး

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ (၂/၂၀၁၂)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၃၁

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ်အနက် တစ်ခုဖြစ်သော အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းနှင့် ပတ်သက်၍ အသေးစားငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ (၂/၂၀၁၂) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို မေ ၂၉ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက် အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာ၌ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ ထပ်ဆင့်ထုတ်ပြန်၍ အသေးစားငွေရေးကြေးရေး လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အသေးစားငွေရေးကြေးရေး လုပ်ငန်းလုပ်ကိုင်လိုသည့် အဖွဲ့အစည်းများသည် အသေးစား ငွေရေးကြေးရေး လုပ်ငန်းဥပဒေနှင့်အညီ တရားဝင်ဖွဲ့စည်းမှတ်ပုံတင်၍ လိုင်စင်လျှောက်ထားမှုကို မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ရည်မှန်းချက်ဖြစ်သည့် အသေးစားပုဂ္ဂလိကငွေစုငွေချေး လုပ်ငန်းများ စည်းကမ်းစနစ်တကျနှင့် ဖွံ့ဖြိုးတိုးတက် အကောင်အထည်ပေါ်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထိန်လင်းက အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး အစည်းအဝေး တက်ရောက်လာကြသော နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီး/ ပြည်နယ် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများက မိမိတို့ဒေသအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းတို့က တင်ပြချက်များနှင့်စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုများသည် ဝင်ငွေနည်းပြည်သူများထံ ဥပဒေနှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိရန်လည်း လိုအပ်ကြောင်း၊ အသေးစားငွေရေးကြေးရေး လုပ်ငန်းသည် ယခုမှအစပျိုးဆောင်ရွက်သည့်အဆင့်တွင် ရှိသေးသဖြင့် ကြီးကြပ်ကွပ်ကဲမှု ဆောင်ရွက်ကြမည့် ဝန်ထမ်းများ၏ အရည်အသွေး၊ အရည်အချင်းများ ပိုမိုမြင့်မားရန် လိုအပ်သကဲ့သို့ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများ၏ အရည်အသွေး၊ အရည်အချင်းများလည်း အချိုးညီ မြင့်မားတိုးတက်စေရန်လိုအပ်ကြောင်း၊ သို့မှသာ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းလိုင်စင်များ ပိုမိုလျှောက်ထားလာစေရေးနှင့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ခွင့်ပြုပြီးဖြစ်သည့် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် အနီးကပ်ကြီးကြပ် ကွပ်ကဲဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည့် အခက်အခဲများရှိပါကလည်း ပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၏ (၂/၂၀၁၂) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

အမည်၊ရာထူး၊ဌာန	**ခန့်ထားသည့် ရာထူး၊ ဌာန**
(၁) ဦးကျော်ဆန်း အထွေထွေမန်နေဂျာ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း သတ္တုတွင်းဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး အမှတ်(၁)သတ္တုတွင်းလုပ်ငန်း သတ္တုတွင်းဝန်ကြီးဌာန
(၂) ဦးငွေအောင် ညွှန်ကြားရေးမှူး ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန သတ္တုတွင်းဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး အမှတ်(၃)သတ္တုတွင်းလုပ်ငန်း သတ္တုတွင်းဝန်ကြီးဌာန

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁-၆-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ပရိတ်တရားတော်
၈း၁၀	၂။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၂၀	၃။	“မြေဆီစိုခိုက်သစ်ပင်စိုက်ဖို့ လူတိုင်းပါဝင်ဆောင်ရွက်စို့”
၈း၄၀	၄။	International News

ညပိုင်း

၄း၂၀	၁။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၂၅	၂။	နှောင်းခေတ်တေးပဒေသာ
၄း၃၅	၃။	“နှစ်ပေါင်း” (၂၀)
၄း၅၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ(ရူပဗေဒ)
၅း၅၀	၅။	“စုစည်းခံစား ကမ္ဘာ့အားကစား”
၆း၀၀	၆။	ညနေခင်းသတင်း
၆း၂၀	၇။	ရသစုံလင် အင်တာနက်ဥယျာဉ်
၇း၀၀	၈။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ဆ-ဆရာရှိသေပါ” (အပိုင်း-၁၀)**
၈း၀၀	၉။	ပြည်တွင်းသတင်း
	၁၀။	**“သူ့အကြိုက် ကိုယ့်အကြိုက်”** (စောမင်းနောင်၊ မျိုးဆွေသန့်၊ မြသက်ထားခင်) (ဒါရိုက်တာ-မျိုးအေး)
	၁၁။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ရင်ဆိုင်ရမယ့် နေ့ရက်များ”(အပိုင်း-၁၀)**

ပခုက္ကူမြို့မှ ရွှေချောင်းတံတား အမှတ်(၁) ဖွင့်တော့မည်

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၃)မှ တာဝန်ယူ တည်ဆောက်ခဲ့သည့် ရွှေချောင်းတံတား အမှတ်(၁)သည် ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်၍ မကြာမီ ဖွင့်လှစ်တော့မည်ဟု သိရသည်။

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်
ဓာတ်ပုံ - ကျော်မိုးလွင်

တံတားကြီးမှာ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့အတွင်း ဖြတ်သန်းစီးဆင်းနေသော ရွှေချောင်းပေါ်တွင် တည်ဆောက်ထားသည့် တံတား တစ်စင်းဖြစ်သည်။ မူလတံတားဟောင်းမှာ ၁၉၆၆-၁၉၆၇ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ၁၉၆၉-၁၉၇၀ ခုနှစ်တွင် ဖွင့်လှစ်ပေးခဲ့သော်လည်း စုစုပေါင်းပေ ၂၇၉ ပေ ကျိုးကျသွားချိန်ကလည်း ဒေသခံပြည်သူများ သွားလာမှုအခက်အခဲ မဖြစ်စေရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ယာယီဘေလီတံတားတစ်စင်းဖြင့် အစားထိုး တည်ဆောက်ပေးခဲ့ပြီး ယခုအခါ ထိုအစားထိုးဘေလီတံတားနှင့် ယှဉ်၍

တံတားပေါ်တွင် မီးတိုင်များ တပ်ဆင်ထားသည်ကို တွေ့ရစဉ်။

တံတားသက်တမ်း ၄၂ နှစ်ရောက်ရှိချိန် ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၀ ရက်က အိုတူးဘီ(O.2B) မုန်တိုင်းမိုးကြောင့် ယောနယ်နှင့် ချင်းပြည်နယ်တို့မှ စီးဆင်းလာသော မကြုံစဖူး ထူးကဲတောင်ကျရေ တိုက်စားမှုကြောင့် ကျိုးကျပျက်စီးခဲ့ရသဖြင့် အစားထိုး တည်ဆောက်ပေးသော တံတားကြီးတစ်စင်းဖြစ်သည်။

မူလ ပခုက္ကူရွှေချောင်းတံတားဟောင်း၏ ပေ ၃၀ ရှိ ခန်းဖွင့် ကိုးခန်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေး စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော လက်ပန်ခြေပေါ်ဘက်ကမ်းရှိ အထူးစီမံကိန်းအဖွဲ့(၃)က တာဝန်ယူ၍ ခေတ်မီခိုင်ခံ့လှပသော ရွှေချောင်းတံတားအမှတ်(၁)ကို ၇-၁-၂၀၁၂ ရက်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

၎င်းတံတားကြီးသည် ပခုက္ကူမြို့တွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ရွှေချောင်းပေါ်တွင် တည်ဆောက်ထားသော တံတားတစ်စင်းဖြစ်သော ကြောင့် ပခုက္ကူမြို့မြောက်ဘက်ခြမ်းရှိ အစိုးရဌာနဆိုင်ရာရုံးများ၊ စက်ရုံ၊ အလုပ်ရုံ၊ စက်မှုဇုန်နှင့် ပခုက္ကူမြို့တွင်းမှ စာသင်ကျောင်းနှင့် ဆေးရုံများ၊ ဈေးများ စသည်တို့အား ဆက်သွယ်ပေးထားသော တံတားတစ်စင်းဖြစ်၍ အရေးပါသော တံတားကြီးလည်းဖြစ်သည်။

တံတား တည်ဆောက်ခဲ့မှုနှင့် ပတ်သက်၍ “ဒီတံတားကြီးကို မြန်မာနိုင်ငံ၌ အရှည်ဆုံးတံတားကြီးဖြစ်သည့် ဧရာဝတီတံတား(ပခုက္ကူ)အား တည်ဆောက်ဖွင့်လှစ်အပြီး ဆက်တိုက်ဝင်ရောက်၍ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၇ ရက်နေ့မှာပဲ စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်းနှင့် ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေပြီး ၂၀၁၂ ခုနှစ် ဇွန် ၉ ရက်နေ့မှာ အခမ်းအနားနှင့် ဖွင့်လှစ်ပေးဖို့ စီစဉ်နေပြီဖြစ်ကြောင်း” တံတားတည်ဆောက်ရေးစီမံကိန်းကြီး အထူးအဖွဲ့(၃)မှ တာဝန်ခံအင်ဂျင်နီယာမှူးကြီး ဦးဟန်စိုးက ပြောသည်။

တံတားဆိုင်ရာအချက်အလက်များ

၁။ တည်ဆောက်သည့်အဖွဲ့အစည်း -အထူးစီမံကိန်းကြီးအဖွဲ့(၃)၊ ၂။တည်နေရာ-မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်၊ ၃။တံတားအရှည် - ၉၀၀ ပေ (ပေ ၉၀ ×၁၀ ခန်း)၊ ၄။ကားလမ်းအကျယ်-၂၄ ပေ၊ ၅။လူသွားလမ်းအကျယ် - တစ်ဖက်လျှင် ၃ ပေ ၆ လက်မစီ၊ ၆။ မော်တော်ယာဉ်တစ်စီးချင်းဝန်အလေးချိန် - ၇၅ တန် Highway Loading - (AASHTO-HS-25)၊ ၇။တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေအကျယ် - ၇၂ ပေ အမြင့် -၉ ပေ ၉ လက်မ (၁၉၇၅ ခုနှစ်- အမြင့်ဆုံးရေမှတ်အထက်)၊ ၈။တံတားအမျိုးအစား (က) တံတားအုတ်မြစ်နှင့် အောက်ထည် - သံကူကွန်ကရစ် ဘိုးပိုင်နှင့်တိုင်ကိုယ်ထည်၊ (ခ) တံတားအပေါ်ထည် - ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်း၊ ၉။ စတင်တည်ဆောက်သည့်နေ့ - ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၇ ရက်နေ့ ဖြစ်သည်။

မကြာမီ ဖွင့်လှစ်တော့မည့် ရွှေချောင်းတံတားကို တွေ့ရစဉ်။

၎င်းတံတားကြီးသည် ဧရာဝတီတံတား (ပခုက္ကူ)ကဲ့သို့ပင် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မည့် (Tripartite Highway) လမ်းကြောင်းနှင့် ဆက်စပ်တည်ရှိလျက်ရှိသော တံတားကြီးလည်းဖြစ်သည်။ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် အဆိုပါလမ်းမကြီးသည် မြဝတီမြို့မှ ပုဂံသို့ဖြတ်ကာ တမူးသို့ ဆက်သွယ်ရန် ညှိနှိုင်းသဘောတူထားပြီး မြန်မာနိုင်ငံမှ အဆိုပါလမ်းကြောင်းဖြစ်သော မြဝတီ-အုတ်တွင်း-ပျော်ဘွယ်-ရွာတော်-ဇရပ်ကုန်း-ကျောက်ပန်းတောင်း-ပုဂံ-လက်ပန်ခြေပေါ် - ပခုက္ကူ - လင်းတကောချောင်းမ - မြို့မ - ကလေးဝ -ကျီကုန်း-တမူးအထိဖြစ်သည်။

ထို့အတူပင် ၎င်းရွှေချောင်းတံတားကြီး ဖွင့်လှစ်ပေးပြီးလျှင် ပခုက္ကူမြို့မှ တစ်ဆင့် မကွေးတိုင်းဒေသကြီးအတွင်း ယောနယ်-ဂန့်ဂေါနယ်၊ ချင်းပြည်နယ် မင်းတပ်-မတူပီနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေး-တမူးမြို့တို့အထိ ဒေသတစ်ခွင်ကုန်စည်စီးဆင်းမှုလျင်မြန်လွယ်ကူသည့် အကျိုးကျေးဇူးများ ရရှိလာပြီး လမ်းပန်းဆက်သွယ်မှု လွယ်ကူလျင်မြန်လာသည်နှင့် အမျှ ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ပါကြောင်းကို လေ့လာရေးသားတင်ပြလိုက်ရခြင်း ဖြစ်သည်။ ။

တံတားပေါ်၌ ကတ္တရာလမ်းကို ဤသို့ စက်ကြီးများဖြင့် ကြိတ်၍ ခင်းပေးနေစဉ်။

မြို့နယ်လုံးကျွတ် ဂေ...

ရန်ကုန် မေ ၃၁

ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ ရက် နံနက် ၉ နာရီတွင် အထက(၆) ဗိုလ်တထောင် အောင်ကျော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြ၊ ရန်ကုန် အရှေ့ပိုင်းခရိုင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအုန်းသွင်၊ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်မှ ကျောင်းအုပ်ကြီး၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦး၊ မြို့နယ်အမျိုးသမီး

အာမခံကုမ္ပဏီဖွဲ့စည်းခြ... အခွင့်အလမ်းများ ဟော...

ရန်ကုန် မေ ၃၁

ပုဂ္ဂလိက အာမခံကုမ္ပဏီဖွဲ့စည်းခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဟောပြောပွဲကို ဇွန် ၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင်

...နိုင်ငံပြန်တမ်း

...သည်းအကြီးအမှူးများ ခန့်ထားခြင်း

...န်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်...ဖို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း...တွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်...သည်-

ခန့်ထားသည့် ရာထူး၊ ဌာန

ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ်(၁)သတ္တုတွင်းလုပ်ငန်း
...ပ်ငန်း သတ္တုတွင်းဝန်ကြီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ်(၃)သတ္တုတွင်းလုပ်ငန်း
...ှင့် သတ္တုတွင်းဝန်ကြီးဌာန
...းစီးဌာန

...ံကြား အစီအစဉ်အကျဉ်း

...၂၀၁၂ (သောကြာနေ့)

ရှိုးရာအက
- ၄း၂၅ ၂။ နှောင်းခေတ်တေးပဒေသာ
- ၄း၃၅ ၃။ "နှစ်ပေါင်း" (၂၀)
- ၄း၅၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ(ရူပဗေဒ)
- ၅း၅၀ ၅။ "စုစည်းခံစား ကမ္ဘာ့အားကစား"
- ၆း၀၀ ၆။ ညနေခင်းသတင်း
- ၆း၂၀ ၇။ ရသစုံလင် အင်တာနက်ဥယျာဉ်
- ၇း၀၀ ၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆ-ဆရာရှိသေပါ" (အပိုင်း-၁၀)**
- ၈း၀၀ ၉။ ပြည်တွင်းသတင်း
- ၁၀။ **"သူ့အကြိုက် ကိုယ့်အကြိုက်"** (စောမင်းနောင်၊ မျိုးဆွေသန့်၊ မြသက်ထားခင်) (ဒါရိုက်တာ-မျိုးအေး)
- ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရင်ဆိုင်ရမယ့် နေ့ရက်များ"(အပိုင်း-၁၀)**

...ယဉ် ...ိုက်ဖို့ ...ရက်စို့" ...s ...းသား

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကရုဏာလူမှုကူညီရေးအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ရောဝတီတိုင်းဒေသကြီးကျောင်းအပ်နှံရေးနေ့အခမ်းအနားတို့သို့ တက်ရောက်

နေပြည်တော် မေ ၃၁

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ မေ ၂၇ ရက် နံနက် ၈ နာရီတွင် ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက် ဇေယျဝံသကျောင်းတိုက်၌ ကျင်းပသော ကရုဏာလူမှုကူညီရေးအသင်း (၉)နှစ်ပြည့်နှစ်ပတ်လည်အစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ဧရာဝတီတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကရုဏာလူမှုကူညီရေး အသင်းသည် ပုသိမ်မြို့တွင် အားထားရသော လူမှုကူညီရေးအသင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် ပုသိမ်မြို့၌ ဤလူမှုကူညီရေးအသင်းအား အတုယူအခြေခံပြီး မြို့ပေါ်ရပ်ကွက်များ၌ စေတနာရှင်မိဘပြည်သူများ၊ လူငယ်များပါဝင်သည့် စေတနာဝန်ထမ်းအသင်းအဖွဲ့များစွာ ပေါ်ပေါက်လာကြောင်း၊ အသင်းအနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လိုအပ်သောအကူအညီများကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့က ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကရုဏာလူမှုကူညီရေးအသင်းအတွက် အလှူငွေကျပ် ငါးသိန်းနှင့် ပုသိမ်မြို့ပေါ်ရှိ လူမှုကူညီရေးအသင်း ရှစ်သင်းအတွက် အလှူငွေကျပ် လေးသိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်ခင်ဌေးမြင့်တို့သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ နံနက် ၉ နာရီတွင် ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ကျင်းပသော ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ဧရာဝတီတိုင်းဒေသကြီးကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး(ပညာ) ဦးအေးကြိုင်က ကျောင်းအပ်နှံရေးနေ့အကြောင်းကို ရှင်းလင်းတင်ပြပြီး ပညာရေးဝန်ကြီးဌာနမှ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မူလတန်းကျောင်းသားများအတွက် ငွေကျပ်သန်းပေါင်း ၁၁၃၆ သန်းတန်ဖိုးရှိ ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် လေ့ကျင့်ခန်းသုံးဗလာစာအုပ်များကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး မိသားစုက အလှူငွေကျပ်နှစ်သိန်းနှင့် ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်ခင်ဌေးမြင့်က အလှူငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးစန်းမောင်က လက်ခံသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ပညာရေးမှူး ဦးစိုးမြင့်(စီမံ)တို့က လက်ခံကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသားကျောင်းသူများ လာရောက် ကျောင်းအပ်နှံမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောင်းဖွင့်ချိန်

- ❖ တောင်လေဖြူးဖြူး မုတ်သုံမြူး မိုးဦးရွာလေပြီ။
- ❖ မုတ်သုံမိုးဖျန်း စိမ်းစိုလန်း အေးချမ်း သာယာသည်။
- ❖ အေးချမ်းသာယာဒီချိန်ခါ စာသင်ကျောင်းများ ဖွင့်နေပြီ။
- ❖ ကျောင်းဥယျာဉ်နန်း ပညာပန်း မွှေးလန်းကြိုင်သင်းကြည်။
- ❖ ပညာပန်းခိုင် မွှေးလန်းကြိုင် အပိုင်ခူးဆွတ်မည်။
- ❖ ပညာသင်ဖို့ ကျောင်းတော်သို့ မောင်တို့မယ်တို့သွားကြပြီ။ ။

ရေနံ့သာမောင်ကျော်ညွှန့်

မေ ၂၆ ရက်က ပုဗ္ဗသီရိမြို့နယ် အဆင့်မြင့် မင်္ဂလာဈေး၌ မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးစောလွင်အေး၊ ဈေးအုပ်ချုပ်ရေးမှူး ဦးသန်းဦးနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့များ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်ကြစဉ်။ (ကြေးမုံ)

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၃၁

ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ ရက် နံနက် ၉ နာရီတွင် အထက(၆) ဗိုလ်တထောင် အောင်ကျော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြ၊ ရန်ကုန် အရှေ့ပိုင်းခရိုင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအုန်းသွင်၊ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်မှ ကျောင်းအုပ်ကြီး၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုဇင်သန့်၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်း ဝတ်စုံ၊ ထီး၊ မိုးကာ၊ ဗလာစာအုပ်၊စာရေးကိရိယာတို့ကို ထောက်ပံ့ပေးအပ်သည်။ **(အောက်ပုံ)**

(ကြေးမုံ)

အာမခံကုမ္ပဏီဖွဲ့စည်းခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မေ ၃၁

ပုဂ္ဂလိက အာမခံကုမ္ပဏီဖွဲ့စည်းခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဟောပြောပွဲကို ဇွန် ၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်၌ ကျင်းပမည် ဖြစ်သည်။

ဟောပြောပွဲတွင် ဒေါက်တာမောင်မောင်သိမ်းက ပုဂ္ဂလိက အာမခံကုမ္ပဏီ တည်ထောင်လိုသူများနှင့် ဝင်ရောက်လုပ်ကိုင်လိုသူများ၊ အာမခံလုပ်ငန်းကို စိတ်ဝင်စားလေ့လာနေသူများနှင့် အာမခံလုပ်ငန်းနှင့် မကင်းသူများအတွက် ဟောပြောဆွေးနွေးမည်ဖြစ်ပြီး တက်ရောက်လိုသူများသည် ဖုန်း -၀၉-၅၁၉၅၃၅၀ နှင့် ၀၉-၇၃၁၃၈၈၃၉ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြသည်။

(သူရအောင်)

အတွေး အရေး

ပန်းကလေးများပွင့်တော့မည်

ပန်းကလေးများပွင့်တော့မည်
ဖူးတံဝင့်လို့ချီ။
နေခြည်မှာရွှေရည်လောင်း
ငါတို့စာသင်ကျောင်း။ ။

ဇွန်လဆန်းတွင် ကျောင်းဖွင့်ရာသီချိန်စတော့မည်။ တစ်နည်းအားဖြင့် သုံးလတာ နွေရာသီကျောင်းပိတ်ရက်ကာလကုန်ဆုံးပြီး ကျောင်းတံခါးလေးများ ပွင့်တော့မည်ဖြစ်သည်။ မနှစ်ကအတန်းတင်စာမေးပွဲကြီး ဖြေပြီးကတည်းက ကျောင်းသားကျောင်းသူတို့အတွက် စောင့်ကြိုနေသည့် ကျောင်းတံခါးများမှာ မျှော်ရကျိုးနပ်တော့မည်။ ဒီနှစ်မှကျောင်းစတက်ရမည့် ကလေးငယ်များကိုလည်း ကျောင်းတံခါးများက နွေးထွေးစွာကြိုဆိုလျက်ရှိနေသည်။ ကျောင်းသားကျောင်းသူများထက် လုပ်ဆောင်ရမည့် လုပ်ငန်းကိစ္စအရပ်ရပ်တို့ အလုပ်ရှုပ်နေသူများမှာ ကျောင်းသားမိဘ၊ အုပ်ထိန်းသူများပင်။ ကျောင်းဖွင့်တော့မည်ဖြစ်၍ ကျောင်းသားကျောင်းသူကလေးငယ်များအတွက် လိုအပ်သည့်ကျောင်းသုံးပစ္စည်းအသုံးအဆောင်များ ဝယ်ယူနိုင်ရန် စူပါမတ်ကက်၊ မီနီမတ်ကက်နှင့် စတိုးဆိုင်များမှာ အထူးဈေးနှုန်းများဖြင့် အပြိုင်အဆိုင်ရောင်းချလျက်ရှိ၏။ ထို့အတွက် ငွေကြေးအလုံအလောက်ရှိလျှင် မိဘများက လိုအပ်သလို အလွယ်တကူ ဝယ်နိုင်ကြသည်။ မနှစ်ကစာသင်နှစ်ထက် တစ်တန်းကြီးလာသည့် သား သမီးများအတွက် မိဘများမှာ ကြိုတင်ပြီး ပညာရေးထူးချွန်လာစေရန် ကြိုးစားကြသည်မှာ မမောပန်းနိုင်အောင်ဖြစ်နေကြသည်။

ကျွန်မသည် လွန်ခဲ့သည့် အနှစ်နှစ်ဆယ်က ဆယ်နှစ်ခန့်မူကြိုကျောင်းဖွင့်ခဲ့ဖူးရာ အသက်ငယ်ငယ်နုနယ်သည့်ကလေးများနှင့် ရင်းရင်းနှီးနှီး ဆက်ဆံရသောကြောင့် ကလေးများ၏ အဇ္ဈတ္တစိတ်ကို ထဲထဲဝင်ဝင်သိလာခဲ့ရသည်။

ကျောင်းစတက်မည့် ကလေးငယ်များကို ဤသို့မေးဖူးသည်။

'သားတို့ သမီးတို့ ကျောင်းတက်ရမှာ ပျော်လား'

'သားတို့ နည်းနည်းကြောက်တယ်'

'မီးတို့လည်း ကြောက်တယ်'

'ဘာကိုကြောက်တာလဲ'

'ဆရာမ ရိုက်မှာ ကြောက်တယ်'

'ဆရာမကဘာဖြစ်လို့ရိုက်ရမှာလဲ၊ သားတို့သမီးတို့ကို ရိုက်စရာမှ မလိုတာ'

'မေမေတို့ ဖေဖေတို့က ပြောတယ်၊ ကျောင်းကြီးတက်ရင် ဆရာမက ကြိမ်လုံးကိုင်ထားပြီး ရိုက်မှာတဲ့'

မူကြိုကျောင်းမှ အခြေခံပညာကျောင်းသို့ ပြောင်းရွှေ့တက်ခါစမှ ကလေးငယ်များ၏စိတ်သည် အနည်းငယ်စိုးရိမ်ထိတ်လန့်တတ်ကြ၏။ ဤသို့ဖြစ်ရခြင်းမှာ မိဘများ၏ ခြိမ်းခြောက်မှုသည် ခုနစ်ဆယ့်ငါးရာခိုင်နှုန်းခန့်ပါသည်ဟု ကျွန်မထင်သည်။ ' သားတို့သမီးတို့နော် မေမေတို့ပြောတာ နားမထောင်ဘူးနော်၊ ကျောင်းတက်ရင် ဆရာမက ကြိမ်လုံးနဲ့သားတို့ကို ရိုက်မှာသိလား၊ အဲဒါမှသားတို့သမီးတို့မှတ်မှာ'

မိဘများသည် သူတို့ပြောသည့် အကြောင်းအရာ၊ စကားများကို ကလေးငယ်တို့ လိုက်နာခြင်းမရှိလျှင် မမြင်ဖူးသေးသည့် ကြိမ်လုံးကိုင်ဆရာမများနှင့် ခြိမ်းခြောက်ကြသည်။ ကျွန်မ၏ မူကြိုကလေးများကို ဆရာမသည် ကြောက်စရာ မဟုတ်၊ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆက်ဆံရသည့် ဒုတိယမိခင်သဘောမျိုး ဆက်ဆံလာစေရန် လမ်းဖွင့်ပေးထားသည်။ ထို့ကြောင့်ပင် သူတို့လေးတွေ၏ မိဘအပေါ် မပြောနိုင်သော၊ မပြောရဲသော စကားများ ၊ ဖြစ်ချင်နေသည့် ဆန္ဒများကို မူကြိုဆရာမများအား ဖွင့်ဟပြောလာကြသည်။ မူကြိုကလေးများက အခြေခံပညာကျောင်းများကို ပြောင်းရွှေ့ခါစတွင် စိုးရွံ့ကြောက်လန့်စိတ်ရှိကြသော်လည်း ရက်အနည်းငယ်ကြာသောအခါ ကျင့်သားရသွားကြပါသည်။

ဒီနှစ် အတန်းတစ်တန်းကြီးသွားသည့်ကလေးများကိုလည်း မေးကြည့်သည်။ ကျောင်းဖွင့်တော့မည်။ သည်နှစ် ကျောင်းတက်ရမှာပျော်လားဟု မေးရာတွင် -

'ပျော်တာပေါ့၊ ကျောင်းတက်ရမှာအရမ်းပျော်တာပဲ'

'သူငယ်ချင်းတွေနဲ့ တွေ့ရမှာမို့ပျော်တာလား'

'သူငယ်ချင်းတွေနဲ့တွေ့ရမှာလည်း ပျော်တယ်၊ ကစားရတာလည်းပျော်တယ်'

'ကျောင်းပိတ်ရက်မှာ ပိုပျော်စရာမကောင်းဘူးလား၊ နွေရာသီမှာ အကြာကြီး ကျောင်းပိတ်တာလေ၊ သင်္ကြန်မှာလည်း ရေပက်ရတာပျော်စရာအရမ်းကောင်းတယ်မဟုတ်လား'

'ကျောင်းတက်ရတာ ပိုပျော်စရာကောင်းတယ်၊ ကျောင်းစာတွေပြီးအောင် အမြန်လုပ် မုန့်စားဆင်းချိန်မှာ သူငယ်ချင်းတွေနဲ့ဆော့ရတယ်၊ နွေရာသီကျောင်းပိတ်ရက်မှာတုန်းက သိပ်မကစားရဘူး၊ ကျူရှင်တွေလည်း တက်ရတယ်၊ ကွန်ပျူတာလည်းသင်ရသေးတယ်၊ အင်္ဂလိပ်စာကျောင်းလည်း သွားတက်ရသေးတာကိုး'

ကျွန်မတို့ငယ်စဉ်ကလေးဘဝ ကျောင်းပိတ်ရက်မြန်မြန်ရောက်ချင်နေမိသည်။ နွေရာသီကျောင်းပိတ်ရက် မြန်မြန်ရောက်အောင်ပင် ဆုတောင်းနေသေးသည်။ သည်ခေတ်ကလေးများကို ကြည့်၍ ကျွန်မအမှန်တကယ်သနားမိသည်။ ကျွန်မတို့မိဘများသည် နွေရာသီကျောင်းပိတ်ရက်တွင် အန္တရာယ်ဖြစ်စေနိုင်သည့် ကစားနည်းမှအပ ကြိုက်သလောက်ကစားခွင့်ပြုထားသည်။ ကစားသည်မှ ထမင်းစားချိန်၊ ရေချိုးချိန်မှာပင် အတင်းချော့မော့၍ လုပ်ပေးကြရသည်။ မောင်နှမသားချင်းများ၊ သူငယ်ချင်းများစုစုစည်းစည်းနှင့်တူတူပုန်းခြင်း၊ ဂေါ်လီပစ်ခြင်း၊ ထုပ်ဆီးတိုးကစားခြင်း၊ ဘောလုံးကစားခြင်းစသည်ဖြင့် ကစားနည်း မျိုးစုံကစားကြသည်။

ဒီခေတ်ကလေးတွေ ကစားသည်ဟု အဓိပ္ပာယ်မှာ ဂိမ်း(Game) ကစားခြင်းဟုသာ နားလည်ကြသည်ကများသည်။ ပညာရေးဦးစားပေးရသည်ဆိုသော်လည်း ကိုယ်လက်လှုပ်ရှားကစားခြင်းသည် ကလေးများအတွက် ကျန်းမာရေးကိုလည်း အထောက်အပံ့ကောင်းဖြစ်စေသည်။ ဉာဏ်ရည်ကိုလည်း ထက်မြက်စေသည်။ သည်နှစ် အတန်းတစ်တန်းကြီးလာပြီး တက်မည့်ကလေးငယ်များ၏ လန်းဆန်းတက်ကြွသော၊ ကျောင်းတက်ရမည်ကို ပျော်ရွှင်စွာဖြေကြားလာသော ကလေးငယ် ကျောင်းသားကျောင်းသူလေးများကို ကြည့်၍ ကြည်နူးမိသည်။ 'ကျောင်းနေပျော်၍ စာတော်ရမည်'ဟူသော ဆောင်ပုဒ်ပမာ ကျောင်းသားကျောင်းသူတိုင်း၏ ရင်ထဲ၌ ကျောင်းတက်ရမည်ကို ကြောက်ရွံ့စိတ်မရှိဘဲ တွေးပျော်တတ်ပါလျှင် အပြစ်အနာအဆာကင်းသည့် ပန်းကလေးများသဖွယ် ဝင့်ထည်စွာ ဖူးပွင့်လှပလာတော့မည်သာ။ ။

ခင်လပြည့်ဝန်း

အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Game Management System ရှင်းလင်းပွဲတက်ရောက်ဆွေးနွေး

နေပြည်တော် မေ ၃၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ Game Management System များ လုပ်ဆောင်ရန်အတွက် လာရောက်ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် အားကစားဝန်ကြီးဌာနရှိ အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ **(အောက်ပုံ)** ကိုရီးယားသမ္မတနိုင်ငံ DIGITAL SOLUTIONS & SERVICES CO., LTD.မှ Strategic Planning/ Team Manager Mr. Aaron SangMin Yoon က ကိုရီးယားသမ္မတနိုင်ငံ၌ လက်ခံကျင်းပခဲ့သည့် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲ၊ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် အာရှအားကစားပြိုင်ပွဲများတွင် ကိုရီးယားနိုင်ငံ၏ SK၊ Samsung၊ Hyundai နှင့် LG အစရှိသည့် IT ကုမ္ပဏီများမှ Marketing၊ Game Management, BroadCasting နှင့် IT လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က Game Management System နှင့် ပတ်သက်၍ စီစဉ်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ပြန်လည်ဆွေးနွေးမေးမြန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မေ ၃၁

ဦးတင်အောင် [ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန] သည် ကစားဖော်များဖြစ်ကြသော ဦးတင်လှိုင် (သစ်ကုန်သည်)၊ ဦးတင်ရွှေ [အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန]၊ ဦးအောင်မြင့် (A & K) GEMS တို့နှင့်အတူ မေ ၁၉ ရက်က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် SRIXON No.(1)ဘောလုံးကို KATANASWORD 501 R IRON NO.(7) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၂ ကိုက်အကွာရှိ ကျင်းအမှတ်(၁၇)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မေ ၃၁

ဦးမင်းအောင်သည် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးချုပ်ချစ်သန်း(ငြိမ်း)၊ ဗိုလ်မှူးကြီးတင်မောင်ထွန်း (ငြိမ်း)၊ ဦးသန်းမိုး၊ ဦးလှထွန်းဦးတို့နှင့်အတူ မေ ၂၄ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း(မြကန်သာ)၌ ဂေါက်သီးရိုက်ကစားစဉ် Bridgestone Tour B.330-No(3) Rxs ဘောလုံးကို Homma LB (280) Iron II-A-Wedge သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၂၂ ကိုက်အကွာရှိ ကျင်းအမှတ်(၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားဧည့်သည်များအနေဖြင့် နိုင်ငံခြားငွေများ လွတ်လပ်စွာ လဲလှယ်ရောင်းဝယ်နိုင်စေရန်အတွက် နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာ (Money Changer Counter) များကို ၁-၁၀-၂၀၁၁ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံအတွင်း အောက်ဖော်ပြပါနေရာများတွင် ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသည်-

စဉ်	မြို့	နေရာ	အရေအတွက်
(က)	နေပြည်တော်	စည်ပင်ဘဏ်ရုံးချုပ်၊ အင်းဝဘဏ်(ပျဉ်းမနား)	၂ ခု
(ခ)	ရန်ကုန်	လေဆိပ်	၂ ခု
	॥	သိမ်ဖြူလမ်း	၇ ခု
	॥	ဗိုလ်ချုပ်အောင်ဆန်းဈေး	၅ ခု
	॥	လသာလမ်း	၂ ခု
	॥	ဘဏ်ရုံးချုပ်များ (အင်းဝ၊ သမ၊ ထွန်းဖောင်ဒေးရှင်း၊ မြန်မာအရှေ့တိုင်း)	၆ ခု
	॥	ဘဏ်ခွဲများ (ရိုးမဘဏ်ခွဲ (FMI)၊ ကမ္ဘောဇဘဏ်ခွဲ (ဘဏ်လမ်း)၊သမဘဏ်ခွဲ(မင်္ဂလာဈေး၊ ဘုရင့်နောင်၊ ဝိဇယ)၊အာရှရန်ကုန် (မရမ်းကုန်း)၊ မြဝတီဘဏ်ခွဲ(ဆူးလေ)၊ စက်မှုဘဏ်ခွဲ၊ မြန်မာနိုင်ငံသားများ ဘဏ်ခွဲ၊ ဧရာဝတီဘဏ်ခွဲ(၂)၊ စည်ပင်ဘဏ်ခွဲ၊ မွေး/ရေ ဘဏ်ခွဲ	၁၂ ခု
	॥	ဟိုတယ်များ Espace Avenir Hotel၊ Central Hotel	၂ ခု
	॥	Shopping Malls Myanmar Shopping Mall၊ Junction Square	၂ ခု
(ဂ)	မန္တလေး	လေဆိပ်	၂ ခု
	॥	ဘဏ်ခွဲများ ကမ္ဘောဇဘဏ်ခွဲ၊ သမဘဏ်ခွဲ (၁၊၂၊၃)၊ မြဝတီဘဏ်ခွဲ၊ စက်မှုဘဏ်ခွဲ၊ ဧရာဝတီဘဏ်ခွဲ၊ ယူနိုက်တက်အမရဘဏ်ခွဲ၊ မြန်မာအရှေ့တိုင်း၊ အင်းဝဘဏ်ခွဲ၊ ပထမပုဂ္ဂလိကဘဏ်ခွဲ၊	၁၁ ခု
(ဃ)	တောင်ကြီး	ကမ္ဘောဇဘဏ်ခွဲ၊ ပထမပုဂ္ဂလိကဘဏ်ခွဲ၊ သမဘဏ်ခွဲ၊	၃ ခု
(င)	ညောင်ရွှေ	ကမ္ဘောဇဘဏ်ခွဲ၊ မြန်မာ့ရှေ့ဆောင်ဘဏ်ခွဲ	၂ ခု
(စ)	ဟဲဟိုး	လေဆိပ်	၁ ခု
(ဆ)	စစ်တွေ	ကမ္ဘောဇဘဏ်ခွဲ	၁ ခု
(ဇ)	ညောင်ဦး	ညောင်ဦးလေဆိပ်	၁ ခု
(ဈ)	မူဆယ်	မြန်မာနိုင်ငံသားများဘဏ်ခွဲ	၁ ခု
		စုစုပေါင်း	၆၂ ခု

၂။ သို့ဖြစ်ပါ၍ နိုင်ငံခြားငွေများ လဲလှယ်ရောင်းဝယ်ရာတွင် အဆင်ပြေ လွယ်ကူစေရန်အတွက် Money Changer Counter များအား ဆက်လက်တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ရာ နိုင်ငံခြားငွေလဲလှယ်ရောင်းဝယ်လိုသူများအနေဖြင့် သတ်မှတ်နေရာများတွင်သာ လဲလှယ်ရောင်းဝယ်မှုပြုလုပ်ကြပါရန်နှင့် တရားမဝင် ရောင်းဝယ်သူများအား တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဘောလုံးလောက သတင်းအတိုအထွာ

ဇေယျာရွှေမြေ Vs ဇွဲကပင် (မုံရွာ)(၄း၀၀)(စနေနေ့)
ပထမအကျော့ရလဒ် ဇွဲကပင် ၀ - ၂ ဇေယျာရွှေမြေ

ဇေယျာရွှေမြေကတော့ ဒုတိယအကျော့ အစပိုင်း သုံးပွဲဆက်တိုက်ရှုံးနိမ့်ထားပါတယ်။ ဇွဲကပင်အသင်းကတော့ ဒုတိယအကျော့မှာ ခြေတက်လာတယ်ဆိုပေမယ့် နိုင်ပွဲတော့မရသေးပါဘူး။ အိမ်ကွင်းမှာ နိုင်ပွဲရအောင် အစွမ်းကုန်တင်ကစားမယ့် ဇေယျာရွှေမြေ သေချာပေါက် အနိုင်ရမှာပါ။

ကမ္ဘောဇ Vs ရက္ခပူရ (တောင်ကြီး)(၃း၃၀)(စနေနေ့)
ပထမအကျော့ရလဒ် ရက္ခပူရ ၁ - ၄ ကမ္ဘောဇ

ဆီဇာဂျီလက်ထက်မှာ ကမ္ဘောဇအသင်း ခြေစွမ်း တဖြည်းဖြည်းတည်ငြိမ်မှုရလာပါပြီ။ တိုက်စစ်မှူးသစ် ချားလ်အိုဘီကလည်း ကစားခဲ့တဲ့နှစ်ပွဲစလုံးမှာ အသင်းအတွက် ဂိုးသွင်းယူပေးထားနိုင်ပါတယ်။ ရက္ခပူရကတော့ အထူးခြေစွမ်းပြနေကာ ပြီးခဲ့တဲ့ပွဲမှာလည်း နေပြည်တော်ကို အဝေးကွင်းမှာ သရေကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ချန်ပီယံမျှော်လင့်ချက်အတွက်ဆိုရင် အိမ်ကွင်းပွဲတွေမှာ အမှားခံလို့မရတာကြောင့် ရက္ခပူရအသင်းကို ကမ္ဘောဇအသင်းက ခက်ခက်ခဲခဲကစားပြီး အနိုင်ယူသွားမှာပါ။

နေပြည်တော် Vs ရတနာပုံ (နေပြည်တော်)(၄း၀၀)(စနေနေ့)
ပထမအကျော့ရလဒ် ရတနာပုံ ၂ - ၀ နေပြည်တော်

နေပြည်တော်အသင်းကတော့ ချန်ပီယံလမ်းကြောင်းပေါ်ကနေ တဖြည်းဖြည်းနဲ့ ဘေးရောက်လာပါပြီ။ ရတနာပုံအသင်းကလည်း ကစားပုံမကောင်းပေမယ့် လိုအပ်တဲ့နိုင်ပွဲတွေ ရအောင်ယူနေနိုင်တာကို တွေ့ရပါတယ်။ ဒါပေမယ့် ဒုတိယအကျော့မှာ ရတနာပုံအသင်းအနိုင်ရခဲ့တဲ့အသင်းတွေဟာ ကိုယ့်ထက်အားနည်းတဲ့အသင်းတွေချည်းပါ။ နေပြည်တော်အိမ်ကွင်းဖြစ်တာရယ်၊ အားထားရတဲ့ တိုက်စစ်မှူး ရန်ပိုင် မပါဝင်နိုင်တာရယ်ကြောင့် ရတနာပုံအသင်း ရုန်းကန်ရနိုင်ပြီး နေပြည်တော် သရေနဲ့အနိုင်ရမှာပါ။

ရန်ကုန် Vs မောရဝတီ(သုဝဏ္ဏ)(၄း၀၀)(စနေနေ့)
ပထမအကျော့ရလဒ် မောရဝတီ ၀ - ၅ ရန်ကုန်

ရန်ကုန်အသင်းကတော့ ခြေစွမ်းတည်ငြိမ်မှုရှိပြီး ပွဲတိုင်းကို အကောင်းဆုံးကစားနေပါတယ်။ မောရဝတီအသင်းကတော့ ခြေစွမ်းတည်ငြိမ်မှုမရှိတဲ့အပြင် ကစားပုံကလည်း တက်မလာသေးပါဘူး။ ချန်ပီယံမျှော်လင့်ချက်ရှိတဲ့ ရန်ကုန်အသင်း ဂိုးပြတ်သွင်းပြီး အနိုင်ယူမှာပါ။

ဟံသာဝတီ Vs မနောမြေ (အောင်ဆန်း)(၄း၀၀)(စနေနေ့)
ပထမအကျော့ရလဒ် မနောမြေ ၀ - ၀ ဟံသာဝတီ

ခြေစွမ်းချင်းတူညီမှုရှိတဲ့ အသင်းနှစ်သင်း ထိပ်တိုက်တွေ့ဆုံတဲ့ပွဲပါ။ ဟံသာဝတီကော မနောမြေပါ ပြီးခဲ့တဲ့တစ်ပတ် ပွဲစဉ်တွေမှာ နိုင်ပွဲအသီးသီး ရရှိထားပါတယ်။ အခုပွဲမှာလည်း အကြိတ်အနယ်ယှဉ်ပြိုင်ကာ သရေကျသွားဖို့များပြီး အနိုင်ဆိုရင်တော့ မနောမြေပါ။

မကွေး Vs ဆောက်သမ်း(သုဝဏ္ဏ)(၄း၀၀)(တနင်္ဂနွေနေ့)
ပထမအကျော့ရလဒ် ဆောက်သမ်း ၀ - ၁ မကွေး

မကွေးအသင်းကတော့ ဒုတိယအကျော့မှာ သိသိသာသာကို ခြေကျသွားပါတယ်။ ဆောက်သမ်းအသင်းကလည်း အဓိကကစားသမားတွေ ဒဏ်ရာရနေလို့ အသင်းရဲ့ကစားပုံအားပျော့နေပြီး နှစ်ပွဲဆက်ရှုံးထားပါတယ်။ နှစ်သင်းစလုံး ပုံမှန်ခြေရအောင် ရုန်းကန်နေရလို့ သရေကျသွားနိုင်သလို ပထမအကျော့ရလဒ်အတိုင်း မကွေးအနိုင်ရသွားနိုင်ပါတယ်။

ရောဝတီ Vs ချင်း (သုဝဏ္ဏ)(၄း၀၀)(တနင်္လာနေ့)
ပထမအကျော့ရလဒ် ချင်း ၀ - ၄ ရောဝတီ

ချင်းအသင်းကတော့ ဒုတိယအကျော့မှာ တစ်မှတ်မှမရသေးဘဲ ရာသီကုန်မှာ တန်းဆင်းရဖို့များနေပါပြီ။ ဧရာဝတီအသင်းကလည်း ကိုယ့်ထက်အားနည်းတဲ့အသင်းတွေနဲ့ တွေ့တဲ့ပွဲတွေမှာ ဖိဖိစီးစီးကစားတာကြောင့် ချင်းအသင်း သရေတောင်မျှော်လင့်ခွင့်မရှိဘဲ ဧရာဝတီအသင်းပဲ ဂိုးပြတ်အနိုင်ရမှာပါ။ (ဇော်မင်းအောင်)

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

❂ ကျောဖုံးမှ

www. mip.gov.mm တွင် ပြည့်စုံစွာဖော်ပြထားပြီး မေ ၂၅ ရက်မှစ၍ လွှင့်တင်ထားသည်။ လေကြောင်းလိုင်းများ၊ နိုင်ငံခြားသံရုံးများသို့လည်း ဖြန့်ဝေထားသည်။

ဤဆောင်ရွက်ချက်အပေါ် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ နိုင်ငံတော်၌ ရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းရှင်များအတွက် ပြည်ဝင်ခွင့်အဆင်ပြေလွယ်ကူမှုရှိသကဲ့သို့ နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းများပေါ်များကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် ထင်သာမြင်သာရှိသော ဆောင်ရွက်မှုပြယုဂ်တစ်ခုအဖြစ် အားလုံးက လှိုက်လှဲစွာကြိုဆိုကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

⁂ အမေရိကန်ရေတပ်မှ

လက်ဖြောင့်တပ်သား၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ) အမည်ရှိ စာအုပ်ကို အခြေခံရိုက်ကူးမည့် ဤဇာတ်ကားတွင် ဂျက်ဆင်ဒိန်ပေးလ်က ဇာတ်ညွှန်းရေးသားပေးမည်ဖြစ်သည်။ ဤစာအုပ်တွင် ချားရစ်ကာလီ၏ သေနတ်ပစ်ခတ်မှုတွင် အမြင့်ဆုံးစံချိန်တင်ရမှတ်များနှင့် အနီးအဝေးပစ်ခတ်မှုတွင် ပေးအပ်သည့် ပထမဆုရရှိခဲ့ပုံများကို ရေးသားဖော်ပြထားသည်။

အမေရိကန်ရေတပ် (Navy SEAL) ဆိုသည်မှာ အမေရိကန်ရေတပ် (Navy Sea)၊ လေတပ် (Air)နှင့် ကြည်းတပ် (Land)တို့မှ လက်ရွေးစင်တပ်သားများဖြင့် စုဖွဲ့ထားသည့် အထူးလက်ရွေးစင်တပ်ဖွဲ့ဖြစ်သည်။ ယင်းတပ်ဖွဲ့ဝင်များသည် အီရတ်စစ်ပွဲနှင့် အာဖဂန်စစ်ပွဲကာလများအတွင်း အဓိကပစ်မှတ်များကို ချေမှုန်းရာတွင် ပါဝင်စွမ်းဆောင်ခဲ့သကဲ့သို့ အကြမ်းဖက်ခေါင်းဆောင် အိုစမာဘင်လာဒင်ကို သုတ်သင်ရှင်းလင်းရာတွင်လည်း ပါဝင်ခဲ့ကြသည်။ ***အင်တာနက်။***

❖ ခရစ္စတိုဖာမှ

ပယ်ဖျက်ခဲ့ပြီးနောက် ဘလက်ဘန်းအသင်းသို့ ရောက်ရှိခဲ့ပြီး ဘလက်ဘန်းအသင်းတွင် အသင်းခေါင်းဆောင်နေရာတွင် ရောက်ရှိခဲ့သည်။

သို့သော် ဘလက်ဘန်းအသင်းက အသင်းမှထွက်ခွာလိုက ထွက်ခွာနိုင်ကြောင်း ခွင့်ပြုပေးခဲ့သည်။ ဆမ်ဘာသည် ဘလက်ဘန်းအသင်းတွင် ပွဲချိန်ပြည့် ပါဝင်ကစားခဲ့ရပြီး ဘလက်ဘန်းအသင်း၌သာ ဘောလုံးသမားဘဝ အဆုံးသတ်ရန် ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် ဘလက်ဘန်းအသင်းတွင် ငါးနှစ်ကြာကစားခဲ့ပြီး ဘလက်ဘန်းအသင်းတွင် ဆက်ကစားရန် ဆုံးဖြတ်ထားသည်။

ခရစ္စတိုဖာဆမ်ဘာသည် စိန်ခေါ်မှုတစ်ရပ်၏ ရိုက်ခတ်ခြင်းကို ခံရသကဲ့သို့ ကျူပီအာအသင်းက ၎င်းအား ကမ်းလှမ်းလာခဲ့ခြင်းကြောင့် ၎င်း၏အနာဂတ်ကစားသမားဘဝအတွက် ရွေးချယ်မှုတစ်ခုပြုလုပ်ရန် လိုအပ်လာကြောင်း၊ ဘလက်ဘန်းအသင်းမှ ရာသီမစတင်မီထွက်ခွာရန်လည်း စီစဉ်ထားကြောင်းနှင့် အသင်းမှထွက်ခွာခွင့်ပြုရန်လည်း အသင်းတာဝန်ရှိသူများထံ တောင်းဆိုထားကြောင်း ဆမ်ဘာက ထုတ်ဖော်ပြောကြားခဲ့သည်။

အင်တာနက်။

ဖြူးမြို့နယ်အတွင်းရှိ စည်းကမ်းမဲ့ယာဉ်များအား ထိရောက်စွာ အရေးယူမည်

ဖြူး မေ ၃၁

ဖြူးမြို့နယ်ရှိ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာမှုအားနည်းသဖြင့် ယာဉ်မတော်တဆတိုက်ခိုက်မှုများ ဖြစ်ပွားလေ့ရှိသဖြင့် ဇွန် ၁ ရက်နေ့မှစ၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သူ ယာဉ်မောင်းနှင်သူများအား ထိရောက်စွာ အရေးယူတော့မည်ဖြစ်ကြောင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ မေ ၂၈ ရက်နှင့် ၂၉ ရက်များတွင် မြို့ပေါ်ရပ်ကွက်များသို့ လိုက်လံသတိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

(မြင့်ဦး)

မြင်းမူ၌ လောင်းကစားဒိုင်ဖမ်းမိ

မြင်းမူ မေ ၃၁

မေ ၂၈ ရက် မွန်းလွဲ ၂ နာရီခန့်က လောင်းကစားနေကြောင်း သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ လောင်းကစား ဖမ်းဝရမ်းအမှတ် (၇/၂၀၁၂)ဖြင့် မြင်းမူမြို့နယ် ပဲကူကျေးရွာနေ မခင်မာလာ(ဘ)ဦးအေး အသက်(၃၀)နှစ် ကျပန်း၊ ပဲကူရွာနေသူ၏နေအိမ်သို့ စခန်းမှူး ရဲအုပ်သောင်းတင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ သက်သေများနှင့်အတူ ရှာဖွေဖမ်းဆီးရာ နေအိမ်တဲအတွင်းမှ လောင်းကစားရာတွင် အသုံးပြုသည့်စာရွက်စာတမ်း၊ ငွေကျပ် ၄၇၀၀ အား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိပစ္စည်းများမှာ ရွှေပါးစပ်အမည်ပါ ရောင်စုံနှစ်လုံးထီဘောက်ချာတစ်ရွက်၊ လောင်းကစားရာတွင် အသုံးပြုသည့် ဘောပင်သုံးချောင်း၊ စီတီဇင် အနက်ရောင်ဂဏန်းပေါင်းစက်၊ ချဲထီနှင့် နှစ်လုံးထီ ရောင်းချရာတွင် အသုံးပြုသော ဂျိုကာတံဆိပ်ပါ ငွေလက်ငင်းဖြတ်ပိုင်းစာအုပ်သုံးအုပ်၊ နှစ်လုံးထီဂဏန်းနှင့် ငွေတန်ဖိုးများရေးသားထားသော ဂျိုကာတံဆိပ်ပါ ငွေလက်ငင်းဖြတ်ပိုင်း စာအုပ်ငါးအုပ်၊ ငွေလက်ငင်းဖြတ်ပိုင်းစာရွက်သုံးရွက်၊ အဖြူရောင်ဘောက်ချာစာရွက်သုံးရွက်၊ နှစ်လုံးထီနှင့် ချဲထီရောင်းချရာတွင် အသုံးပြုသော မင်ခံဖြတ်ပိုင်းငါးရွက်၊ ချဲထီရောင်းရာတွင် အသုံးပြုသည့် ပန်းရောင်အဖုံးပါ လယ်ဂျာစာအုပ်တစ်အုပ်၊ ချဲထီဂဏန်းနှင့် ငွေတန်ဖိုးများရေးသားထားသော ပန်းရောင်ဘောက်ချာ ၆၂ ရွက်၊ ဒန်အိုးတစ်လုံး၊ မောင်နိုင်စိုး ရွှေရတနာရောင်းဝယ်ရေးတံဆိပ်ပါ အစိမ်းကျားပိုက်ဆံအိတ်နှင့် ငွေကျပ် ၄၇၀၀ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ မခင်မာလာအား မြင်းမူရဲစခန်းမှ (ပ)၂၀၇/၁၂၊ ပုဒ်မ ၁၅/က၊ ၁၆/ကဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ (၆၂၄)

မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲနှင့် မင်္ဂလာဦးဆွမ်းကျွေးဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၂၇)ရပ်ကွက်၊ Rose Park (2)၊ အမှတ် (99/A) နေ
ဗိုလ်မှူးကြီးတင်မောင်ဝင်း(ငြိမ်း)-(ဒေါ်ပြုံးပြုံးမြင့်)တို့၏သားလတ်
မောင်ဇေယျာဝင်း BA (Public Policy)
ဒုတိယစုံစမ်းရေးမှူး
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့်
ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ တေးနုယဉ်လမ်း၊ အမှတ် (45/G1) နေ
(ဦးအောင်မျိုးတင်)-ဒေါ်မေမိုးကြည်တို့၏ သမီးကြီး
မထက်နေဝါမျိုးတင်
B.C.Sc (Hons;)
Supervisor
Asia Language & Business Academy

တို့၏ ၁၉-၅-၂၀၁၂ရက် Sedona Hotel တွင် ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲနှင့် ၂၀-၅-၂၀၁၂ရက် မဟာစည်သာသနာ့ရိပ်သာတွင် ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးခဲ့ကြသော ဌာနဆိုင်ရာအကြီးအကဲများနှင့် နှစ်ဖက်မိဘဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။ **မောင်ဇေယျာဝင်း-မထက်နေဝါမျိုးတင်**

လက်ထပ်ထိမ်းမြားပြီးစီးခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သယံဇာတကွန်းလမ်းနေ ဦးစောအောင်-ဒေါ်ရီရီခင်တို့၏ သား၊ ဦးဝင်းထွန်းလင်း (လက်ထောက်ညွှန်ကြားရေးမှူး-ရေအားလျှပ်စစ်စီမံကိန်း)-ဒေါ်ခင်သန္တာအောင်တို့၏ ညီ၊ ဦးဟိန်းဇေယျာကျော်(ဒု-အကောက်ခွန်မှူး)-နန်းမိုမိုဟွမ်ပ် (MEC)တို့၏ အစ်ကို
မောင်စိုင်းညီလင်း
(Asscciate Engineer)(New Mode Technologies Pte Ltd.,Singapore)
နှင့်
ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ စစ်တောင်းရိပ်မွန်၊ မြမင်္ဂလာလမ်းနေ ဦးညွန့်ရှိန် (မြို့နယ်စီမံကိန်းမန်နေဂျာ-UNDP/CDRT-ဝိုင်းမော်မြို့)-ဒေါ်နွဲ့နွဲ့တို့၏ သမီးကြီး
ဗိုလ်ကြီးနေအောင်ထွဋ်-Dr.ခတ္တာဝင့်ရှိန်၊ မောင်လမင်းသူတို့၏ အစ်မ
မနေဇာဝင့်ရှိန်
(Accountant)(Super Star Traders Pte Ltd,Singapore)
တို့သည် စင်ကာပူနိုင်ငံတွင် ၂၀-၅-၂၀၁၂ ရက်၌ နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ လက်မှတ်ရေးထိုးလက်ထပ်ပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့် စိုင်းညီလင်း-နေဇာဝင့်ရှိန်

အမည်ဖြည့်စွက်ကြော်ငြာ

ဦးမောင်မောင်၏ သားဖြစ်သူ မောင်အေးထွန်းအား ယနေ့မှစ၍ ကျော်ဇောလင်း(ခ)မောင်အေးထွန်းဟု ခေါ်ဆိုပါရန်။

ပျောက်ဆုံးကြောင်း

ဦးဇော်မင်းထွန်း[၉/မနမ(နိုင်)၁၁၁၄၄၄]၏ နိုင်ငံကူးလက်မှတ် အမှတ်-M-061280 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉၉၁၀၀၁၈၁၈

Unique Marine Training Center မှ BEST ဖြေဆိုရန်မလိုဘဲ
ပထမအကြိမ် မည်သူမဆို လွတ်လပ်စွာ တက်ရောက်နိုင်သော
BST (4 Tickets) နှင့် Pre-Sea(Deck & Engine) Rating
သင်တန်းသားများခေါ်ယူခြင်း

Unique Marine Training Center တွင် BST (4 Tickets) နှင့် Pre-Sea(Deck & Engine) rating သင်တန်းများကို ပထမအကြိမ် မည်သူမဆို လွတ်လပ်စွာ တက်ရောက်နိုင်မည့် သင်တန်းအဖြစ် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသားများအား ဦးရာလူစနစ်ဖြင့် လက်ခံသွားမည်ဖြစ်သဖြင့် Center သို့ အမြန်ဆုံးဆက်သွယ်အပ်နှံနိုင်ပြီ ဖြစ်ပါကြောင်း-

သင်တန်းစတင်လက်ခံမည့်နေ့ရက် - ၁၉-၅-၂၀၁၂ရက်
သင်တန်းဖွင့်လှစ်မည့်နေရာ - စုပေါင်းရုံး၊ ရွာသစ်ချောင်းလမ်း၊ ဝါးတန်းဆိပ်ကမ်း၊ အလုံမြို့နယ်
ဖုန်းနံပါတ် - ၀၉၄၉၂၄၇၉၇၉
UMTC

ပျောက်ဆုံးခြင်း

ကျွန်တော်ခင်မောင်သန်း၏ရေယာဉ်အုပ်လက်မှတ် ဆဒ-၀၅၅/၂၀၀၃-လက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉ ၇၃၂၀၂၄၂၂



ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ဇာမေလာခါတွန်(ခ) ဒေါ်တင်တင်ချို၏ နိုင်ငံကူးလက်မှတ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။**ဖုန်း-၀၉၇၃၀၄၈၇၅၂ ၀၁၂၄၀၈၃၉**





ရောင်းမည်

တာမွေ(၁၆၇)လမ်း၊ မြေညီ+ထပ်ခိုး R.Cခင်း ပေ(၁၈×၇၅) ရေ့မြေပို ပေ(၂၀)ခန့် အမြင့်ပေ(၁၈)တိုက်သစ်၊ သံပန်း၊ ဆန်းရှိတ်၊ ရေ၊ မီးကိုယ်ပိုင်၊ ပြင်ပြီး(ရာပြည့်ဈေးအနီး၊ လူစည်ကား လုပ်ငန်းလုပ်ရန် အလွန်ကောင်း)ရောင်း
ဆက်သွယ်ရန်ဖုန်း-၅၅၉၁၂၉၊ ၀၉-၅၀၀၃၈၀၂၊ ၀၉-၈၆၂၆၇၄၃

ပျောက်ဆုံးခြင်း

မနှင်းအိအိခိုင်၏ P.P No A-091544 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၀၈၅၃၁၈**

အမည်ပြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ ဦးအောင်ကြိုင်၏သမီး မခင်စန္ဒီ [၁၂/အစန(နိုင်)၁၇၃၇၄၂]အား မဆောင်းဘုန်းခဟု ပြောင်းလဲခေါ်ဆိုပါရန်။
မဆောင်းဘုန်းခ

လယ်တီဆရာတော်ကြီး၏ ဆုံးဖြတ်ချက်(၆၅)ချက်နှင့် လက်တွေ့နည်းပေါင်း (၂၀)ကျော်ပါဝင်သည့် ဝိပဿနာ ပါရဂူဆရာကြီး ရေးသားသော ဝိပဿနာဆရာဖြစ်သင်တန်းနှင့် ဝိပဿနာပါရဂူကျမ်း (၄စောင်တွဲ) စာအုပ် (ရှေးဟောင်း ဝိပဿနာကျမ်း)အား ဝိပဿနာကမ္မဋ္ဌာန်းတရား အားထုတ်လျက်ရှိသော/ အားထုတ်လိုသော ရဟန်းသံဃာများနှင့် လူပုဂ္ဂိုလ်များအား လှူဒါန်းလိုပါသဖြင့် အောက်ပါတယ်လီဖုန်းအမှတ်များသို့ ဆက်သွယ်အလှူခံနိုင်ပါသည်-

တယ်လီဖုန်းအမှတ်-၀၆၇-၅၉၁၄၁၃
၀၉-၄၃၀၃၄၅၀၀

ခေတ်စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ
ဦးစိုးသိန်း(M.O.G.E)-ဒေါ်ခင်ဌေးဝင်း(ခ)ဒေါ်ချယ်ရီတို့၏သား
မောင်သက်ပိုင်စိုး
B.E (Information Technology)
Air Mandalay Ltd.,
နှင့်
ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ
ဦးမျိုးသန့်-ဒေါ်စန်းစန်းမော်တို့၏သမီး
မမျိုးနန္ဒာအောင်
M.E(Information Technology)
လ/ထ ကထိက (မှော်ဘီနည်းပညာတက္ကသိုလ်)

တို့သည် ၂၇-၅-၂၀၁၂ ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သက်ပိုင်စိုး- မမျိုးနန္ဒာအောင်





အမည်ပြောင်း

ဦးမြင့်ဦး၏သမီး အထက(၄)၊ ဗိုလ်တထောင်၊ န၀မတန်းမှ မသူသူဟန်သာအား နှင်းနုနုအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဖခင်အမည်မှန်

တောင်ဒဂုံ၊ အမက(၁၀)၊ ပထမတန်းတွင် ပညာသင်ကြားနေသော မောင်မျိုးသက်နိုင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးအောင် ဖြစ်ပါသည်။

ရောင်းရန်ရှိသည်

အီရန်နိုင်ငံလုပ်
ကတ္တရာ
(BITUMEN)
GRADE 80/100
ဖုန်း-၀၉-၅၅၀၂၉၂၈၊
၀၉-၅၁၃၀၅၇၁
အမှတ်(၄၁)၊ ၁၀ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

ပျောက်ဆုံးခြင်း

ကျွန်မ နော်စနိုး၏ ပတ်စ်ပို့ (M 071881)သည်ပျောက်ဆုံးပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်
ဖုန်း-၀၉-၄၅၀၀၁၄၁၆၇





အများသိစေရန်သတိပေးကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဒေါ်ခိုင်ခိုင်ဝင်း[၁၂/ဒဂန(နိုင်)၀၁၉၃၇၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာလိုက်သည်မှာ-ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ ဦးပိုင်အမှတ်(၆၄)၊ အကွက်အမှတ်(၁၃၅)၊ ဧရိယာအကျယ်အဝန်း (၀. ၁၀၄)ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အရပ်ရပ်အကျိုးခံစားခွင့်များကို ဒေါ်ခိုင်ခိုင်ဝင်း၏ ခင်ပွန်းဖြစ်သူ ဦးစိန်ဝင်း (ဗိုလ်မှူးကြီးစိန်ဝင်း-ငြိမ်း)က အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းကွယ်လွန်သည့်အခါ ဒေါ်ခိုင်ခိုင်ဝင်းက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံလျက် ယနေ့တိုင် လက်ရှိထားပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေကို မည်သည့်အခါကမျှ လွှဲပြောင်းရောင်းချခဲ့ခြင်း၊ သူတစ်ပါးအားလည်း နေထိုင်စေခဲ့ခြင်း အလျဉ်းမရှိခဲ့ပါ။

မည်သူမဆို ကျွန်ုပ်၏အမှုသည်ဖြစ်သူက ဥပဒေနှင့်အညီ ပိုင်ဆိုင်သော အထက်ဖော်ပြပါ မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်များအပေါ် ထိပါးနှောင့်ယှက်ခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းများပြုပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူခြင်းခံရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

ဒေါ်ခိုင်ခိုင်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဓနုဖြူ ဦးမြင့်အောင် B.A(Law),LL.B. (စဉ်-၂၂၇၇)
တရားလွှတ်တော်ရှေ့နေ
ရုံး-၅၆၁၊ (ပ-ထပ်)၊ ကုန်သည်လမ်း၊ MAC Tower၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
e-mail:danuphyumyintag @ gmail.com.

ကျေးဇူးတင်လွှာ

Best Auto Car Showroom, Sales & Service Centre [illegible] Best Auto Co.,Ltd. [illegible]

Best Auto Co., Ltd. UBM Business Group Service Co.,Ltd. Nice Auto Co.,Ltd.

မင်္ဂလာနှစ်ပတ်လည် ဆုမွန်ကောင်းတောင်းလွှာ

ချစ်သောပါပါးကြီး **ဦးတင့်လွင်**နှင့် ချစ်သောမာမားကြီး **ဒေါ်အေးအေးသန့်** (ခေတ္တ-စင်ကာပူ)တို့၏ ၁-၆-၂၀၁၂ရက်တွင် ကျရောက်သော(၄၁)နှစ်ပြည့် မင်္ဂလာရက်မြတ်မှစ၍ နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောသား၊ သမီး၊ မြေးတစ်စုတို့နှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတို့ကို တစ်လုံးတစ်ဝတည်း ရရှိခံစားနိုင်ပြီး ယခုထက်ပိုမို၍ ဘဝတစ်လျှောက်လုံး ကျန်းမာ၊ ချမ်းသာပျော်ရွှင်စွာ နေနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်---

ချစ်သားကြီး **ကိုမိုးကျော်သူ (ခေတ္တ-စင်ကာပူ)**
B.A Geography(Q)

ချစ်သားလတ် **ကိုကျော်စွာထွဋ်-မသန်းသန်းအေး**
B.E (Mechanical)

ချစ်သားငယ် **ကိုအောင်ကျော်မိုး(ခေတ္တ-စင်ကာပူ)**
M.Sc (Consumer Electronics), NTU, Singapore

ချစ်သမီးကြီး **မခင်ခင်တင့် (ခေတ္တ-စင်ကာပူ)-ကိုဟန်ဝင်းအောင် (ခေတ္တ-စင်ကာပူ)**
M.Sc (Mechanical), NUS, Singapore)

ချစ်သမီးငယ် **မသီတာတင့်တင့် (ခေတ္တ-စင်ကာပူ)**
B.Sc,Maths (Hons;) Diploma in Accounting (UK)

ချစ်မြေးများ **မမိုးပြည့်ရွှေစင်(ခ)ယွင်ယွင်း၊ မဆုပြည့်စုံဝင်း(ခ)ရှင်းရှင်း၊ မရတနာဖြိုးပြည့်(ခ)အူဝဲ**

(၂၇)နှစ်မြောက် မင်္ဂလာဆုမွန်တောင်းလွှာ

ဖေဖေ **ဗိုလ်ကြီး ဝင်းမြင့်**နှင့် မေမေ **ဒေါ်အေးအေးမော်-မြင့်မိုရ်တောင်မ**က ကျေးဇူးကြီးမားပြီး သားသမီးများကို ပြုစုပျိုးထောင်ပေးခဲ့သော ဘဝနေထိုင်မှုနည်းလမ်းများကို သွန်သင်ဆုံးမပေးခဲ့သော အနန္တဂိုဏ်းဝင် ဖေဖေနှင့်မေမေတို့၏ ၁-၆-၂၀၁၂ရက်တွင် ကျရောက်သော မင်္ဂလာရက်မြတ်မှသည် ရွှေရတုတိုင်ချစ်သောမိသားစုနှင့်အတူ ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရန် ဆုမွန်ခြွေရင်း

သမီးကြီး -**မမြစန္ဒာ[B.E(Mechanical) M.E] (Q)**
Mechanical Design Engineer
P.P.P Consultants Engineering
(ခေတ္တ-Singapore)

သားလတ် -**မောင်အောင်ကျော်မိုး (ခ) ဖိုးရှမ်း (AGTI(EC) B.Sc (Physics)(Design Engineer)J.S.E Technology Pte.Ltd.)(ခေတ္တ -Singapore)**

သားငယ် -**မောင်သီဟဝင်းမြင့် B.Tech(Mechanical)**
ပထမနှစ်နည်းပညာတက္ကသိုလ်-သန်လျင်

[illegible]
Central Hotel - Jade Hall
[illegible]

(Ex Principal, BEC)
BIS Bharadwaj International School
Nursery to IGCSE Classes
Weekend English Classes (Aged 7 to 14)
Tel: 245978, 095501141, 098537463, 0973123665

စေ့စပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးမောင်မောင်(ခ)Yeo Kyan Lyang -ဒေါ်သန်းသန်းမြင့်(ခ)Yit Saw Hwar တို့၏သား၊ California, USA နေ

Delvin Tunlwin Yang @ မောင်ထွန်းထွန်းလွင်

A.G.T.I (Civil) I.D.C.S

နှင့်

ရန်ကုန်မြို့နေ ဦးကြည်မြင့်-ဒေါ်အေးအေးခိုင်(ခ) Ing Swet Chaing တို့၏သမီးကြီး

မလဲ့လဲ့ခိုင်

B.Com (Y.I.E),ACCA (Part-II)

တို့၏ ၂၆-၅-၂၀၁၂ရက်တွင် Western Park Ruby ၌ကျင်းပသော စေ့စပ်မင်္ဂလာပွဲ အခမ်းအနားတွင် စေ့စပ်မင်္ဂလာလက်စွပ် ဆင်မြန်းပေးသော တရားလွှတ်တော်ရှေ့နေများဖြစ်သော ဦးခင်ညွန့်နှင့်ဇနီး ဒေါ်ရီရီတင်တို့အားလည်းကောင်း၊ စေ့စပ်မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ စေ့စပ်မင်္ဂလာပွဲအောင်မြင်စွာဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူ အားလုံးတို့ကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
Delvin Tunlwin Yang @ မောင်ထွန်းထွန်းလွင်-မလဲ့လဲ့ခိုင်

ရဲမျက်မှန်တွင် အောက်ပါဝန်ထမ်းများအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။	Cashier [လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်]	ကျား/မ	၁-ဦး
၂။	Sale Executive [လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်]	ကျား/မ	၃-ဦး
၃။	ကွန်ပျူတာစာရင်းကိုင်	ကျား/မ	၁-ဦး

ကျွမ်းကျင်မှုကောင်းလေ၊ လစာကောင်းလေ

အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာမူရင်း။

ဆက်သွယ်ရန်-၃၄၅/၃၄၇၊ ရွှေဘုံသာလမ်းအထက်၊ ဖုန်း-၀၉-၇၃၀ ၅၁၃၀၉ (လူကိုယ်တိုင်လျှောက်ထားနိုင်သည်။)

အမည်ပြောင်း

မြစ်ကြီးနား၊ အကထ(၁)၊ Grade III တွင် တက်ရောက်နေသော အဖ ဦးအောင်မြိုင်၏သမီး မမြတ်သီရိနွယ်အား မဖူးသဒ္ဒါအိမ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဖူးသဒ္ဒါအိမ်**

[illegible]

မှူးယစ်ဆိုက ဆန့်ကျင်ကြ

(WISDOM VILLAGE)
• GRE / SAT / TOEFL / IELTS
• Writing / Speaking.

[illegible]

ဦးမောင်လှိုင်-ဦးကံမြင့်
ရာထူးဝင်နှင့် အင်္ဂလိပ်စာ၊ ဘာသာပြန်သင်တန်းများ
(ဥပဒေအရာရှိအဆင့်-၄၊ (L.O) ရာထူးများအတွက်)
အင်္ဂလိပ်စာ၊ မြန်မာစာ၊ ဗဟုသုတတန်းခွဲများစပြီ
(အင်္ဂလိပ်စာသီးသန့်တန်းခွဲများရှိသည်။)
ကျောင်းခွဲများမရှိပါ
၁၅၉-ဒုတိယထပ်(ယာ)၊ ၃၈လမ်း(အလယ်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၀-၉၃၆၇၄၊ ၀၉၇၃၂၄၁၀၅၉

သံတိုးမင်း Transportation

ကမ္ဘာ့ဝင်ရွှေပုဂံ Travels & Tours

LCCI I+II&III
MYOB
Excel for Accountant

လှိုင်မင်းလတ်
LCCI Level-I,II&III
June (16)

LCCI

ဟိန်းလတ်
ဟိန်းလတ်

AVENGERS

L.O (ဥပဒေအရာရှိ အဆင့်-၄ ဝင်ခွင့်)
9.6.2012(Sat)
40000 Ks
09 500 1599, 09 8632973, 09 73172556

Mingalar CINEMA DAGON CENTER II
6th Floor, Dagon Center II
3D CINEMA
၁-၆-၂၀၁၂ ရက်မှ
စတင်၍ တင်ဆက်ပြသနေပါပြီ

၁-၆-၂၀၁၂ နေ့ ရန်ကုန်- သမ္မတ၊ သွင်၊ မင်္ဂလာ၊ Junction(မော်တင်) Junction Square နဝဒေး၊ မန္တလေး- ဝင်းလိုက်၊ မြို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ကြော်ငြာစာအမှတ် ၁/၂၀၁၂ လျှောက်လွှာများခေါ်ယူခြင်း

၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့်ဥပဒေရုံးအဆင့်ဆင့်တို့တွင် လစာနှုန်း(၁၉၀၀၀၀-၁၀၀၀၀-၆၄၀၀၀၀)ရရှိသော ဥပဒေအရာရှိအဆင့်(၄) ရာထူးနေရာများ လစ်လပ်လျက်ရှိပါသည်-

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အနိမ့်ဆုံးဥပဒေဘွဲ့ (LL.B) ရရှိပြီးသူဖြစ်ရမည်။

(ဂ) ၃၁-၅-၂၀၁၂ရက်တွင် အသက်(၂၇)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၀)နှစ်ထက် မကြီးသူဖြစ်ရမည်။

(ဃ) မဟာဥပဒေဘွဲ့(LL.M) ရရှိသူဖြစ်ပါက အသက်(၃၂)နှစ်ထက် မကြီးသူဖြစ်ရမည်။

(င) ကိုယ်လက်အင်္ဂါပြည့်စုံပြီး ကျန်းမာသန်စွမ်းသူဖြစ်ရမည်။

၃။ စာမေးပွဲကြေး-၅၀၀/-(ကျပ်ငါးရာတိတိ)ကို မြို့နယ်များရှိသက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများ၌ မြို့နယ်ဥပဒေရုံး ငွေစာရင်းခေါင်းစဉ်သို့လည်းကောင်း၊ ရန်ကုန်မြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ(၅)၌ ငွေစာရင်းအမှတ် အမ်ဒီ-၀၂၃၅၆၆ သို့ လည်းကောင်း ပေးသွင်းရမည်။

၄။ သတ်မှတ်ထားသော လျှောက်လွှာပုံစံတစ်စောင်ကို စာမေးပွဲအတွက် ငွေသွင်းချလန်မူရင်းပြ၍ ခရိုင်ဥပဒေရုံးများတွင် ၅၀၀/-(ကျပ်ငါးရာတိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။(ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပုံစံ(၂)စောင်ဝယ်ယူရပါမည်။)

၅။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရပါမည်-

(က) ဥပဒေဘွဲ့၊ မဟာဥပဒေဘွဲ့လက်မှတ်မိတ္တူများ ပူးတွဲတင်ပြရမည်။ (စစ်ဆေးသည့်အခါ မူရင်းတင်ပြနိုင်ရမည်။)

(ခ) စာမေးပွဲဝင်ကြေး ပေးသွင်းထားသည့် ငွေချလန်မူရင်း။

(ဂ) အသက်အတွက် အခြေခံပညာအထက်တန်းစာမေးပွဲ အောင်လက်မှတ်မိတ္တူမှန် ပူးတွဲတင်ပြရမည်။ (စစ်ဆေးသည့်အခါ မူရင်းတင်ပြနိုင်ရမည်။)

(ဃ) ပြင်ပပုဂ္ဂိုလ်များအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြန်တမ်းဝင်အရာရှိနှစ်ဦး၏ ၁-၆-၂၀၁၂ရက် နောက်ပိုင်းထောက်ခံသည့် ထောက်ခံချက်မူရင်း။

(င) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူမှန်။

၆။ လျှောက်လွှာပိတ်ရက်သည် ၁၅-၆-၂၀၁၂ရက် ညနေ ၄း၃၀နာရီဖြစ်သည်။

၇။ လျှောက်ထားသူသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက လျှောက်လွှာကို မိမိလျှောက်လွှာထုတ်ယူခဲ့ရာ ခရိုင်ဥပဒေရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ သတ်မှတ်ရက်ထက်မကျော်လွန်စေဘဲ အရောက်ပေးပို့ရမည်။

၈။ လျှောက်ထားသူသည် ဝန်ထမ်းဖြစ်ပါက လျှောက်လွှာတစ်စောင်ကို ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုနိုင်သော ဌာနဆိုင်ရာအကြီးအကဲမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်သို့လည်းကောင်း၊ ကျန်လျှောက်လွှာတစ်စောင်ကို မိမိလျှောက်လွှာထုတ်ယူခဲ့သည့် သက်ဆိုင်ရာခရိုင်ဥပဒေရုံးသို့လည်းကောင်း၊ သတ်မှတ်ရက်ထက် မကျော်လွန်စေဘဲ ပြန်လည်အရောက်ပေးပို့ရမည်။

၉။ ရေးဖြေစာမေးပွဲကို ရန်ကုန်နှင့်မန္တလေးမြို့များတွင် ၂၀၁၂ခုနှစ်၊ ဇူလိုင်လ ဒုတိယပတ်အတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပြီး ကျင်းပမည့်နေ့ရက်၊ အချိန်နှင့်နေရာတို့ကို သတင်းစာများ၌ အချိန်မီကြိုတင်ကြေညာပါမည်။ တစ်ဦးချင်းထံသို့ အကြောင်းကြားမည်မဟုတ်ပါ။

၁၀။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ်များဖြေဆိုရပါမည်-

(က) မြန်မာစာ

(ခ) အင်္ဂလိပ်စာ

(ဂ) အထွေထွေဗဟုသုတ

(ဃ) ဥပဒေဘာသာရပ်(၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် သက်သေခံအက်ဥပဒေ)

၁၁။ စည်းကမ်းနှင့်မကိုက်ညီသော(သို့မဟုတ်) မပြည့်စုံသော(သို့မဟုတ်) သတ်မှတ်ရက်ထက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ ရေးဖြေစာမေးပွဲလာရောက်ဖြေဆိုရာတွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခံရန် လာရောက်သည့်အခါတွင်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရပါမည်။

၁၃။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုပါမည်။

၁၄။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တွင် အနည်းဆုံးငါးနှစ်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board
လျှောက်လွှာခေါ်ယူခြင်း

... www.ucsb.gov.mm ... ucsb.imis.com.mm ...

... (Open Tender) ခေါ်ယူခြင်း

... (2010)Sets ... 15.6.2012

ဆရာဝသန်

(GATE English Training Centre) Speaking, Grammar, Interview ဖွင့် တန်းခွဲသစ် စတင်အပ်နှံနိုင်ပြီ။ **ဖုန်း-၀၉-၈၆၁၁၀၅၂၊ ၀၉-၅၁၇၉၁၂၅ (အလုံမြို့နယ်)**

ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အလက(၃)၊ စတုတ္ထတန်းမှ မောင်ဟိန်းမင်းထက်၊ ဒုတိယတန်းမှ မဇာနည်ထက်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်လှိုင်မျိုး (MTLA-089227)ဖြစ်ပါကြောင်း။

ဦးအောင်လှိုင်မျိုး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၄၊ မြေကွက်အမှတ်-၁၈၇၃/က၊ မြေကွက်တည်နေရာအမှတ်-(၁၈၇၃/က)၊ ဗန္ဓုလလမ်း၊ (၁၀၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (ဦးသိန်းထွေး) HLG-014786 အမည်ပေါက်မြေချပါမစ်မြေအား အမည်ပေါက် ဦးသိန်းထွေးထံအရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးစိန်သော်[၁၂/သဃက(နိုင်)၁၃၀၇၃၈]က မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်တရားရုံးကျမ်းကျိန်လွှာ ဌာနဝန်ခံချက်များတင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ်(၇၄၇)မူလအမည်ပေါက် ဦးစိုးမြင့်၏မြေကွက်ကို လက်ရှိဝယ်ယူထားသူ ဒေါ်မြမြ မှတ်ပုံတင်အမှတ်[၉/မရမ(နိုင်)၀၇၇၀၃၄]မှ မြေကွက်စလစ်(မူရင်း)နှင့်ငွေသွင်းချလန်(မူရင်း)တင်ပြပြီး မြေချပါမစ်ထုတ်ယူခွင့်ပြုရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထား(မူရင်း)များတင်ပြ၍ သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းရုံး၊ (မြေယာရုံးခွဲ-၂)၊ မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ရောင်းလိုသူသာဆက်သွယ်ပါ

ဒဂုံဆိပ်ကမ်း(၅၉၊ ၆၀၊ ၆၁၊ ၇၇၊ ၇၈၊ ၇၉)ရပ်ကွက်နှင့် ဒဂုံအရှေ့ပိုင်း (၁၁၈)ရပ်ကွက်ရှိ မြေကွက်များအား ရောင်းလိုသူထံမှ တိုက်ရိုက်ဝယ်ယူလိုပါသည်။

(မြတ်တော်ဝင်ဝန်ဆောင်မှုလုပ်ငန်း)

ဖုန်း-၀၁-၅၃၉၉၂၂၊ ၀၉-၅၁၃၄၆၃၀၊ ၀၉-၇၃၁၁၄၅၂၇

Q . E . L . C

Regular English for children

(Age 5-15) (Sat/Sun) June (2) ... !!!

- 4 Skills English, Writing, IELTS

New Phone ...

Sweet Angel

အဆင့်မြင့်ပြင်ဆင်ပြီး

စမ်းချောင်းမြို့နယ်၊ ဇလွန်လမ်း၊ မြေညီ ၄၀၀ (ညှိနှိုင်း)၊ အသင့်နေနိုင်၊ အမြန်ရောင်းမည်။

ဖုန်း-၀၁-၇၀၁၈၇၆၊ ၀၉၄၅၀၀၂၃၇၄၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ မြေကွက်အမှတ်(၁၂၃၃)၊ မြေကွက်တည်နေရာအမှတ်(၁၂၃၃)၊ မင်းလမ်း၊ (၅၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (ဦးထွန်းဝင်း)(ISN-546767)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းဝင်း ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းမွှေး[၁၂/ရကန(နိုင်)၀၅၉၁၆၃]က တစ်ဦးတည်းသော တရားဝင်ဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

IGCSE

- Maths(B)
- Further PureMaths
- Accounting

: 09 50 976 80

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရွှေလိုတိုင်းပြည့် ငွေလိုတိုင်းလျှံ
ရွှေပြည့်ငွေလျှံ®
နံ့သာရိုးရိုး အမွှေးတိုင် (၂) ဒါဇင်လျှင် ထီးလုလု (၁) ချောင်း လက်ဆောင်ရယူပါ။
သစ်သီးစုံ အမွှေးတိုင် (၅) ပုံးလျှင် ထီးလုလု (၁) ချောင်း လက်ဆောင်ရယူပါ။
While Stock Last!

မြေရှင်ကိုယ်တိုင် တိုက်ခန်းရောင်းမည်

ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်စေတီတော်ကို ညှော်ခန်းမှပင် ဖူးမြော်နိုင်သော နေရာကောင်း ပေ(၁၅×၆၀)၊ (၆လွှာ)၊ ဖုန်းပါ၊ ငလျင်ဒဏ်ခံအောင် ဆောက်လုပ်ထားသော (၆)ထပ်တိုက်သစ်၊ မီးဖိုခန်း၊ ရေချိုးခန်း ကြွေပြားအပြည့် ကာထား၊ ခင်းထား၊ ညှော်ခန်း၊ အိပ်ခန်း၊ Laminated Floor ခင်းထားပြီး ရေမီးကောင်းအောင် ဆောင်ရွက်ထားသည်။ (သိန်း ၃၆၀)။ **ဖုန်း-၀၉-၅၅၀၅၄၃၂၊ ၀၉ ၅၅၀ ၇၁၁၆၊ ၀၉ ၇၃၀၂၇၄၃၅**

ကန့်ကွက်နိုင်ပါသည်

ဦးမြသန်းအမည်ပေါက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြေတိုင်းအမှတ် ၁၅၃၊ မြေကွက်အမှတ် ၃၉၃အား ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစန်းဝင်း
တရားလွှတ်တော်ရှေ့နေ(၆၅၂၉)
#7-Pansodan Office Tower
ဖုန်း-၀၉-၅၁၈၂၈၆၄

အမည်ပြောင်း

အထက(၂)၊ ပြည် Grade 10(A) တွင် ပညာသင်ကြားနေသော အဖ ဦးရဲထွန်း၏သမီး မဝေဝေလွင်အား မမေယမင်းသူဟု ပြောင်းလဲခေါ်ပါရန်။ **မမေယမင်းသူ**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ထ/၄၃၊ မြေကွက်အမှတ်(၁၅၈၅/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၅၈၅/ခ)၊ (၁၆)ရပ်ကွက်၊ အောင်ဇေယျ (၇) လမ်း၊ ရွှေပြည်သာမြို့နယ်၊ (ဗိုလ်မှူးချစ်ဟန်)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဗိုလ်မှူးချစ်ဟန်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးဝင်းကျော် [၁၂/ရပသ (နိုင်)၀၄၇၇၄၅] မှ ပါမစ်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတို့ကို တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် (၆၀)မြေငှား စာချုပ်ဂရန်သစ် လျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမင်းနိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/ပဘတ (နိုင်)၀၂၆၈၅၄]ကိုင်ဆောင်သူက အောက်တွင် ဖော်ပြပါကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင် စာချုပ်အမှတ်-၄၁၆၉/၂၀၁၂ ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

"ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား"

၄၁၆၉/၂၀၁၂

အထက်ဖော်ပြပါ **TOT** ကုန်အမှတ်တံဆိပ်ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိသွားမည့် မီးခလုတ်ပုံစံအမျိုးမျိုး၊ လျှပ်စစ်ပစ္စည်းအမျိုးမျိုး စသည်တို့တွင် ပုံစံအရွယ်အစားအမျိုးမျိုး၊ အရောင်အသွေးအမျိုးမျိုးဖြင့် ရိုက်နှိပ်၊ ကပ်နှိပ်၍ အသုံးပြုသွားမည်ဖြစ်ပါသည်။ ထိုအမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည့် မီးခလုတ်ပုံစံအမျိုးမျိုး၊ လျှပ်စစ်ပစ္စည်းတို့အား ထည့်သွင်းအသုံးပြုသည့် စက္ကူအိတ်၊ ပလတ်စတစ်အိတ်၊ ပါဆယ်အိတ်၊ လက်ကိုင်အိတ်၊ စာရွက်စာတမ်း၊ ကြော်ငြာဆိုင်းဘုတ်၊ဘလောက်တုံး၊ တံဆိပ်တုံး၊ ငွေပြေစာဖြတ်ပိုင်း အစရှိသည်တို့အပေါ်တွင်လည်း ယင်းတံဆိပ်အမှတ်အသားများကို အရောင်အမျိုးမျိုး၊ ပုံစံအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ဖြင့် ပြုလုပ်ပြီးလျှင် အထက်ပါပစ္စည်းများအပေါ်တွင် ယင်းတံဆိပ်အမည်အမှတ်အသား၊ စာသားများပါ ကပ်နှိပ်၍၊ ဖိနှိပ်၍၊ ရိုက်နှိပ်၍ အသုံးပြုထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်အား တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ ပုံတူကူးယူခြင်း၊ ထင်ယောင်ထင်မှား အတုအပပြုလုပ်သုံးစွဲခြင်းများတွေ့ရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ တရားစွဲဆိုအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်မောင်သိန်း	**ဦးကျော်မင်းထွန်း**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
B.A, R.L, D.B.L, D.I.L	**LL.B, C.B.L**

ရုံးခန်း-အမှတ်(၁)၊ ၃၄လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၀၇၆၁၅၈၊ ၀၉၄၃၁၅၁၄၀၇

ကားရောင်းမည်

လ/----၊ SUNNY
85 Model, ခါတ်ဆီ
ညှိနှိုင်းဈေး
ဖုန်း-၀၉၇၃၀၆၈၄၅၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈ ဘီ)၊ မြေကွက်အမှတ်-၆၉/၁၇၊ အကျယ်အဝန်း(၀. ၀၂၉)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဂန္ဓမာလမ်း၊ အမှတ်(၁၂)ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးအောင်စိန်[၁၂/တကန(နိုင်)၀၀၀၁၀၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြမြသင်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၇၈၀)
အမှတ်(၅၂)၊ ၇လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

၁၇-၅-၂၀၁၂ရက်စွဲ ကြေးမုံသတင်းစာကြော်ငြာအချပ်ပို(ဃ)ပါ ဒေါ်တင်တင်ဝေနှင့်အများသိစေရန်ကြေညာခြင်းအပေါ် ပြန်လည်အသိပေးကြေညာချက်

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၀)ရပ်ကွက်၊ အနော်ရထာလမ်းရှိ တစ်ကွက်လျှင်ပေ (၄၀×၆၀)အကျယ်ရှိ မြေကွက်အမှတ် ၃၀၅၊ ၃၀၇၊ ၃၀၉ မြေကွက်(၃)ကွက်အား ဒေါ်မေရီကိုယ်တိုင် မြေတစ်ကွက်လျှင် ကျပ်-၇၀၀၀၀၀၀ိ/- (ကျပ်ခုနစ်ဆယ်သိန်းတိတိ)ဖြင့် တန်ဖိုးသတ်မှတ်ပြီး ဒေါ်တင်တင်ဝေထံသို့ အသိသက်သေများ ဖြစ်ကြသော ဒေါ်နှောင်းဝသန်၊ ဒေါ်မိုးစံပါယ်နှင့် ဦးဇော်ထွန်းလင်းတို့ ရှေ့မှောက်တွင် အပြီးအပိုင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရောင်းချခဲ့ပြီးဖြစ်ပါလျက် မမှန်မကန်ဖော်ပြကြေညာခဲ့သော ဒေါ်မေရီအပေါ် ဥပဒေအရ ပြန်လည်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်တင်ဝေ၏လွှဲအပ်ညွှန်ကြားချက်အရ-
သက်အောင်ထူး
အထက်တန်းရှေ့နေ (စဉ်-၂၄၃၇၉)
အမှတ်(၂၈၁)၊ သုခလမ်း၊ (၄၃)ရပ်ကွက်၊
ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်။

အများသိစေရန်

(ဦးငမဲကြီး)အမည်ပေါက် စစ်တွေမြို့၊ မြို့သူကြီးရပ်ကွက်၊ ပန်းခြံလမ်း၊ အကွက်အမှတ်(၃၃)၊ ပါဒလိပ်ချိတ်ရပ်ကွက်၊ အနောက်ဦးပိုင်အမှတ်-၄၆၊ မြေနှင့် ပျဉ်ထောင်နှစ်ထပ်သွပ်မိုးအိမ်ကို အမွေဆက်ခံသူ ဦးကျော်အေးနှင့် ညီအစ်ကိုမောင်နှမ မိသားစုများမသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းပေးကမ်းခြင်း မပြုလုပ်ရန် တားမြစ်အပ်ပါသည်။ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်အေးနှင့်(အမွေဆက်ခံသူသားသမီးမိသားစုများ)
[၁၂/တမန(နိုင်)၀၁၆၈၃၃]
သာကေတ(၈)ရပ်ကွက်၊ တိုက်(၂၈)၊ အခန်း(၀၀၁)၊
ရွှေအုတ်ဂူ(၄)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

NELC
Nelson English Language Centre
➤ Grammar(Basic)
➤ Listening/Speaking1,2
➤ Intro, Level 1,2,3
➤ Pre-College Basic, Part 1-A
➤ IELTS (Foundation)
Opening in June

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
(ရန်ကုန်စီးပွားရေးတက္ကသိုလ်)

၁။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်စီးပွားရေးတက္ကသိုလ်)၏ အစီအစဉ်ဖြင့် အောက်ပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

	သင်တန်းအမျိုးအစား	သင်တန်းကာလ
(က)	Diploma in Development Studies (Dip.DS)	(၉ လသင်တန်း)
(ခ)	Diploma in Business Studies (DBS)	(၉ လသင်တန်း)
(ဂ)	Diploma in Management Accounting (DMAc)	(၉ လသင်တန်း)
(ဃ)	Diploma in Financial Accounting (DFAc)	(၉ လသင်တန်း)
(င)	Diploma in Secretarial Management (DSM)	(၆ လသင်တန်း)
(စ)	Certificate in Advanced Accounting (CAA)	(၆ လသင်တန်း)
(ဆ)	Certificate in Book-Keeping (CBK)	(၆ လသင်တန်း)
(ဇ)	Certificate in Advanced Business Studies (CABS)	(၃ လသင်တန်း)
(ဈ)	Certificate in Business Studies (CBS)	(၃ လသင်တန်း)

၂။ (က) Dip.DS သင်တန်းအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရသူများဖြစ်ရမည်။

(ခ) DBS, DMAc, DFAc သင်တန်းများအတွက် စီးပွားရေးတက္ကသိုလ်များမှ ဘွဲ့(သို့မဟုတ်) ဒီပလိုမာရရှိထားသူများ၊ စီးပွားရေးဘာသာရပ်တစ်ခုခုဖြင့် ဘွဲ့(သို့မဟုတ်) ဒီပလိုမာ ရရှိထားသူများ (သို့မဟုတ်) CABS နှင့် CAA လက်မှတ် ရရှိထားသူများ ဖြစ်ရမည်။

(ဂ) CABS သင်တန်းအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူ ဖြစ်ရမည်။ CBS လက်မှတ်ရရှိထားသူများလည်း လျှောက်ထားနိုင်သည်။

(ဃ) DSM, CBS, CAA, CBK သင်တန်းများအတွက် အနိမ့်ဆုံးပညာအရည်အချင်းမှာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူဖြစ်ရမည်။ CAA သင်တန်းအတွက် အခြေခံစာရင်းရေးနှင့် စာရင်းကိုင်ပညာ သင်ကြားဖူးသူဖြစ်ရမည်။

၃။ လျှောက်လွှာစတင်လက်ခံမည့်နေ့ - ၂၈-၅-၂၀၁၂ ရက် (တနင်္လာနေ့)

၄။ လျှောက်လွှာပိတ်မည့်နေ့ - ၂၂-၆-၂၀၁၂ ရက် (သောကြာနေ့)

၅။ သင်တန်းစတင်မည့်နေ့ - ၂၅-၆-၂၀၁၂ ရက် (တနင်္လာနေ့)

၆။ သင်တန်းချိန်များ

Dip.DS, DBS, DMAc, DFAc
- တနင်္လာနေ့မှ သောကြာနေ့အထိ (၁၇း၃၀ မှ ၁၉း၃၀)နာရီအထိ

CAA
- စနေနေ့နှင့် တနင်္ဂနွေနေ့ (၈း၀၀-၁၂း၀၀)နာရီ၊ (၁၃း၀၀-၁၇း၀၀)နာရီအထိ

CBK
- စနေနေ့ (၁၃း၀၀-၁၆း၀၀)နာရီ၊ တနင်္ဂနွေနေ့ (၈း၀၀-၁၁း၀၀)နာရီအထိ

CBS, CABS
- တနင်္လာနေ့မှ သောကြာနေ့အထိ (၇း၃၀ မှ ၉း၀၀)နာရီအထိ

DSM
- တနင်္လာနေ့မှ စနေနေ့အထိ (၇း၃၀ မှ ၉း၃၀)နာရီအထိ

၇။ ဓာတ်ပုံ(၃)ပုံ၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် မူရင်း/မိတ္တူ၊ ဘွဲ့လက်မှတ်(သို့) အောင်လက်မှတ် မူရင်း/ မိတ္တူ နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူ ယူဆောင်လာရမည်။

၈။ ဆက်သွယ်ရန်လိပ်စာ-လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်)

၉။ အသေးစိတ်သိရှိလိုပါက-ဖုန်း-၅၃၆၄၃၆၊ ၅၈၅၀၇၂၊ ၅၈၅၀၇၃၊ ၅၈၅၀၇၅၊ ၆၆၀၆၅၉ တို့တွင် စုံစမ်းနိုင်ပါသည်။

၁၀။ သင်တန်းသားဦးရေ ကန့်သတ်ထားသည်။

အတွင်းရေးမှူး
သင်တန်းကြီးကြပ်ရေးကော်မတီ

မြကျွန်းသာ
မိုးကုတ်ရိပ်သာ (၇)ရက်တရားစခန်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုနန္ဒာလမ်း၊ ရတနာကျွန်းရိပ်သာ၊ မြကျွန်းသာမိုးကုတ်ရိပ်သာ (တရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးဌာန)၌ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏မူအရ သတ္တမအကြိမ်မြောက် မိုးကုတ်ဝိပဿနာအလုပ်သင် (၇)ရက်တရားစခန်း ဖွင့်လှစ်ပါမည်။ သတင်းစာတွင်ပါသည့်နေ့မှစ၍ ယောဂီများ ကြိုတင်စာရင်းပေးနိုင်ပါပြီ။

တရားစခန်းရက် - ၂၃-၆-၂၀၁၂ရက် (စနေနေ့)မှ ၂၉-၆-၂၀၁၂ရက် (သောကြာနေ့)အထိ

အကျိုးဆောင်အဖွဲ့
ဖုန်း-၀၁-၆၉၁၅၅၃

၂၀၁၂ခုနှစ် အဘိဓမ္မာသင်တန်းဖွင့်လှစ်မည်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရ မထေရ်မြတ်(အဂ္ဂမဟာပဏ္ဍိတ)၏ ဩဝါဒကိုခံယူလျက် ကျောင်းတိုက်အတွင်း၌ အဘိဓမ္မာရိုးရိုး(သင်္ဂြိုဟ်)သင်တန်းကို ၂-၆-၂၀၁၂ရက် (စနေနေ့) ၁၂း၃၀နာရီတွင် စတင်ဖွင့်လှစ်ပြီး အပတ်စဉ်(စနေ၊ တနင်္ဂနွေနေ့တိုင်း) ဓမ္မဒါနပို့ချမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ ဓမ္မမိတ်ဆွေများ တက်ရောက်ကြည်ညို ပူဇော်နိုင်ပါသည်။

ဖွင့်လှစ်မည့်နေ့ရက် - ၂-၆-၂၀၁၂ရက် (စနေနေ့)
- မွန်းလွဲ ၁၂း၃၀နာရီမှ ၂း၃၀နာရီထိ

နေရာ - မဟာသိမ်တော်ကြီး၊ ပရိယတ္တိစာသင်တိုက်၊ ပန်းဘဲတန်းမြို့နယ်

အဘိဓမ္မာသင်တန်းကြီးကြပ်ရေးအဖွဲ့
မဟာသိမ်တော်ကြီး၊ ပရိယတ္တိစာသင်တိုက်

အသိပေးအကြောင်းကြားအပ်ပါသည်

ဆီစက်လုပ်ငန်းရှင်များ အစုအဖွဲ့ကို ဖွဲ့စည်းပေးနိုင်ရန်အတွက် ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်အသီးသီးမှ ဆီစက်လုပ်ငန်းရှင်များသည် ၂၀၁၂ ခုနှစ်၊ ဇွန်လ ၃၀ရက် နောက်ဆုံးထား၍ ဆီစက်လုပ်ငန်းရှင်ဖြစ်ကြောင်း အထောက်အထားများနှင့်တကွ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ အမှတ်(ခ/၈၁-၈၂)၊ ကံ့ကော်လမ်းမကြီး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း
ဖုန်း-၆၈၃၅၉၃၊ ၅၂၈၅၈၁၊ ၅၂၈၅၈၄(Fax)
Email-meoda.2011@gmail.com

အမည်ပြောင်း ကလောမြို့နယ်၊ အောင်ပန်းမြို့၊ အထက(၅)၊ ပဉ္စမတန်းအောင်မှ မောင်အာကာစိုးအား မောင်ချမ်းမြေ့သူရိန်ဟုလည်းကောင်း၊ ပထမတန်းအောင်မှ မောင်ညီညီထွန်းအား မောင်နိုင်မိုးအောင်ဟု ပြောင်းလဲခေါ်ပါ ရန်။

တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ အလက(၂)၊ သတ္တမတန်း(ဂ)အောင်မှ ယော်ဖာတီနှင့် မသက်ထားဦးတို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ယော်ဖာတိ(ခ)မသက်ထားဦး

တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ အထက(၆)၊ မဋ္ဌမတန်း(ခ)အောင်မှ ယော်ဖာကိုက်နှင့် မောင်သူရဦးတို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ယော်ဖာကိုက်(ခ)မောင်သူရဦး



မွေးမြူရေးဇုန်လုပ်ငန်းရှင်များသို့ အသိပေးကြေညာခြင်း

နိုင်ငံတော်၏ သားငါးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ တပ်ကုန်းမြို့နယ်တွင် ကံကြီးဇုန်နှင့် ရွှေမြို့ဇုန်၊ လယ်ဝေးမြို့နယ်တွင် ပြောင်ခေါင်းကြီးဇုန်နှင့် မင်းပြင်ဇုန်၊ ရမည်းသင်းမြို့နယ်တွင် နဘူးကျင်းဇုန်၊ ထီးလိုင်ဇုန်နှင့် ရေညီးဇုန်များ ဖော်ထုတ်၍ မွေးမြူရေးလုပ်ငန်းရှင်များအား ၂၀၀၇ ခုနှစ်မှစတင်၍ နေရာချထားပေးခဲ့ပါသည်။ မွေးမြူရေးဇုန်များတွင် မွေးမြူရေးလုပ်ငန်းရှင်အချို့မှာ မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော်လည်း၊ အချို့မှာ လုံးဝဆောင်ရွက်မှုမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ ၃၁-၈-၂၀၁၂ ရက် နောက်ဆုံးထား၍ မွေးမြူရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုမရှိသည့် မြေကွက်များအား မူလစည်းကမ်းချက်တွင် ပါရှိသည့်အတိုင်း ပြန်လည်သိမ်းယူပြီး အမှန်တကယ်ဆောင်ရွက်မည့် မွေးမြူရေးလုပ်ငန်းရှင်များအား နေရာချထားပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန



ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄၊ မင်္ဂလာရပ်၊ မြေကွက် ဦးပိုင်အမှတ်(၈ᵉ)၊ ဧရိယာ(၀. ၀၂၀)ဧက၊ မြေကွက်တည်နေရာအမှတ်(၈ᵉ)၊ မင်္ဂလာရပ်၊ ပျဉ်းမနားမြို့ရှိ ဒေါ်ခင်နွဲ့ရီပါ-၄ အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘွားပိုင်မြေအား အမည်ဒေါ်ခင်နွဲ့ရီပါ-၄ (နိုင်ငံသားစိစစ်ရေးအမှတ်[၉/ပမန(နိုင်)၁၁၁၀၈၁] အဖအမည် ဦးစိန်ချွန်းပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး တရားရုံးတင်ပြရန်အတွက် မြေပုံနှင့်မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး(လုံးချင်း)၊ မြေ ကွက်အမှတ်(၈)၊ မြေကွက်တည်နေရာအမှတ်-၁၆၊ စိန်ပန်းလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် (ဒေါ်စန္ဒာဝင်း)[၁၂/ဗတထ(နိုင်)၀၀၉၁၀၇] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဒေါ်စန္ဒာဝင်းထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၅၆၇၇/၂၀၀၇ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဖြိုးမင်းဟန်[၁၂/တမန(နိုင်)၀၉၇၇၆၈] က ပါဝါပြန်လည်မရုပ်သိမ်းသေးကြောင်းနှင့် ပါဝါပေးသူသက်ရှိထင်ရှားရှိသေးကြောင်း ကျမ်းကျိန်လွှာအမှတ်-၈၄၄/၁၂/၅-၃-၁၂ကို တင်ပြ၍ အရောင်းအဝယ် စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သွေးသည် အသက်

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ် အမက(၇)တောင်ပိုင်းကျောင်း၊ စတုတ္ထတန်းမှ Kyaw Htoo (ခ) မောင်ကျော်ထူး၏ ဖခင်အမည်မှာ MADAYA(ခ) ဦးကျော်မြင့် ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ မြေကွက်အမှတ်(၇၆၉/က)၊ မြေကွက်တည်နေရာအမှတ် (၇၆၉/က)၊ လှိုင်သီတာ(၃)လမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (ဦးမြ)TGO-085979 အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဦးမြ(ဖခင်)ဒေါ်လှမြင့်(မိခင်)ကွယ်လွန်သဖြင့် ဒေါ်ချိုချိုမြင့်[၈/မဘန(နိုင်)၁၈၄၆၄၇]က တစ်ဦးတည်းသောသမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ နှစ်(၆၀)ဂရန် ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

တွေ့ရှိကြောင်းကြားပါရန်

ကိုသောင်းစိန်(၃၇)နှစ် [၆/သရခ(နိုင်)၀၃၂၂၂၈၆]သည် ၁၄-၄-၂၀၁၂ ရက်တွင် ကြည့်မြင်တိုင်၊ စလင်းကွင်း ဘူတာတစ်ဝိုက်တွင် ပျောက်သွားပါသဖြင့် တွေ့ရှိသူများ အကြောင်းကြားပေးပါရန်။ (ဝဲပါး အမာရွတ်ရှိ)

ဖုန်း-၀၁-၅၆၆၂၁၂၊ ၅၆၄၉၆၀

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ရတနာလမ်းသစ် အိမ်ရာ၊ သာကေတ အကျယ် ၁၂၁၇ စ/ပေ (၃)လွှာ လူနေရန်အသင့် ပြင်ဆင်ပြီး ရေ၊ မီး၊ အဲယားကွန်း အစုံ။ **(ရောင်းဈေး-၄၅၀)**

ဆက်သွယ်ရန်
ဖုန်း-၀၉-၅၀၇၈၅၈၉

ပျောက်ဆုံးကြောင်း

ကျွန်တော် မိုဟာမက်အီဗရာဟင် [၁၂/ပဇတ(နိုင်)၀၁၅၉၃၄] အမှတ်(၄၇)၊ (၅၄)လမ်း၊ (၂) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ် နေသူ၏ အမည်ပေါက် (ဖွဒ်ရိမ်းဂျား) ၉ခ/၆၈၈၃ ကိုယ်ပိုင်နံပါတ်နက်၏ အုံနာဘုတ်/ အခွန်စိမ်း/ ပရီမီယံစာအုပ်များသည် ဖိုင်အတွဲလိုက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၄၂၀၀၁၀၆၃၈၊ ၀၉၄၂၀၀၂၁၀၈၀

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး
ဦးအေးမောင် အသက် (၉၀)
(ရွှေတောင်မြို့)

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ ညောင်ဝိုင်းရပ်နေ (ဦးကျော်ဒွန်း-ဒေါ်ကျော့မြိုင်)တို့၏သား၊ ရွှေတောင်မြို့ အမှတ်(၅၃)၊ ကြာနီကန်လမ်းနေ ဒေါ်အေးသိန်း၏ခင်ပွန်း၊ ဦးတေဇနီ၏ခမည်းတော်၊ (Captain ကျော်ငွေးဦး)-ဒေါ်မိမိခိုင်၊ ဒေါ်ငွေးငွေးဝင်း(ဌာနခွဲမှူး၊ ဘဏ္ဍာရေးဌာန၊ အမှတ်-၁ အထည်စက်ရုံ၊ ရွှေတောင်မြို့)၊ ဒေါ်ဆွေဆွေဝင်း(ဒု-ဦးစီး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကွမ်းခြံကုန်း)၊ ရန်ကုန်မြို့ ယုဇနဥယျာဉ်မြို့တော်နေ ဦးတင်မောင်ဆွေ-ဒေါ်နီနီအေး(အောင်လံတော်မုန့်မျိုးစုံဆိုင်)၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်းကြင်းမြိုင်အိမ်ရာနေ ဦးဇော်မင်းအေး-ဒေါ်လဲ့လဲ့မူ၊ ဦးကျော်ကျော်နိုင် (တောအုပ်၊ သစ်တောဦးစီးဌာန၊ မြောင်းမြ)-ဒေါ်အေးအေးစိုး၊ ဒေါက်တာဖြိုးခနကျော်(Business Head, Mega Lifesciences Ltd.)- ဒေါ်မေသူရတို့၏ မွေးသဖခင်၊ မောင်ကျော်ထက်၊ မမေဦး၊ မမေထက်၊ မောင်အာကာချမ်းမြေ့ [Grade-9 (A)]၊ မစိုးရတနာ [Grade-8 (C)]၊ မောင်မင်းတေဇမောင်[Grade-1 (D)]၊ (အထက-၂၊ကမာရွတ်)၊ မနှင်းအိရွှေရည် (Grade-7)၊ မလှရှုပါအောင် (Grade-2)၊ (အထက-၁၊ ဒဂုံဆိပ်ကမ်း)၊ မအေးသူရဖြိုး (Grade-6 (F)၊ မောင်ဟိန်းထက်သူရဖြိုး[Grade-4 (L) TTC]တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂၈-၅-၂၀၁၂ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၂ ရက် မွန်းလွဲ ၂နာရီတွင် ရွှေတောင်မြို့ ကြီးကြာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးဝင်းနိုင် (၅၁)နှစ်
ရွှေမိုးဆောက်လုပ်ရေး

အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ အမှတ်(၂၇)၊ ဝိသာခါလမ်းနေ ဒေါ်တင်မမ၏ခင်ပွန်း ဦးဝင်းနိုင်သည် ၂၅-၅-၂၀၁၂ (သောကြာနေ့) နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုများနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးစိုးအောင်-ဒေါ်ငွေငွေရီမိသားစု
လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)
ဆည်မြောင်းဦးစီးဌာန၊ ညောင်ရွှေမြို့

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ချိုထွေး၏ခင်ပွန်း ဦးညီလွင် အသက်(၅၂)နှစ်သည် ၂၂-၅-၂၀၁၂ ရက်တွင် အမေရိကန်နိုင်ငံ SANJOSE မြို့၌ ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဆရာမဒေါ်အေးရီ၊ ဆရာမဒေါ်စန္ဒာစိုးသန်း
အထက(၁)၊ကလောမြို့

ဖခင်အမည်မှန်

လွိုင်ကော်မြို့၊ အထက(၁)၊ နဝမတန်းမှ မနော်ချိုချို၏ ဖခင်အမည်မှန်မှာ ဦးစောဆယ်ဖောဖြစ်ပါကြောင်း။ **ဦးစောဆယ်ဖော**

အမည်ဖြည့်စွက်ခေါ်ပါရန်

ကျွန်တော် မောင်ရဲအောင်အား မောင်ရီဖူ(ခ) ရဲအောင်ဟူ၍ ဖြည့်စွက် ခေါ်ပေးပါရန်။

မောင်ရီဖူ(ခ)ရဲအောင်

ရောင်းမည်

Toyota Mark X. 2.5 (ယာယီ) G.4 ပုလဲဖြူ ညှိနိုင်းဈေး **(ပွဲစားမလို)**

ဖုန်း-၀၁ ၈၆၀၃၁၃၂

ငှားမည်

25'x40'မြေညီ၊ ဖုန်း၊ကမ်းနားလမ်းမပေါ်၊သီရိမင်္ဂလာဈေးဟောင်းအနီး။ **ဖုန်း - ၀၉-၅၁၂၈၄၄၇၊ ၀၉-၇၃၂၀၄၄၂၃**



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၀(က+ခ)၊ မြေကွက်အမှတ် ၉၀၀၊ မြေကွက်တည်နေရာ အမှတ်-၄၆၊ မာလာမြိုင်(၁)လမ်း၊ ၁၆ရပ်ကွက်၊ (ဦးမောင်မောင်) အမည်ပေါက် နှစ် (၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးမောင်မောင် ကွယ်လွန်သဖြင့် ဒေါ်အေးမေ[၁၂/လမန(နိုင်)၀၁၀၄၅၈]က တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်ဒေါ်အေးမေထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၈၀၈၁/၂၀၁၂ (၂-၅-၂၀၁၂)ဖြင့်ရသူ ဒေါ်နှင်းအိခိုင်မှ မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဦးလူမော်(ပခုက္ကူ) (၉၁) နှစ်
ဦးစီးအရာရှိ(တ)ဆောက်လုပ်ရေးကော်ပိုရေးရှင်း(ငြိမ်း)

ပခုက္ကူမြို့၊ ရွှေကူရွာသစ်ရပ် (ဦးထွန်းညှာ-ဒေါ်မမလေး)တို့၏ တစ်ဦးတည်းသောသား၊ ဝန်ထောက်ကြီး(ဦးစံချိန်-ဒေါ်မြမြ)တို့၏ သားသမက်၊ မုံရွာမြို့ သစ်တောလမ်း၊ ရုံးကြီးရပ်ကွက်၊ (စိုပြေရိပ်မွန်)နေ ဒေါ်လှလှ၏ခင်ပွန်း (ဦးသိန်းဦးမော်) (တိ/ကုဆရာဝန်၊ စဉ့်ကိုင်)-ဒေါ်ဝင်းရီ၊ ဒေါက်တာ ဝင်းမော်-ဒေါ်ခင်နှင်းမွန်(စိုပြေဆေးရုံ၊ မုံရွာ)၊ ဒေါက်တာမိုးအောင်မော်-ဒေါ်ခင်မြဆွေ (ခေတ္တ-South Africa)၊ ဦးမေအောင်မော်(M.E Mining Australia)-ဒေါက်တာနွယ်နွယ်စိမ်း၊ ဒေါ်ညိမ်းညိမ်းမော် (လ/ထ ညွှန်ကြားရေးမှူး ဗဟိုစာရင်းအင်းအဖွဲ့)၊ (ဦးထွေးမောင်မောင်မော်)-ဒေါ်ခိုင်ခိုင်သန်း(အထက ၁၊ ရွှေဘို)တို့၏ ဖခင်၊ မြေး(၁၄)ယောက်၊ မြစ်ရှစ်ယောက်တို့၏ ဘိုးဘိုးကြီး သည် ၂၉-၅-၂၀၁၂(အင်္ဂါနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၂ (ကြာသပတေးနေ့) ညနေ ၄း၃၀နာရီတွင် မုံရွာမြို့ဆားကျင်းသုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဗုဒ္ဓါနုဿတိ

အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုနှင့် အသိဉာဏ် ပညာတို့ကို မြတ်နိုးတန်ဖိုးထားလျက်

ရောင်စဉ်ဖြာ ပညာဥဒါန **မဂ္ဂဇင်း**

အသိမှန်၊ ကျင့်စဉ်မှန် မြတ်ဗုဒ္ဓ ဤရတနာစစ်စစ် တရားတော်များကို ရောင်စဉ်ဖြာတွင် အားပါးတရ ဖတ်ရှုလေ့လာနိုင်ပါပြီ။

ဖြန့်ချိရေး - မိခင်ဧရာဝတီစာအုပ်တိုက်၊ တိုက်၄/၄၀၂၊ ၁၀၁၊ ကျိုတော်အိမ်ရာ ဖုန်း ၀၁-၇၀၁၄၃၁၊ ၀၉-၅၀၁၅၆၁၃

(၁)နှစ်ပြည့်အလွမ်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး
ဒေါ်မေသဇင် (ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း) (ထောက်ကြန့်မြို့)

၁-၆-၂၀၁၂ ရက်တွင် အစ်မ ပျောက်ကွယ်သွားသည်မှာ တစ်နှစ်ပြည့်ခဲ့ပါပြီ။ သို့ပါသော်လည်း ဤနေ့ဟာ မေ့မရသောနေ့ပါ။ ကြီးမားသော မေတ္တာတရားတွေထားခဲ့သော်လည်း ရုပ်၊ နာမ် ဓမ္မ၊ သင်္ခါရ၏ မမြဲသော ဖောက်ပြန်မှုများကို မလွန်ဆန်နိုင်ဘဲ မရဏတရားနောက်သို့ လိုက်သွားရရှာသော ကျေးဇူးရှင် အစ်မအတွက် ညီမ၏ လစဉ်ပြုသမျှ ကုသိုလ်အစုစုနှင့် ၁၉-၅-၂၀၁၂ရက်တွင် မဟာသစ္စကာရီကျောင်းတိုက်ထောက်ကြန့်မြို့တွင် ကရုဏာကျောင်းဆောင် ဆောက်လုပ်လှူဒါန်းပြီး၊ သိက္ခာထပ်၊ ရဟန်းခံ ရှင်ပြု အစရှိသော ကုသိုလ်ကောင်းမှုအစုစုတို့ကို အစ်မ ရောက်ရာ ဘုံဘဝမှ အမျှရ၍ သာဓုခေါ်ဆိုနိုင်ပါစေ။

အစ်မရေ အမျှ-- အမျှ-- အမျှ
ညီမ-ဒေါ်အေးမြင့် (အထက-၃၊ မင်္ဂလာဒုံ)

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာငွေအောင်ဝင်း
အသက်(၆၀)
ဒုတိယပါမောက္ခချုပ်၊ မိတ္ထီလာတက္ကသိုလ်

မိတ္ထီလာတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာငွေအောင်ဝင်း အသက်(၆၀)သည် ၁၇-၅-၂၀၁၂(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မကွေးတက္ကသိုလ်မိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာသာထွန်းအောင်
အသက်(၅၈)နှစ်
တာဝန်ခံပါမောက္ခချုပ်၊ ကျိုင်းတုံတက္ကသိုလ်

ကျိုင်းတုံတက္ကသိုလ်၊ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာသာထွန်းအောင် (၅၈)နှစ်သည် ၁၈-၅-၂၀၁၂(သောကြာနေ့)တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မကွေးတက္ကသိုလ်မိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်မောင်ဦး
တံတားအထူးအဖွဲ့(၁၀)
အသက်(၄၇)နှစ်

၂၅-၅-၂၀၁၂ (သောကြာနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တံတားအထူးအဖွဲ့ (၁၀)မိသားစု
ကျောက်တော်မြို့

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ်(၁၄၉၄)၊ မူလအမည်ပေါက် ဦးမောင်ဖြူ မှတ်ပုံတင်အမှတ်(NBN-၁၆၆၄၈၂)မှ မြေချပါမစ်(မူရင်း) ပျောက်ဆုံးသွားပါသဖြင့် မြေချပါမစ်(မိတ္တူမှန်)ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထား(မူရင်း)များတင်ပြ၍ သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းရုံး၊ မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် (မူရင်း)အား ဖျက်သိမ်းပြီး မြေချပါမစ်(မိတ္တူမှန်)ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန



ဝမ်းနည်းကြေကွဲခြင်း

ဦးထင်အောင်(စွမ်းအင်စီမံရေးဦးစီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်ချိုချိုဝင်း တို့၏မိခင် ဒေါ်ကြင်ခ(ခ)ဒေါ်ကြင်ခိုင် အသက်(၈၁)နှစ်သည် ၃၀-၅-၂၀၁၂(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကျော်သူ-ဒေါ်လဲ့လဲ့ကြည်
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ဝမ်းနည်းကြေကွဲခြင်း
ဦးခင်မောင်ညို
အသက်(၆၃)နှစ်

အထက ပြဆရာ(ငြိမ်း)

မညိုဝင်းလဲ့ (မန်နေဂျာ၊ ကျိုက်ထိုဟိုတယ်)၏ ဖခင် ဦးခင်မောင်ညိုသည် ၂၆-၅-၂၀၁၂(စနေနေ့)တွင် ကွယ်လွန်သွားခဲ့ခြင်းအတွက် မိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးတင်မောင်ဦး-ဒေါ်ကြည်ကြည်ဝင်းနှင့်
ကျိုက်ထိုဟိုတယ်မိသားစု

ဒေါ်လှိုင်လှိုင်ဝင်း (၅၇)နှစ်

သန်လျင်မြို့၊ သိမ်ကျောင်းလမ်း၊ အမှတ်(၁၁)နေ (ဦးတင်ဝင်း-ဒေါ်လှကြည်) တို့၏ သမီး၊ (ဦးဝင်းအောင်)-ဒေါ်တင်တင်အောင်တို့၏ သမီးချွေးမ၊ ဦးမြသိန်း၏ ချစ်လှစွာသောဇနီး၊ မမြဖြိုးဇာလှိုင်၏ မွေးသမိခင်ကျေးဇူးရှင်၊ ဦးဖေထွန်းအောင်-ဒေါ်စန်းစန်းမော်၊ (ဦးဇော်အောင်ဝင်း)-ဒေါ်ရီရီဝင်း၊ ဒေါ်ညွန့်ညွန့်ဝင်းတို့၏ ညီမ၊ ဦးတင်မြင့်-ဒေါ်သီဂီအောင်၊ ဦးကိုကိုနိုင်၊ ဒေါ်မြတ်လေးဦး၊ ဒေါ်နွဲ့နွဲ့ဝင်း၊ (ဦးခင်မောင်သိန်း)-ဒေါ်စန်းစန်းဝင်း၊ ဦးထွန်းလင်းဦး-ဒေါ်ဥမ္မာတင်ဝင်း၊ ဒေါ်မာလာတင်ဝင်းတို့၏ အစ်မ၊ တူ၊ တူမ ခုနစ်ယောက်တို့၏ အဒေါ် ဒေါ်လှိုင်လှိုင်ဝင်းသည် ၃၀-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် သန်လျင်မြို့၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ အမှတ်(၉၈)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၂(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဆွေထွန်း (၄၇)နှစ်

(ဖျာပုံခရိုင်ဆေးရုံကြီး)

ဒုတိယရဲမှူးကြီးအောင်နိုင်(ငြိမ်း)၊ ဒေါ်ခင်မာကြည်(မွန်ပြည်နယ် ဥပဒေအရာရှိ)တို့၏မောင်သည် ၃၁-၅-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မွန်ပြည်နယ်ဥပဒေချုပ်နှင့်
မွန်ပြည်နယ်အတွင်းရှိ ဥပဒေအရာရှိများ၊ ရုံးဝန်ထမ်းများ

ဦးထင်ကျော်(ခ)ဦးထွန်းဝင်း(ထားဝယ်)
အသက်(၄၆)နှစ်

ဌာနခွဲမှူး၊ ဌာနခွဲ-၆၊ မထသ(ရန်ကုန်တိုင်းဒေသကြီး)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ တိုက်(၁၃)၊ အခန်း(၂၀၁)နေ ဦးတင်မောင်-(ဒေါ်စိန်ပို)တို့၏သား၊ ဦးစောချိန်ဝိုင်း(ခ)ဦးအောရေ-(ဒေါ်ကျင်စိန်)တို့၏သားသမက်၊ ဒေါ်အေးအေးမြင့် (ထားဝယ် အသင်းအမှုဆောင်)၏မောင်၊ ဒေါ်ခင်သန်းဆင့်၏ခင်ပွန်း၊ မောင်ဝင်းကိုကို-မသီတာထင်ကျော်၊ မောင်အာကာထင်ကျော်၊ မောင်ရာဇာထင်ကျော်၊ မောင်သူရိန်ထင်ကျော်တို့၏ မွေးသဖခင်ကျေးဇူးရှင် ဦးထင်ကျော်သည် ၃၁-၅-၂၀၁၂ (ကြာသပတေးနေ့) ညနေ ၄း၀၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၆-၂၀၁၂(ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး ဦးမောင်မောင်(ခ) တော်ကော့ကျောင်း
အသက်(၈၂)နှစ်

ပြည်ကျော်ပလတ်စတစ်၊ မန္တလေး

မန္တလေးမြို့၊ (၈၄)လမ်းနေ (ဦးဘန်ကိန်း-ဒေါ်ရှုလိုင်)တို့၏သားကြီး၊ ရန်ကုန်မြို့နေ (ဦးကောပု-ဒေါ်အုန်းတင်)တို့၏ သားသမက်၊ (ဦးအေး)-ဒေါ်မြင့်မြင့်သန်း၊ ဦးစိန်ဝင်း-ဒေါ်ဝင်းယုသန်း၊ ဒေါ်လှလှအေးတို့၏အစ်ကိုကြီး၊ ဒေါက်တာထွန်းလင်း-မငွေးမူ၊ ကိုထွေးမြင့်-မအေးအေးမြင့်၊ မဝင်းဝင်းမြင့်၊ Mr.EDWIN LINARES-မဇင်ဝင်းပိုက်တို့၏ ကျေးဇူးရှင်ဖခင်၊ ဒေါက်တာအိခြယ်ဖွန်လင်း၊ မောင်ဥက္ကာစည်လင်း(3rd M.B.,B.S)၊ ANDREW LIM၊ BRYANLIM တို့၏ အဘိုး၊ မန္တလေးမြို့၊ (၂၉)လမ်း၊ ဝါးတန်းရပ်နေ ဒေါ်ငွေငွေမြင့်၏ ချစ်လှစွာသောခင်ပွန်း ဦးမောင်မောင်(ခ) တော်ကော့ကျောင်းသည် ၃၀-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၂ (သောကြာနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်မှ ကြာနီကန်ဖူးကျင့်နိဗ္ဗာန်ကုန်းသို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေသင်္ဂဟ အပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး ဦးစိန်အေး(ကွမ်းခြံကုန်း)
အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ ညောင်ငူကျေးရွာနေ (ဦးထွန်းညွန့်-ဒေါ်အုန်းမြိုင်)တို့၏သား၊ (ဦးဖိုးရုံ-ဒေါ်လှတင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၉)လမ်း၊ အမှတ်(၂၂၆/၂၂၇)နေ ဦးလှဦး-ဒေါ်အေးအေးမြင့်၊ ဒေါ်လှလှအေး (အမက-၉၊ မှူလွန်၊ လှိုင်)တို့၏ ကျေးဇူးရှင် ဖခင်၊ ဒေါ်ထွေး၏ခင်ပွန်း၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၃၁-၅-၂၀၁၂ (ကြာသပတေးနေ့) နံနက် ၁၀း၄၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ (စနေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

မဆုစန္ဒီအောင် (၁၆)နှစ်

အထက(၂)လသာ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊(၇)လမ်း၊အမှတ်(၇၆)၊ တတိယထပ်နှင့် ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂)ရပ်ကွက်၊ (၁၂၄)၊ မြေညီထပ်၊ (၁၈)လမ်းနေ (ဦးမျိုးအောင်)-ဒေါ်ရှုရင်(ခ) ဒေါ်စန်းရီတို့၏ သမီး၊ ဒေါက်တာသန်းထွန်းဦး(သွားဆရာဝန်)၊ မောင်အောင်မင်းလွင်တို့၏ညီမ မဆုစန္ဒီအောင်သည် ၃၀-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။(အထက်ပါ ၁၈-လမ်းနေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

အသုဘ

ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး ဒေါ်စွမ်တီ(ခ)ဒေါ်မြသီ
အသက်(၁၀၀)

တောင်ငူမြို့နယ်၊ ကျွန်းကုန်းနေ ဦးစိုးမြင့်-ဒေါ်ကြင်နီ၊ ဦးယိုမောင်၊ ဦးစိုးတင့်-ဒေါ်ခင်ခင်ဝင်း၊ (ဦးရဲမြင့်)-ဒေါ်ငွေငွေ၊ ဒေါ်ကြင်စိုး၊ ဦးမျိုးဆွေ-ဒေါ်တင်စိုးတို့၏ မိခင်ကြီး၊ မြေး ၂၂ယောက်၊ မြစ် ၁၃ယောက်တို့၏ ဘွားဘွားကြီးသည် ၃၀-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၂ (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား သိစေအပ်ပါသည်။ [အမှတ် (၂/၁၈၇)၊ (၂၈)အထက်လမ်း၊ ပန်းဘဲတန်းမြို့နယ် နေအိမ်မှ ကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ထွေး(ဝါးခယ်မ)
အသက်(၉၂)နှစ်

ဝါးခယ်မမြို့နေ (ဦးဘိုးမှုံ-ဒေါ်ချစ်)တို့၏ သမီး၊ (ဦးဘိုတင်-ဒေါ်သန်းစိန်)၊ (ဦးဘကြည်)၊ (ဦးဘလှ-ဒေါ်ရင်မြင့်)တို့၏ညီမ၊ ဦးခင်အေး-ဒေါ်ခင်မေကြည် (နတ်တလင်းမြို့)၊ ဒေါ်ခင်မေရီ၊ ဦးငွေအောင်-ဒေါ်တင်တင်အောင်(ဝါးခယ်မ)၊ ဒေါ်ကြူကြူတင်၊ ဒေါ်တင်တင်လှ၊ ဦးမောင်မြင့်-ဒေါ်ယဉ်ယဉ်လှ၊ ဦးဝင်းအေးလှ-ဒေါ်တင်တင်နိုင်၊ (ဦးခင်မောင်လှ)-ဒေါ်လှရီ၊ (ဦးစိန်ဇမာန်)-ဒေါ်ခင်နှင်းဆီ၊ ဦးမြင့်အေးလှတို့၏ အဒေါ်၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွား ဒေါ်ထွေးသည် ၃၁-၅-၂၀၁၂ (ကြာသပတေးနေ့) နံနက် ၃ နာရီတွင် အမှတ်(၁၀၉)၊ မြေညီထပ်၊ ကျောက်မြောင်းလမ်း၊ တာမွေမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

မစန်းစန်းချို (၄၃)နှစ်

မော်လမြိုင်မြို့နေ ဦးဘသောင်း-ဒေါ်ရီတို့၏ သမီးကြီး၊ တန့်ဆည်မြို့နယ်၊ ပုတီးရွာနေ ဦးကံလှိုင်-ဒေါ်သိန်းတို့၏ သမီးချွေးမ၊ ဗိုလ်ကြီးကျော်ခိုင်၏ ဇနီး၊ ဦးကျော်စိုးနိုင်(ဖိုကုန်းရဲစခန်းမှူး)-ဒေါ်ခင်မျိုးသွင်တို့၏ ညီမ၊ ဦးစိုးပိုင်(ဦးစီးအရာရှိ)-ဒေါ်ရီရီချို(အလပြ)၊ ဦးခင်မောင်ထွေး-ဒေါ်ဝါဝါစိုး၊ ဦးမြင့်ထွန်း(ဦးစီးမှူး)-ဒေါ်ခင်မျိုးအေး(လ/ထဦးစီးမှူး)၊ ဦးဝင်းကိုထွေး-ဒေါ်ပန်းအိဖြူတို့၏ အစ်မသည် ၃၀-၅-၂၀၁၂ရက် နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၂ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

မခင်သန်းဝေ(မာန်အောင်)
အသက်(၄၁)နှစ်

(အထက်တန်းသူနာပြုဆရာမ)
(ရွှေလမင်းဆေးရုံ)

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ အနောက်စုရပ်ကွက်၊ ကွက်သစ် ဓာတ်တော်ဘုရားလမ်းနေ (ဦးငနက်ကျော်-ဒေါ်မမညို)တို့၏ မြေး၊ ဦးမောင်သန်း-ဒေါ်ဝေသူတို့၏သမီးကြီး၊ မောင်သန်းဝေ၊ မောင်စိန်နု-ခင်မြင့်ဝေ၊ နေမင်းဝေ(ခ)အံ့ကျော်တို့၏ အစ်မကြီး၊ နေလင်းအောင်၊ မင်းသန့်အောင်တို့၏ ကြီးကြီး မခင်သန်းဝေသည် ၂၉-၅-၂၀၁၂ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ယုဇန(၂)လမ်း၊ အမှတ်(၁၉၇) နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

မောင်လမင်းထွန်း (၃၄)နှစ်

လသာမြို့နယ်၊ (၂)ရပ်ကွက်၊ စဉ့်အိုးတန်းလမ်း၊ အမှတ်(၉၁)၊ ငါးလွှာနေ ဦးလှဖေ(ဥက္ကဋ္ဌ၊ မြို့နယ်သာသနာ့နုဂ္ဂဟအသင်း)-ဒေါ်တင်တင်ငွေတို့၏ သားငယ်၊ မခင်စန်း(ခ)ဖိန်ဖိန်း၏တူ၊ မောင်နေမင်းထွန်း-မဇင်ဥမ္မာမြင့်တို့၏ ညီငယ်သည် ၃၀-၅-၂၀၁၂ရက် ည ၁၀း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၂ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးထွန်းရင်(လူထုမေတ္တာစတိုး) (၈၆)နှစ်

တန့်ဆည်မြို့နယ်အသင်း၊ ဂုဏ်ထူးဆောင်နာယက

စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နေ (ဦးသာဒွန်း-ဒေါ်ဖွားယုံ)တို့၏သား၊ (ဦးဘအေး-ဒေါ်သန်းခင်)တို့၏ သားသမက်၊ ဒေါ်မမကြည်၏ ခင်ပွန်း၊ အမှတ်(၅၈၅)၊ ပြည်လမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ ဒေါ်မြင့်သီတာ (ဌာနမှူး၊ သတ္တဗေဒဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)၊ ဦးကျော်မင်း(**K,** လူထုမေတ္တာစတိုး)-ဒေါ်ခင်ဝါဝါမြင့်(မြဝတီရုပ်မြင်သံကြားသတင်းဌာန)၊ ဦးထွန်းဝင်း(လူထုမေတ္တာ မြန်မာဆေးမျိုးစုံ၊ လမ်းမတော်)တို့၏ဖခင်၊ (ဦးထွန်းရှင်)-ဒေါ်တင်ဥ(ကြယ်ပျံဆေးတိုက်)၊ (ဦးထွန်းမှင်)၊ [ဒေါ်လှစော(ဇော်ပျံဆေးတိုက်)]၊ ဦးသာလွင်-ဒေါ်အေးချို (ရွှေညာသားဆေးဆိုင်)တို့၏ အစ်ကို၊ မမေမြတ်နိုးမင်း(Grade -IX A၊ အထက-၂၊ လသာ)၊ မအေးရတနာမင်း(Grade-V A ၊ အထက-၂၊ လသာ)တို့၏အဘိုး ဦးထွန်းရင်သည် ၃၁-၅-၂၀၁၂ရက် နံနက် ၁၁း၄၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကျော်ညွန့် (၅၂)နှစ်

(ပါရမီတက္ကစီ)

